# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၄ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၅)


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ


စာမျက်နှာ - ၃


# The Global Fund အဖွဲ့အစည်းမှ ပေးအပ်သောရန်ပုံငွေများနှင့် အစီအစဉ်များကိုစွဲဆွေးနွေး

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသည့် The Global Fund အဖွဲ့အစည်းမှ ပေးအပ်သောရန်ပုံငွေများနှင့် အစီအစဉ်များကိစ္စ၊ The Global Fund နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်ကိစ္စ၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားခြင်းဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုရန်ကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr. Mark Dybul တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# ရန်ကုန်ဓာတ်ပုံပွဲတော် ဓာတ်ပုံပေါင်း ၁၇၀ ကျော် ပြသမည်



**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မတ် ၃**

ဓာတ်ပုံချစ်သူများနှင့် ဓာတ်ပုံပညာလေ့လာလိုက်စားသူများအတွက် မြန်မာတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို သတိပြုလာနိုင်စေရန် (၉)ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ကို မဟာဗန္ဓုလပန်းခြံ၌ မတ် ၄ ရက်မှ ၁၉ ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဓာတ်ပုံပွဲတော်ကို ၂၀၀၈ ခုနှစ်ကတည်းက ကျင်းပလာခဲ့တာဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ပြင်သစ်


စာမျက်နှာ ၁၁ ကော်လံ ၁ ❄


## ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ အဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် ကိုးချက်သဘောတူ


စာမျက်နှာ - ၄


## သက်တမ်းလွန် ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချပါက ယခုလမှစပြီး အရေးယူတော့မည်


စာမျက်နှာ - ၁၁





**မြန်မာ့အလင်း**

# ဖွံ့ဖြိုးတိုးတက်ရမည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ၁/၂၀၁၇ အစည်းအဝေးကို မတ်လ ၁ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တာဝန်ယူဆောင်ရွက်သကဲ့သို့ တွဲဖက်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူဆောင်ရွက်ခြင်းသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လူထုအစိုးရသစ်၏ အာရုံစိုက်အလေးထားမှုကို ဖော်ပြနေပါသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်က "အက်စ်အမ်အီး (အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) လုပ်ငန်းများသည် အလွန်များပြားလှပြီး ကျယ်ပြန့်ခြင်းကြောင့် စနစ်တကျအာရုံစိုက်၍ ဘက်ပေါင်းစုံ ပံ့ပိုးဆောင်ရွက်သင့်သည်" ဟု ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်၏ လိုအပ်ချက်ကို အလေးအနက်ထားမီးမောင်းထိုးပြသခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဈေးကွက်စီးပွားရေးစနစ်အတွင်းမှာ ကျွန်မတို့ အက်စ်အမ်အီးလုပ်ငန်းတွေ အောင်မြင်အောင် အစိုးရက ဘယ်လိုပံ့ပိုးမလဲဆိုတာကို ဗဟိုကော်မတီအနေနဲ့ ဦးဆောင်ပြီး လုပ်ရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် လုပ်ငန်းလမ်းညွှန်ကို ချပြခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ရေရှည်အက်စ်အမ်အီးတွေ အောင်မြင်ဖို့ဆိုရင် ကမ္ဘာ့ရေစီးကြောင်းကို ကြည့်ရုံတင်မကပါဘူး၊ ကမ္ဘာ့ရေစီးကြောင်းအပေါ် ကျွန်မတို့ သြဇာလွှမ်းမိုးဖို့လိုပါလိမ့်မယ်။ ကျွန်မတို့မှာ တီထွင်ဉာဏ်ရှိရပါမယ်။ တီထွင်ဉာဏ်ကို အကောင်အထည်ဖော်နိုင်ရမယ်" ဟု ပြောကြားခဲ့ခြင်းအပေါ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအနေဖြင့် အလေးအနက်ထား သုံးသပ်သင့်သည်ဟု ယူဆပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ တိုင်းပြည်၏ ပကတိအခြေအနေအပေါ်မူတည်၍ ဦးစားပေးအကောင်အထည်ဖော်ရမည့် စီးပွားရေးလုပ်ငန်းများကို ရွေးချယ်ရမည်ဖြစ်သကဲ့သို့ ထိုကဲ့သို့ ရွေးချယ်ရာ၌ ခေတ်သစ်ပိုးလမ်းမစီမံကိန်းနှင့် အာဆီယံ စီးပွားရေးရပ်ဝန်း (AEC)တို့ကဲ့သို့သော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတို့၏ အနေအထားနှင့် အလားအလာတို့ကိုပါ ထည့်သွင်းတွက်ချက် စဉ်းစားရမည်ဖြစ်ပါသည်။ အဆိုပါ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတို့၏ အနေအထားနှင့် အလားအလာတို့အပေါ် မူတည်၍ မြန်မာနိုင်ငံ၏ အားသာချက်များကို အသုံးချနိုင်စွမ်းရှိသော တီထွင်ဉာဏ်တို့ကို မဖြစ်မနေ ဖော်ထုတ်အသုံးချရမည်ဖြစ်ပါသည်။ သို့မှသာ မြန်မာ့စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့စီးပွားရေးလမ်းကြောင်းများက ဖန်တီးပေးအပ်လာသော အခွင့်အလမ်းတို့ကို အပြည့်အဝ အသုံးချနိုင်မည်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက နိုင်ငံတော်စီးပွားရေး၏ ကျောရိုးဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ လမ်းညွှန်သကဲ့သို့ အားကြိုးမာန်တက် ဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# (၁၂) ကြိမ်မြောက် တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် စတင်ကျင်းပ




(၁၂) ကြိမ်မြောက် တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် ကျင်းပစဉ် ဓာတ်ပုံ(ဆင်ဟွာ)

**ပေကျင်း မတ် ၃**

တရုတ်အမျိုးသား နိုင်ငံရေးအကြံပေးကွန်ဖရင့် (The Chinese People's Political Consulative Conference-CPPCC)၏ (၁၂) ကြိမ်မြောက် အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Great Hall of the People ခန်းမဆောင်၌ စတင်ကျင်းပသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်အပါအဝင် ပါတီ ထိပ်တန်းခေါင်းဆောင်များနှင့် ပြည်သူ့ကိုယ်စားလှယ် ၃၀၀၀ ကျော် တက်ရောက်ကြသည်။ ယနေ့အစည်းအဝေးကို မတ် ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ကျင်းပသည့် အစည်းအဝေးတွင် နိုင်ငံရေးအကြံပေးအဖွဲ့ဝင်များက ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကို တင်သွင်းကြမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်၌ တရုတ်နိုင်ငံ၏ အာကာသနည်းပညာကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် အဓိကထားတင်ပြထားကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့ဝန်ဆောင်မှု၊ ပညာရေးနှင့် ယဉ်ကျေးမှု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ ဘဏ္ဍာရေး၊ နည်းပညာ၊ ဆေးပညာနှင့် ကျန်းမာရေး၊ မူဝါဒနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဟောင်ကောင်၊ မကာအို စသည့် တရုတ်ပြည်ပဆိုင်ရာကိစ္စရပ်များကို အဓိကထား၍ ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းလည်း သိရသည်။

တရုတ်အမျိုးသား နိုင်ငံရေးအကြံပေး ကွန်ဖရင့်အစည်းအဝေး (CPPCC) ကို ၁၉၄၉ ခုနှစ်မှစတင်၍ ငါးနှစ်တစ်ကြိမ် ကျင်းပခဲ့ပြီး ယခုနှစ်သည် (၁၂) ကြိမ်မြောက်ဖြစ်သည်။ CPPCC ၏ ပထမအကြိမ်ညီလာခံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်အဖြစ် ပေကျင်းမြို့အား သတ်မှတ်ခြင်း၊ နိုင်ငံတော်အလံ သတ်မှတ်ခြင်းနှင့် အမျိုးသားသီချင်း သတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရိန်ဦး(သတင်းစဉ်)**

# စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဘာသာပြန်ပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၃**

စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တိစေတနာ့ဝန်ထမ်းအဖွဲ့)တို့ပူးပေါင်း၍ လူငယ်များဘာသာပြန်စွမ်းရည် ဖွံ့ဖြိုးစေရန် ဒုတိယအကြိမ်ဘာသာပြန်ပြိုင်ပွဲ ဆုရသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ မသြမြတ်မေကို (ကလောင်အမည်-သြမြတ်မေကို)က ပထမဆု၊ မသက်လယ်(ကလောင်အမည်- သက်လယ်)က ဒုတိယဆု၊ မဆွေဇင်မိုး(ကလောင်အမည်- မဆွေဇင်မိုး)က တတိယဆု၊ မမေသက်နွယ်ဦး (ကလောင်အမည် -မေသက်ဆေးဝါး)နှင့် မခြူးမျက်သွယ်(ကလောင်အမည်- ခြူး)တို့က အထူးဆုများရရှိကြောင်း သိရသည်။

ဆုရရှိသူများသည် စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်းနံပါတ် ၀၁-၃၀၁၄၉ နှင့် ဘာသာပြန်ဌာနစု ဖုန်းနံပါတ် ၀၁-၂၄၉၂၃၀ သို့ ဆက်သွယ်ကြရန်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် စာပေဗိမာန်ခန်းမ အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၃-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ · ၆၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၉ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၀၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် မတ် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို စာမျက်နှာ ၈ တွင် သီးခြားဖော်ပြထားပါသည်)။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်တော်မူလျက် ရှိချိန်တွင် တစ်ဖက်မှလည်း သာသနာတော် ကွယ်ပျောက်ပျက်စီးနိုင်လောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန်၊ သာသနာ့အန္တရာယ်၊ သာသနာ့ဝန်စီးများက ထေရဝါဒပိဋကတ်တော်နှင့်ဆန့်ကျင်သည့် အတွေးအခေါ် အယူအဆအဓမ္မဝါဒများကို ဟောပြောမှု၊ ပြသမှု၊ ထုတ်ဝေဖြန့်ချိမှု၊ အင်တာနက်ဝက်ဆိုက်ဒ်တွင် လွှင့်တင်မှုများ ပြန်လည်သက်ဝင်လှုပ်ရှားလျက် ရှိနေသည်ကိုသိရှိရပါကြောင်း၊ အဆိုပါ သာသနာ့အန္တရာယ်များကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရတို့က အချိန်မီပူးပေါင်းကာကွယ်မှသာ လျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားမည်ဖြစ်သည်ကို လျှောက်ထားလိုပါကြောင်း။

ဒီမိုကရေစီ သဘောတရားအရ လွတ်လပ်စွာဟောပြောခွင့်၊ ရေးသားခွင့်ရရှိသော ခေတ်ကာလ၌ သာသနာရေးရာနှင့် ဝိနိစ္ဆယမှုခင်းများကို ဆုံးဖြတ်ရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့ အဆင့်ဆင့်၏ ဟာကွက်၊ ပျော့ကွက်များကို အမှုရှုံးများက မီဒီယာလူမှုကွန်ရက်များမှတစ်ဆင့် ထောက်ပြဝေဖန် တိုက်ခိုက်ရေးသားမှုများ ရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် သံဃဝိနိစ္ဆယအဖွဲ့အဆင့်ဆင့်တို့သည် သာသနာရေးရာနှင့် ဝိနိစ္ဆယမှုခင်းတို့ကို ဆုံးဖြတ်ကြရာ၌ သက်သေသာဓက အထောက်အထားများ ပြည့်စုံစွာဖြင့် ဓမ္မဝိနယနှင့်အညီ မှန်ကန်တိကျစွာဆုံးဖြတ်ရမည့်အပြင် ပွင့်လင်းမြင်သာမှုနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုပါ ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိရေး ထည့်သွင်းစဉ်းစားဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ သာမဏာသာရုပ္ပမဖြစ်သော အမှုကိစ္စကိုကျူးလွန်သော ရဟန်းသာမဏေများအား ထုတ်ပြန်ထားသော ညွှန်ကြားလွှာအမှတ် (၇၂)နှင့် (၇၅)တို့ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုဂ္ဂိုလ်စွဲ၊ ဂဏစွဲကင်းစွာဖြင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်သိပ်သည်းခိုင်မာပြီး သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများကို ကျွမ်းကျင်နိုင်နင်းပါမှ လုပ်ငန်းဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဟူသော အဓိကရည်ရွယ်ချက်ကို ထိခိုက်စေမည့်ကိစ္စရပ်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိကြသော ဆရာတော်များအချင်းချင်း မျှတညီညွတ်စွာ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ မူလရည်မှန်းချက်ဖြစ်သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ အစဉ်သဖြင့် အောင်မြင်ပြီးမြောက်လျက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားကြရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအတွက် အရုဏ်ဆွမ်းကို အလှူရှင်ဖခင် ဦးမောင်မောင်- မိခင် ဒေါ်ခင်ခင်ကြီးတို့အားရည်စူး၍ သမီး ဒေါ်ပြုံးဝေသီ မိသားစုတို့က လည်းကောင်း၊ နေ့ဆွမ်းကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူသားအားလုံး၏အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရန်၊ နိုင်ငံအားလုံး၏အကျိုးအတွက်ဖြစ်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး ပြောကြား

**နေပြည်တော် မတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (၃၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး High-Level Segment သို့တက်ရောက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းပြောကြားခဲ့သည်။ **(ယာပုံ)**




ထိုသို့မိန့်ခွန်းပြောကြားရာတွင် ဒုတိယဝန်ကြီးက လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ဘက်လိုက်ခွဲခြားမှုမရှိဘဲ မျှတစွာဖြင့် လူသားအားလုံး၏ အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရန်နှင့် နိုင်ငံအားလုံး၏အကျိုးအတွက်ဖြစ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့မဟုတ်ပါက လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းများအပေါ်ထားသည့် ယုံကြည်မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုပြုသည့် ချဉ်းကပ်မှုပုံစံအသစ်ဖြင့် ဆောင်ရွက်နေမှု၊ အစိုးရသစ်၏ ဦးစားပေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်ကိစ္စတို့နှင့် ပတ်သက်၍ ပြည်တွင်းယန္တရားများ ထားရှိဆောင်ရွက်မှုအပါအဝင် အလေးထားကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှု အရှိန်အဟုန်ရရှိလာချိန်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်ရဲစခန်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များမှ အပြစ်ကျူးလွန်သူများကို ဖမ်းဆီးရေးနှင့် ၎င်းတို့ယူဆောင်သွားသည့် လက်နက်များ ပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်မှုပြုရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဟူသော စွပ်စွဲချက်များကို အစိုးရအနေဖြင့် ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အလေးထားစုံစမ်းစစ်ဆေးမှုများပြုလုပ်နေမှုကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ်ကိစ္စကို ဖြေရှင်းရာတွင် လူ့အခွင့်အရေးကောင်စီ၏ ဆောင်ရွက်ချက်များသည် ပြဿနာ၏အစိတ်အပိုင်းမဖြစ်စေဘဲ ပြဿနာဖြေရှင်းရေးကို အထောက်အကူပြုစေရေးအတွက် ဖြစ်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြဿနာဖြေရှင်းရေးကို အာရုံစိုက်ထားကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် လူ့အသိုက်အဝန်းများကို ပိုမိုကွဲပြားသွားစေရန် ဆောင်ရွက်ခြင်းမျိုးမဖြစ်စေဘဲ ပိုမိုနီးကပ်လာရေးအတွက် ကြိုးပမ်းမှုတွင် ကူညီပံ့ပိုးရေးကို အာရုံစိုက်ရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပြစ်တင်ဝေဖန်ရှုတ်ချခြင်း၊ အရေးယူအပြစ်ပေးခြင်းတို့အပေါ် အာရုံစိုက်နေခြင်းထက် ပြဿနာအား ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ချက်များကို ကူညီပံ့ပိုးပေးရေးအတွက် အပြုသဘောဖြင့် ချဉ်းကပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် အစည်းအဝေးတက်ရောက်စဉ်ကာလအတွင်း ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Parliamentary Under-Secretary of State ဖြစ်သူ Mr. Alok Sharma အီးယူ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis၊ အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Scott Busby နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Marit Berger Rosland တို့အား ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ သီးခြားစီ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြဿနာဖြေရှင်းရေး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး၊ လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံကိစ္စနှင့်စပ်လျဉ်း၍ စဉ်းစားဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပေးရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၇ ရက်က နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှား အမြဲတမ်းကိုယ်စားလှယ်က ဂျီနီဗာမြို့၌ တည်ခင်းသည့် အလုပ်သဘော နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရမှ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အလေးထားဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ် ပြဿနာဖြေရှင်းရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၁ရက် ညနေပိုင်းတွင် Kempinski ဟိုတယ်၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး ဦးထင်လင်းက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးလုပ်ငန်းရှင်များ စကားဝိုင်း (Business Talk) တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အမျိုးသမီးလုပ်ငန်းရှင်များ စကားဝိုင်း (Business Talk)နှင့် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ အမျိုးသမီးလုပ်ရှားမှုဆိုင်ရာ ရက်သတ္တပတ် အခမ်းအနားကို MRTV ရုပ်သံလိုင်း၊ Myanmar President Office Facebook Page (https://www.facebook.com/myanmarpresidentoffice.gov.mm) နှင့် Myanmar State Counsellor Office Facebook Page (https://www.facebook.com/state.counsellor) တို့တွင် မတ် ၆ ရက် နံနက် ၈ နာရီခွဲမှစတင်၍ တိုက်ရိုက် Live ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

ကချင်ပြည်နယ်တွင် ယနေ့ နေရာကွဲကွဲ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# ရုပ်သံထုတ်လွှင့်မှုပိုမိုကောင်းမွန်ရန်နှင့် နိုင်ငံ၏ ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အစိုးရတို့ ချေးငွေချေးယူရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား စာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi Higuchi ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်ပစ္စည်းများ တိုးချဲ့သည့်စီမံချက်အကောင်အထည်ဖော်ရန်အတွက် ဂျပန်ယန်း ၂ ဒသမ ၂၆၃ ဘီလီယံ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှင့် ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံတို့၏ ဓာတ်အားပေးစက်များကို အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းအတွက် ODA ချေးငွေဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံ ချေးယူရေးဆိုင်ရာ စာချွန်လွှာတို့ကို မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဂျပန်နိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi Higuchi တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(ယာပုံ)**

အဆိုပါစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့်ရုပ်သံများ ထုတ်လွှင့်ဖြန့်ချိရာ၌ ပိုမိုထိရောက်ပြီး အရည်အသွေးကောင်းမွန်လာစေရန်၊ မြန်မာနိုင်ငံရှိ ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံတို့၏ ဓာတ်အားပေးစက်များကို အချိန်မီပြုပြင်ခြင်းဖြင့် စက်စွမ်းအားပြည့် စဉ်ဆက်မပြတ်ဓာတ်အားထုတ်လုပ်ပေးနိုင်ရန်နှင့် နိုင်ငံ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် ကိုးချက်သဘောတူ

**ရန်ကုန် မတ် ၃**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ဆုံးဖြတ်အတည်ပြုရာတွင် ပါဝင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုထားခြင်းမရှိသေးသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများ အဆိုပြုထားသည့် အဆိုပြုချက် ကိုးချက်ကို အစိုးရကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး မူအားဖြင့် သဘောတူညီခဲ့ကြောင်းသိရသည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက “အခုက စတုတ္ထအကြိမ်အစည်းအဝေးလို့ ပြောပေမယ့် ကျွန်တော်တို့တွေ့တာ ခြောက်ကြိမ်၊ ခုနစ်ကြိမ် လောက်ရှိပါပြီ။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေကလည်းမနေ့က DPN က ခေါင်းဆောင်တွေလုပ်တဲ့ Press ကို လာကြည့်တယ်။ တိုးတက်မှုအတွက် ဝမ်းသာကြပါတယ်။ လူမှုအဖွဲ့အစည်းတွေဘက်ကလည်း ဝမ်းသာနေကြပါတယ်။ ဒီဖြစ်စဉ်လေးကို ကျွန်တော်တို့ တိုးတက်သည်ထက် တိုးတက်အောင် နောက်ဆုံးပန်းတိုင်အထိ ရောက်အောင်သွားကြဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်း ကျွန်တော်တို့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ငြိမ်းချမ်းရေးအတွက် နှစ်ဖက်အကျိုးရှိနိုင်တဲ့ကိစ္စတွေကိုလည်း ဖြေရှင်းနိုင်ပါစေ”ဟု နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က “ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးခရီးစဉ်အတွက် ကြိုးပမ်းနေတာအစအဆုံး ပြောမယ်ဆိုရင် ခြောက်နှစ် ဝန်းကျင်ရှိပါပြီ။ ကျွန်တော်တို့တွေ စားပွဲဝိုင်းပေါ်မှာ ဘာတွေပြောကြသလဲ၊ ဘာတွေလုပ်ကြသလဲဆိုပြီး ဘေးကကြည့်နေကြတဲ့ ပြည်သူတစ်ရပ်လုံးလည်း စိတ်ပင်ပန်းလောက်ပြီလို့ ကျွန်တော် နားလည်ပါတယ်။ တကယ့်လက်တွေ့အခြေအနေမှာ တကယ်ပဲ စိတ်ချမ်းသာ လောက်တဲ့ အခြေအနေကို မဖန်တီးပေးနိုင်တာ ကျွန်တော်တို့ ရဲ့ အားနည်းချက်လို့ ကျွန်တော်ထင်ပါတယ်။ လက်တွေ့နဲ့ အပြင်မှာ တကယ်ပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သူတို့ဘဝ အခြေအနေကို လုံလုံခြုံခြုံနဲ့ တည်ဆောက်နိုင်ဖို့အတွက် ဘေးကင်းလုံခြုံတဲ့ ပတ်ဝန်းကျင်အခြေအနေကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော်တို့အားလုံးတာဝန်ရှိတယ်လို့ နားလည်ပါတယ်။



“ကျွန်တော်တို့ကြားထဲမှာရှိနေဆဲ အဖုအထစ်လေးတွေကို နှစ်ဦးနှစ်ဖက် အပြန်အလှန်အလျှော့အတင်းသဘောမျိုးနဲ့ ညှိနှိုင်းဆောင်ရွက်ရင်တော့ အဖြေဆိုတာ ရှိစမြဲပဲဆိုတာ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ အနေနဲ့ သဘောထားကြီးဖို့ လိုပါတယ်။ စိတ်ရှည်ဖို့လိုပါတယ်။ စိတ်ရင်းစေတနာမှန်ကန်ဖို့လိုပါတယ်။ ဒီနေရာမှာယုံကြည်မှုက အရေးကြီးပါတယ်။ ယုံကြည်မှုရပြီးမှ တစ်ခါတစ်ရံ အခန့်မသင့်တဲ့ အကြောင်းတစ်ခုခုကြောင့် ယုံကြည်မှုပျက်ပြားစေတဲ့ အရာတွေလည်း ကြုံခဲ့ရတာရှိပါတယ်။ ဒီနေ့ကတော့ နည်းလမ်းပေါင်းစုံကနေပြီးတော့ နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်း အပြန်အလှန်ညှိနှိုင်းအဖြေရှာကြမယ်ဆိုရင် မကြာခင်မှာ ကျွန်တော်တို့မျှော်လင့်တဲ့ ရလဒ်ကောင်းတစ်ခု ရလာနိုင်မယ်” ဟု ပြောကြားသည်။

ယင်းနောက် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက်နှင့်အထွေထွေကိစ္စရပ်များအား ငြိမ်းချမ်းရေးကော်မရှင်နှင့် DPNတို့ ဆက်လက်ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက်ကိုးချက်ကို မူအားဖြင့် သဘောတူညီနိုင်ခဲ့ပြီး အစိုးရကိုယ်စားလှယ်အဖြစ် ဦးဇော်ဌေးနှင့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်တို့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်အဖြစ် ဒေါက်တာတင်မျိုးဝင်း၊ ဦးသိန်းဇော်၊ ဦးခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးနိုင်ငံလင်း၊ ဦးအောင်စိုး၊ ဦးဇော်ဌေး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေတို့တက်ရောက်ကြပြီး နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) မှ ခူဦးရယ်၊ ဒေါက်တာနိုင်ရွှေသိန်း၊ နိုင်အောင်မငေး၊ ဦးမင်းထွန်း၊ တာ့ညီလူတို့ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation) စတုတ္ထအကြိမ် အစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ရန်ကုန်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) တို့၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများ၏ အဆိုပြုချက် ကိုးချက်အပေါ်ဆွေးနွေးခဲ့ကြကြောင်း။

ယင်းအဆိုပြုချက် ကိုးချက်အား ဆွေးနွေးရာတွင် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နှစ်ဖက်လက်ခံနိုင်သော အချက်ကိုးချက်ကို မူအားဖြင့် သဘောတူညီခဲ့ကြကြောင်း။

အဆိုပြုချက် အမှတ်(၃)ကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင်လည်းကောင်း၊ အဆိုပြုချက် အမှတ်(၅)ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အလုပ်အဖွဲ့တွင် လည်းကောင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သည့် အဖွဲ့အစည်းများ ပါဝင်နိုင်ရေး နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်းဟု ဖော်ပြထားသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

✪ *ကျော်ဖုံးမှ*

ငွေကျပ် ၉၀၀ ဘီလီယံအထိ ရှုံးနိုင်မယ့်အခြေအနေရှိနေတဲ့အတွက် ဒီအခြေအနေကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင်အားလုံးကို ရှင်းပြတာဖြစ်ပါတယ်။ အဲဒီမှာ မီတာခသုံးဆတက်မယ်ဆိုတဲ့ သတင်းက ဘယ်လိုကနေ ဘယ်လိုထွက်ပေါ်လာလဲ မသိပါဘူး။ မီတာခတိုးကောက်ယူမယ်ဆိုလည်း နည်းလမ်းပေါင်းစုံ၊ အချက်အလက်ပေါင်းစုံနဲ့ ညှိနှိုင်းတွက်ချက်ပြီးတော့ အဖြေရှာနေရဦးမှာဖြစ်ပါတယ်။ ခိုင်လုံတဲ့ အကြောင်းအချက်တွေရှိရမယ်။ ကိန်းဂဏန်းတွေရှိရမယ်။ ဒီပေါ်မှာ အခြေခံပြီးတော့ စနစ်တကျနဲ့ တွက်ချက်ထားတာဖြစ်ရမယ်။ ဝန်ကြီးချုပ်ပြောစကားထဲမှာလည်း သုံးဆဆိုတာ မပါခဲ့ပါဘူး။ အားလုံးကသုံးသပ်ပြီး ဝိုင်းဝန်းအဖြေရှာနေတဲ့အချိန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစီးပြီးတော့ လာမယ့်နွေရာသီမှာ လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝနဲ့ အဆင်ပြေအောင်ရရှိဖို့အတွက်ကို ကျွန်မတို့ ကြိုးစားအားထုတ်နေတဲ့ အခြေအနေရှိပါတယ်''ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဆွေးနွေးပွဲတွင် ပြောသည်။



ရန်ကုန်မြို့၏ ညအလှမြင်ကွင်း

ရန်ကုန်တိုင်းဒေသကြီးသည် မြို့အင်္ဂါရပ်နှင့် ကိုက်ညီပြီးလက်တွေ့ကျသည့် Master Plan တစ်ခုကို ရေးဆွဲသွားနိုင်ရန်အတွက် ယနေ့ဖိုရမ်မှ အစပြုကာရေတို၊ ရေလတ်နှင့် ရေရှည် နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ပြည်သူများအပြည့်အဝရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံတစ်ဝန်းထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများထဲမှ ရာခိုင်နှုန်း ၅၀ ကိုထုတ်ယူသုံးစွဲနေရကာ နိုင်ငံတစ်ဝန်းလျှပ်စစ်သုံးစွဲမှုကို အခြားတိုင်းဒေသကြီးများ၊ ပြည်နယ်နှင့်နှိုင်းယှဉ်လျှင် သုံးစွဲမှုမှာအများဆုံးဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံ၊ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာလည်း တိုးတက်လာသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရန်၊ ပုဂ္ဂလိကဓာတ်အားပေးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) ၏အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ကိစ္စများလည်း ယနေ့ဖိုရမ်တွင် ပွင့်လင်းမြင်သာစွာဆွေးနွေးပြီး လက်တွေ့အကြံပြုချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

''တိုင်းပြည်မှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းတွေအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တယ်။ ပြည်သူတွေအားလုံးကပါ တောင်းဆိုပြီးလုပ်ပေးမှရမယ်။ နိုင်ငံတော်အစိုးရ တစ်ခုတည်းက လုပ်ပေးနေရတယ်ဆိုတဲ့ တာဝန်ဆိုတာထက် နိုင်ငံသားတိုင်းမှာတာဝန်ရှိတယ်။ လက်ရှိဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်တွေ တည်ဆောက်ထားတာရှိသလို ပုဂ္ဂလိကတွေ တည်ဆောက်ထားတဲ့ ဓာတ်အားပေးစက်ရုံတွေလည်းရှိတယ်။ လောလောဆယ်မှာတော့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ ကျောက်မီးသွေးဓာတ်အား ပေးစက်ရုံတစ်ရုံရှိပြီးတော့ ထုတ်လုပ်နိုင်မှုနဲ့ လက်တွေ့ထုတ်ပေးနေတာနဲ့က ကွာခြားတယ်။ မီးသုံးစွဲမှုဆိုတာအချိန်နဲ့အမျှ ပြောင်းလဲတယ်။ ပြောင်းလဲနေတဲ့ ဓာတ်အားပမာဏကို အပြည့်အဝလိုက်ပြီး ထုတ်ဖို့ဆိုတာက အများကြီးကြိုးစားရမယ့်အချက်ဖြစ်တယ်။ မီးသုံးစွဲလာတဲ့သူများလာတာနဲ့အမျှ ဓာတ်အားတွေ တိုးထုတ်လာနိုင်ရပါမယ်။ နှစ်စဉ်နှစ်တိုင်း ဓာတ်အားတိုးထုတ်လုပ်နိုင်တဲ့ စက်ရုံပမာဏအနည်းဆုံးမဂ္ဂါဝပ် ၅၀၀ ဟာ ထပ်တိုးပြီး နေရှင်နယ်ဓာတ်အားလိုင်းထဲကို ဝင်နေရမှာ။ နှစ်တွေကြာလေလေ ဓာတ်အားပိုမိုထုတ်လုပ်နိုင်မှုများလေလေ ဖြစ်ရမှာ။ ဘာနဲ့ပဲရရ အဓိကဓာတ်အားပိုမိုထုတ်လုပ်နိုင်မှ တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တယ်။ ဒါတွေကို ပြည်သူတွေသိရှိပြီး ပူးပေါင်းပါဝင်ဖို့ လိုအပ်တယ်''ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်က ပြောသည်။

မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားအသုံးပြုမှုမှာ ယူနစ်သန်းပေါင်း ၆၄၆၇ ပမာဏသာရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာသုံးစွဲမှု ပမာဏမှာ ယူနစ်သန်းပေါင်း ၁၃၅၅၁ တိုးတက်လာကြောင်း သိရသည်။ ငါးနှစ်တာနှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ၂၀၀ ကျော်တိုးမြှင့်သုံးစွဲလာပြီး တိုးတက်ထုတ်လုပ်မှုအနေဖြင့် ၁၆ ရာခိုင်နှုန်းသာ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

---

❄ *ကျော်ဖုံးမှ*

ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆက်လက်ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးပါသည့် ပင်လယ်ကမ်းရိုးတန်းဒေသသယံဇာတများကို ရေရှည်တည်တံ့ရန်နှင့် အကျိုးအရှိဆုံးအသုံးချနိုင်ရန် စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် မူဝါဒများချမှတ်ရန် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၏ တာဝန်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမဆုံးခေါ်ယူကျင်းပသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ အဓိကအရေးပါသည့် သယံဇာတများမှာ ရေနှင့်မြေ၊ သစ်တောများ၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားတစ်ဦးချင်းစီ၏ ရေအရင်းအမြစ်ပမာဏ (Renewable Fresh Water Resources Per Capita)သည် အမေရိကန်ပြည်ထောင်စုထက် နှစ်ဆ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံထက် ၁၅ ဆနှင့် အိန္ဒိယနိုင်ငံထက် ၁၀ ဆရှိပါကြောင်း၊ မြေသယံဇာတအနေဖြင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ၂၅ နိုင်ငံမြောက် စိုက်ပျိုးမြေဧရိယာအများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ သစ်တောသယံဇာတအနေဖြင့် နိုင်ငံဧရိယာစုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းသည် ယခုအချိန်အထိ သစ်တောများ ဖုံးလွှမ်းနေပါကြောင်း။

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေချိန်တွင် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ရပ် ဖော်ဆောင်နိုင်မည့် အခြေခံများကိုတည်ဆောက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ကြွယ်ဝသည့် သဘာဝသယံဇာတများကို အခြေခံပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုဒဏ်ကို ကြံ့ကြံ့ခံကျော်လွှားနိုင်ရန်နှင့် သဘာဝဂေဟစနစ်များ တည်တံ့ခိုင်မြဲရန်တို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံ၏ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသသည် ကီလိုမီတာ ၂၈၃၂ ခန့် ရှည်လျားပြီး အိန္ဒိယသမုဒ္ဒရာ အဝန်းအဝိုင်းတွင် အရေးပါသည့် သဘာဝဂေဟစနစ်များ တည်ရှိရာဒေသဖြစ်ပါကြောင်း၊ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်း ဂေဟစနစ်၊ ပင်လယ်မြက်ခင်း ဂေဟစနစ်များကို တွေ့ရှိရပြီး အဆိုပါဂေဟစနစ်များက ကမ်းရိုးတန်းဒေသနေပြည်သူများနှင့် နိုင်ငံအတွက် ရေထွက်ကုန်ပစ္စည်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ပေးအပ်နေပါကြောင်း၊ ကမ်းရိုးတန်းဂေဟစနစ်များသည် ငါးပုစွန်များအပါအဝင် ရေနေသတ္တဝါအမျိုးမျိုးရှင်သန်ကျက်စားနေထိုင်ရာဒေသများဖြစ်ရုံသာမက လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှ လျှော့နည်းစေရန် ကာကွယ်ပေးပါကြောင်း၊ မြေပေါ်နှင့် မြေအောက်ရေချိုအရင်းအမြစ်များအတွင်းသို့ ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့်မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုခြင်းအန္တရာယ်ကိုလည်း ကာကွယ်ပေးပါကြောင်း။

ထို့ကြောင့် ပင်လယ်နှင့်ကမ်းရိုးတန်းဒေသများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ခြင်းသည် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးတို့ကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ဒီရေတောဂေဟစနစ်သည် ပင်လယ်ပြင်နေသက်ရှိများနှင့် ပတ်ဝန်းကျင်အတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍတွင် ရပ်တည်နေပါကြောင်း၊ ဒီရေတောများ ပျက်စီးဆုံးရှုံးပါက ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း နှစ်မျိုးလုံးကို များစွာထိခိုက်ပြီး ဆက်စပ်နေသည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကိုလည်း ပျက်စီးစေမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသ သယံဇာတအရင်းအမြစ်များသည် အကြောင်းအမျိုးမျိုးကြောင့် လျင်မြန်စွာယိုယွင်းပျက်စီးလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ ရေတိုအကျိုးစီးပွားအတွက် သယံဇာတများ မဆင်မခြင်ထုတ်ယူအသုံးပြုခြင်း၊ ကမ်းရိုးတန်းဂေဟစနစ်များမှရရှိသည့် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများကို သိရှိနားလည်မှုအားနည်းခြင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်ဆိုင်သည့် မူဝါဒများချမှတ်မှုအားနည်းခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများတွင် အစိုးရဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများ၏ အကျိုးသက်ရောက်မှုအားနည်းခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းတို့သည် ကမ်းရိုးတန်းဒေသ သယံဇာတများ ပြန်နိုင်ပျက်စီးခြင်း၏ အကြောင်းရင်းများ ဖြစ်ပါကြောင်း၊ ထိုသို့သောပြန်းတီးပျက်စီးမှုများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသာမက နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ သယံဇာတများ ပျက်စီးပြုန်းတီးမှုနှင့်ဆိုင်သည့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ငါးပုစွန်များ ပေါက်ပွားရှင်သန်ကျက်စားရာဖြစ်သည့် ဒီရေတောများ၊ သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်ခင်းများ များစွာပျက်စီးသွားခဲ့သည်ကို လေ့လာဆန်းစစ်ချက်များအရ သိရှိရပါကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မူလရှိခဲ့သည့် ဒီရေတောဧရိယာထက်များစွာလျော့နည်း ကျဆင်းသွားခဲ့ပြီး မူလက အရှေ့တောင်အာရှဒေသတွင် အကောင်းဆုံးအနေအထားတွင် ရှိသည်ဟု ယူဆခဲ့ကြသည့် မြိတ်ကျွန်းစုဒေသရှိ သန္တာကျောက်တန်းများသည်လည်း သိသာထင်ရှားစွာပျက်စီးလာနေသည်ကို အစီရင်ခံစာများအရ သိရှိရပါကြောင်း။

လက်ရှိကမ်းရိုးတန်းဒေသ သယံဇာတများ ယိုယွင်းပျက်စီးမှုကို ပိုမိုဆိုးရွားလာစေနိုင်သည့် ပြဿနာသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့်အတူ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာခြင်းပင် ဖြစ်ပါကြောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည့်အတွက် ကမ်းရိုးတန်းဒေသများ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက မြေနိမ့်ဧရိယာများတွင်ရှိသည့် လူနေအိမ်ခြေနှင့် စိုက်ပျိုးမြေဧရိယာများကို ထိခိုက်လာမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်းဒေသမုန်တိုင်းများ ပိုမိုဝင်ရောက်နိုင်ကာ ရှည်လျားသည့် မြန်မာ့ကမ်းရိုးတန်းဒေသများတွင် နေထိုင်သည့် ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ဆုံးရှုံးမှုပိုမိုများပြားလာနိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသတွင် တိုင်းဒေသကြီး လေးခုနှင့် ပြည်နယ်နှစ်ခုတို့ တည်ရှိပြီး လူဦးရေသန်းပေါင်း ၂၀ ကျော် မှီတင်းနေထိုင်ကြသည့်အတွက် ရာသီဥတု ပြောင်းလဲမှုပြဿနာကို အလေးထားကိုင်တွယ်ဖြေရှင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကမ်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းအသုံးပြုရန် ကနဦးအစီအစဉ်များရှိပြီးဖြစ်ပါကြောင်း၊ ကနဦးလုပ်ငန်းစဉ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ (Myanmar Agenda 21) တွင် နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသနှင့် သယံဇာတများကို ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်နေသည့် ပေါင်းစပ်ညှိနှိုင်းမှုယန္တရားတစ်ရပ် တစ်နည်းအားဖြင့် အဆင့်မြင့်မူဝါဒနှင့် လုပ်ငန်းစဉ်ချမှတ်ရေးအဖွဲ့ တစ်ဖွဲ့ကို အမျိုးသားအဆင့်တွင် ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း။

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုဗဟိုကော်မတီ၏ တာဝန်နှင့် ဝတ္တရားများတွင်လည်း ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာ မဟာဗျူဟာ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ရန်ဆိုသည့် အချက်ပါဝင်ပါကြောင်း၊ အဆိုပါအဖွဲ့၏ တာဝန်ဝတ္တရားများကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်ရန် မိမိတို့နိုင်ငံအတွင်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ရန်ပုံငွေတို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေအကူအညီဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒီရေတောပညာပေး ဗီဒီယိုမှတ်တမ်းအား ပြသသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က **''ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟို ကော်မတီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ''**ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုနီက **''ပင်လယ်ကမ်းရိုးတန်းဒေသရှိ သစ်တောနှင့် ဒီရေတောဂေဟစနစ်များ၏ လက်ရှိအခြေအနေနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ''**ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က **''ကမ်းနီး၊ ကမ်းဝေးရေထွက်ပစ္စည်း သယံဇာတများ ထိန်းသိမ်းရေးနှင့် ထုတ်လုပ်မှုအခြေအနေ''**ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက **''ပင်လယ်ကမ်းရိုးတန်းဒေသ စိုက်ပျိုးမြေများ၏ လက်ရှိစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ''**ကိုလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က **''ပင်လယ်ကမ်းရိုးတန်းဒေသ သဘာဝဓာတ်ငွေ့နှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဘေးထွက်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ''**ကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က **''ပင်လယ်ကမ်းရိုးတန်းဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလာရေးလုပ်ငန်း၏ လက်ရှိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများ''**ကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ မြစ်ကြောင်းများ ထိန်းသိမ်းရေး၊ ဒီရေတောများထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၃**
ရွှေတိဂုံစေတီတော် ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များအား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးက ဗုဒ္ဓပူဇနိယမင်္ဂလာအဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော်သြဝါဒါစရိယ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ရောင် မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော်ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော်သြဝါဒါစရိယဆရာတော်များနှင့် ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်စိုးတို့က ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာပဋ္ဌာန်း ပစ္စယနိဒ္ဒေသဒေသနာတော်များကို ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များ၊ အာရုံခံမုခ်ဦး လေးခုတွင် နေရာယူထားကြသော ပရိသတ်များက ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်း အသင့်နေရာယူထားသော သံဃာတော်က အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်များ ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

ရွှေတိဂုံစေတီတော်၏ ၂၆၀၅ နှစ်မြောက် ဗုဒ္ဓပူဇနိယ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း ဓမ္မပူဇာကို သြဝါဒါစရိယ ဆရာတော်ကြီးများ၏ ကျောင်းတိုက်များမှ သံဃာတော် အရှင်မြတ်အပါး ၁၂၀ တို့က နေ့စဉ်အလှည့်ကျ ယနေ့မှ မတ်လ ၁၂ ရက် တပေါင်းလပြည့်နေ့ အထိ ၁၀ ရက်တိုင်တိုင် ၂၁၆ နာရီ အသံမစဲရွတ်ဖတ်ပူဇော်သွားမည် ဖြစ်သည်။



**သတင်းနှင့်ဓာတ်ပုံ - ဇော်မင်းလတ်**

# နွေအခါ--- ရေမရှားရအောင်

**✷ ဝေယံ**

**ဆောင်းကုန်၍ နွေကူး နွေဦးကာလသို့ ရောက်ရှိလာပေပြီ။ နွေဆိုသောအသံနှင့်အတူ ရေဆိုသောအသံတွေပါ ကြားနေကျဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နွေရာသီရောက်တိုင်း ရေပြတ်လပ်သော ဒေသများရှိလာပါသည်။ နွေကာလ ကြာရှည်သောနှစ်များ အယ်နီညိုနှစ်များတွင် ရေဒုက္ခခံစားရသောဒေသများ ပိုမိုများပြားလာပြီး ကျေးရွာမက မြို့များပါ ရေပြတ်လပ်မှုများ ကြုံတွေ့ကြရသည်။ ရေပြတ်လပ်သောဒေသများသို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၏ ရေပေးဝေမှု ရေလှူဒါန်းမှုများကိုလည်း နှစ်စဉ်မြင်တွေ့နေရပေသည်။ ရေလှူဒါန်းမှုပြုရာတွင် နွေရာသီရေပြတ်လပ်ချိန်တွင်သာမက ရေရှည်အကျိုးသက်ရောက်မှုရှိစေနိုင်သော ရေတွင်း၊ ရေကန်များတူးဖော်ပေးခြင်း၊ မြေအောက်အဝီစိတွင်းရေများ တူးဖော်ပေးသော ထာဝရလှူဒါန်းမှုများကို စေတနာရှင်တစ်ဦးချင်းသော်လည်းကောင်း၊ စေတနာရှင်များစုပေါင်း၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့ကြရပေသည်။**

ထာဝရရေလှူဒါန်းမှုများအနက် စာရေးသူ လေးစားချစ်ခင်ရသော ဦးလေးနု၏ မြေအောက်အဝီစိတွင်း တူးဖော်၍ ရရှိလာသော ရေလှူဒါန်းမှု၏ ကြည်နူးပီတိကို မျှဝေပေးချင်ပါသည်။

ဦးလေးနုသည် အသက် ၈၅ နှစ်ရှိပြီဖြစ်သော်လည်း သွားနိုင်၊ လာနိုင်၊ သတိ၊ မှတ်ဉာဏ် အလွန်ကောင်းသူဖြစ်ပြီး ရပ်ရေး၊ ရွာရေး၊ လှူတန်းရေးများတွင် ကိုယ်တိုင်သွားလာလှူဒါန်းမှု ပြုသောသူတစ်ဦးဖြစ်ပါသည်။ လှူဒါန်းမှုများအစုစုကိုလည်း စနစ်ကျစွာဖြင့် မှတ်တမ်းတင်ထားရှိသည့်အပြင် တစ်နှစ်တစ်ကြိမ် စုပေါင်းရေစက်ချခြင်းဆောင်ရွက်ကာ အများသူငှာကို ကုသိုလ်အမျှပေးဝေခြင်းများ ဆောင်ရွက်တတ်သူဖြစ်ပါသည်။ ယခုလည်း သူ၏ထာဝရ ရေအလှူတစ်ခု၏ အောင်မြင်မှုအတွက် ကုသိုလ်မျှဝေခံစားနိုင်ရန်အတွက် ကျွန်တော့်အိမ်သို့ ရောက်ရှိလာပြီး သူ၏ထုံးစံအတိုင်း စကားမပြတ် ခြွေပါတော့သည်။

ဦးလေးနု။ ။ ငါ့ဘဝမှာ အလှူအတန်းနဲ့ပတ်သက်လို့ ဘာသာရေး၊ လူမှုရေးလုပ်ငန်းတွေမှာ နေရာအနှံ့ သွားရောက်လှူဒါန်းဖူးတယ်။ ရေနဲ့ပတ်သက်လို့တော့ တစ်ခါမှ မလှူဒါန်းဖြစ်ခဲ့ဖူးဘူး။ ဒါပထမဆုံးအကြိမ် လှူဖြစ်တာ။ အလွန်ကို ဝမ်းသာပီတိဖြစ်ရတယ်။ ဒီမယ် ဓာတ်ပုံမှတ်တမ်းတွေ ကြည့်ပါဦး။

**စာရေးသူ။ ။ အလွန်ကောင်းတဲ့ ဒါနတစ်ခုပါပဲ။ ဒါနဲ့ ဘယ်လို ဆက်စပ်ပြီး အလှူဒါနဆောင်ရွက်တာပါလဲ ဦးလေး။**

ဦးလေးနု။ ။ ဒီလိုကွ လှိုင်သာယာမြို့နယ် အောင်ဇေယျမင်း ပရဟိတကျောင်းဆရာတော် အရှင်ဇေယျာနန္ဒ (ကရုဏာရှင်)နဲ့ ဆက်စပ်ပြီး ရေလှူဖြစ်သွားတာ။ ဆရာတော်ရဲ့ ပရဟိတကျောင်းမှာရှိတဲ့ မိဘမဲ့ကလေးတွေဆီ သွားလှူနေကျ။ တစ်နေ့ ဆရာတော်ကျောင်းမှာရှိလား။ ဖုန်းဆက်ကြည့်တော့ ရွာရောက်နေတယ်ပြောတယ်။ ဆရာတော် ဘာသွားလုပ်တာလဲမေးတော့ ရွာက ရေရှားတော့ ရေရအောင် အဝီစိတွင်းတူးမလို့ ပြောတယ်။ ဒါနဲ့ ကုန်ကျစရိတ်အတွက် ငွေရောရှိပြီလားမေးတော့ မရှိသေးဘူး။ သိန်းငါးဆယ်လောက်ကုန်ကျမယ်ပြောတယ်။ ဒါဆိုတပည့်တော် လှူပေးမယ်။ ချက်ချင်းတော့ အပြည့်အဝမထည့်နိုင်သေးဘူး ပြောတော့ ရေတူးချိန်အတွင်း တဖြည်းဖြည်းထည့်သွားလို့ ရတယ်ပြောတာနဲ့ လှူဖြစ်သွားတာ။



**အဝီစိတွင်းမှ ရေများလျှံထွက်နေပုံ**

**စာရေးသူ။ ။ ဒါနဲ့ ဘယ်ရွာမှာ သွားလှူတာတုံး ။ လှူတဲ့ရွာက ရေတွင်း ရေကန်တွေ မရှိဘူးလား။ နွေရာသီမှာ တခြားရေ ရရယူနိုင်တဲ့နေရာ ဘယ်လောက်ကွာဝေးလဲ။**

ဦးလေးနု။ ။ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကူကောင်းကျေးရွာမှာ အဝီစိတွင်းတူးလှူခဲ့တာ။ ရွာမှာတော့ ရေကန်တွေတော့ရှိတယ်။ ရေကတော့ နောက်နေတာပဲ။ အဲဒီကန်ရေနောက်ကိုပဲ မိုးနဲ့ဆောင်းအခါမှာ သုံးရတာ။ နွေရောက်တာနဲ့ ကန်တွေရေခန်းတာပဲ။ ရေရှိတဲ့နေရာကို နွားလှည်းနဲ့ နှစ်နာရီလောက် သွားခပ်ရတယ်။ နှစ်မိုင်လောက်ဝေးတယ်။ လူအတွက်ရော အိမ်မွေးတိရစ္ဆာန်တွေအတွက်ပါ ရေမျှသုံးကြရတယ်။ နွားတွေဆိုလည်း ပိန်ကပ်နေတာပဲ။ ဆရာတော်က ရွာကိုသွားပြီး ဇရပ်တစ်ဆောင်ဆောက်တာ။ ရေမရှိလို့ ပန်းရန်အလုပ်တွေ ရပ်ထားတာတွေ့ရတော့ ရွာမှာရေရဖို့ အလိုအပ်ဆုံးပဲဆိုပြီး ရေမရရအောင် လုပ်မယ်ဆိုပြီး ဆောင်ရွက်ခဲ့တာ။

**စာရေးသူ။ ။ အဲဒီအရင်ကရော အဝီစိတွင်းတူးတာတွေ မရှိခဲ့ဘူးလားဦးလေး။**

ဦးလေးနု။ ။ ဆရာတော်ပြောတာကတော့ အရင်က အစိုးရဌာနဆိုင်ရာတွေ၊ ယူနီဆက်တို့ လာတူးကြတယ်။ နေရာအနှံ့တူးတယ်။ ရေမထွက်ဘူးပြောတယ်။ ရွာကလည်း ကုန်းမြင့်ပိုင်းမှာတည်ထားတော့ မြေအောက်ရေရဖို့ခက်ခဲတဲ့ နေရာလို့ ပြောကြတယ်။

**စာရေးသူ။ ။ အဝီစိတွင်းကို မြေအောက်အနက် ဘယ်လောက်တောင်တူးရလဲ။ ဘယ်နှနေရာလောက် တူးခဲ့ရလဲ။**

ဦးလေးနု။ ။ ၂၀၁၆ ခုနှစ် မေလကုန်ခါနီး နွေခေါင်ခေါင်မှာ ရေတူးတာ။ ရွာထဲ လေးနေရာလောက်တူးတာ။ ရေမထွက်ဘူး။ အားမလျှော့ပဲ။ ငါးနေရာမြောက်တူးတဲ့ နေရာမှာ ပေ ၈၀၀ အနက်ရောက်တော့ ရေတွေပန်းပြီး ထွက်လာတာ။ အားရစရာကြီးပဲ။ လေးလက်မပိုက်အပြည့်ကို ပန်းထွက်တာ။ တစ်ရွာလုံး ထခုန်ကြတာပဲ။ အဲဒီဒေသတစ်ဝိုက်မှာ ဒီလိုရေလျှံတွင်းမျိုး မရှိဘူးပြောတယ်။ ရေလျှံတွင်းက ထွက်လာတဲ့ရေတွေကို ရွာကန်ထဲလွှတ်ပေး။ မြောင်းတွေထဲ လွှတ်ပေးလိုက်တာ ... အားလုံး ရေပြည့်လျှံသွားတာပဲ။ ရေငတ်နေတဲ့ နွားတွေကလည်း မြောင်းထဲလွှတ်ထားတဲ့ရေတွေကို အားပါးတရ သောက်နေကြတာ၊ ဒီမှာ ဓာတ်ပုံတွေ ကြည့်ပါဦး။

**စာရေးသူ။ ။ ကြားရတာ ဝမ်းသာပီတိဖြစ်လိုက်တာ။ ရေမောင်းတင်ဖို့ မီးစက်တို့ ကွန်ပရက်ဆာတို့ မလိုတော့ဘူးပေ့ါ။ ဆီဖိုးကုန်ကျစရိတ်၊ မီးဖိုးကုန်ကျစရိတ် မရှိတော့ဘူးပေ့ါ ဦးလေး။**

ဦးလေးနု။ ။ ဆရာတော်ရဲ့ကိုယ်ကျင့်သီလနဲ့ ပရဟိတစေတနာတွေရဲ့ အကျိုးပေးမှုကြောင့်ပဲပေ့ါကွာ။ ကောင်းမှုကုသိုလ်ကံ စေတနာကြောင့် ရေလျှံတာပေ့ါကွာ။

**စာရေးသူ။ ။ ရေလှူဒါန်းမှုပြုတဲ့ ဦးလေးနုရဲ့ကိုယ်ကျင့်သီလနဲ့ သဒ္ဓါထက်သန်မှုနဲ့ပါ ပေါင်းတော့ အခုလို ရေတွေ အလိုလိုလျှံတက်လာတာပေ့ါ။**

ဦးလေးနု။ ။ တရားသဘောပြောရရင်တော့ “ဟိတ” အကြောင်းတရားတွေကြောင့် “သုခ” အကျိုးတရားတွေ ခံစားရတာပဲပေ့ါကွာ။ ယုံကြည်မှုသဒ္ဓါတရားရဲ့ အကျိုးတရားတွေပဲပေ့ါ။ ပိုပြီးသဒ္ဓါတရားပေါက်လာတော့ အဝီစိတွင်းက လျှံထွက်နေတဲ့ရေတွေကို အုတ်ရေကန်တွေ ဆောက်ပြီးထည့်ထားတယ်။ ဆရာတော်က ရေစင်တည်ဆောက်ပြီး ရွာထဲကို ပိုက်လိုင်းနဲ့ရေပေးဝေနိုင်အောင် ဆက်လက်ဆောင်ရွက်နေတယ်။ အလှူငွေထပ်ထည့်ရတာ ပေ့ါကွာ။ အလှူငွေကျပ် သိန်း ၅၀ လျာထားတာ။ အခုတော့ ငွေကျပ်သိန်း ၇၀ ထိ လှူဖြစ်သွားတယ်။ ဓမ္မမိတ်ဆွေတွေ၊ ဆွေမျိုးတွေပါ ပီတိဖြစ်ပြီး ပါဝင်လှူဒါန်းမှုတွေလည်း တိုးလာတာပေ့ါ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့မှာ ညီအစ်ကိုမောင်နှမတွေ၊ မိတ်သင်္ဂဟတွေနဲ့ ကူကောင်းကျေးရွာ ရေအလှူအတွက် ရေစက်ချခြင်း ဆောင်ရွက်တယ်။ သံဃာတွေဆွမ်းကပ်၊ သက်ကြီးတွေ၊ ကလေးတွေအတွက် ငွေလှူဒါန်းတယ်။ ကျေးရွာဘုန်းကြီးကျောင်း သုံးကျောင်းမှာ ဆိုလာလျှပ်စစ်မီးအတွက် ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ ပစ္စည်းတွေ လှူဒါန်းခဲ့သေးတယ်။

**စာရေးသူ။ ။ အခုလို ရေလျှံတွင်းက ရေတွေ သုံးမကုန်အောင် အဆက်မပြတ်ထွက်နေတော့ ရွာကလူတွေ စိုက်ပျိုးရေးလည်း လုပ်လို့ရမှာပေ့ါ ဦးလေး။**

ဦးလေးနု။ ။ ကျေးရွာကလူတွေ ရေမရှိရင် ဘယ်နားနေကြမလဲ။ ရေလျှံတွင်းကရေနဲ့ ဘူး၊ ဖရဲ၊ ခရမ်းချဉ်သီးနဲ့ ပဲတောင့်ပင်တွေ စိုက်ပျိုးနေကြပြီ။ ရေကနေ ငွေပြန်ဖြစ်တာပေ့ါကွာ။ တရားသဘောနဲ့ပြောရရင် ကောင်းမှုတစ်ခုပြုရာကနေ ဆင့်ကဲကောင်းမှုတွေ ဖြစ်ပေါ်တာပေ့ါကွာ။ အခုလည်း ဆင့်ကဲကောင်းမှုဖြစ်အောင် ဦးလေးလှူဒါန်းမှုအစုစုကို ငါ့တူကို အမျှပေးဝေပါတယ်။

**စာရေးသူ။ ။ သာဓု သာဓု သာဓုပါ ခင်ဗျာ။ ကျွန်တော်တို့လည်း ဦးလေးနုရဲ့ရေအလှူမှာ ကုသိုလ်ပါဝင်ချင်ပါတယ်။ ငွေကျပ် တစ်သိန်းလှူဒါန်းပါတယ်။**

ဦးလေးနုပြန်သွားသော်လည်း သူ၏ ရေအလှူကြောင့် ကူကောင်းကျေးရွာက ကျေးရွာသူ ကျေးရွာသားများ၏ ပျော်ရွှင်ကြည်နူးနေမှုများ ကျေးရွာတွင်း အသီးအနှံများဖြင့် စိမ်းလန်းစိုပြည်နေမှုပုံရိပ်များကို တွေးမိရင်း ပီတိချမ်းသာစိတ်တွေက ကျွန်တော့်ရင်ထဲတွင် အချိန်ကြာအောင် နေရာယူထား၏။ ကူကောင်းကျေးရွာသည် ၂၀၁၆ ခုနှစ်ကစ၍ နွေရာသီရေအတွက် စိတ်အေးရသော ကျေးရွာဖြစ်သွားပေပြီ။ ရေအတွက် လုပ်အားတွေ၊ အချိန်တွေ၊ မကုန်တော့သဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ကြပေတော့မည်။ ငွေကိုမလို၊ ရေကိုလိုသည်ဆိုသော ကျေးရွာများအတွက် နှစ်စဉ်ရေဒုက္ခမကြုံတွေ့ရအောင် ရေတွင်းရေကန်များ တူးဖော်ခြင်း၊ မြေအောက်ရေ အဝီစိတွင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ကျေးရွာများ၏ အနေအထားပေါ်မူတည်ကာ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း ပြည်ပ အလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များက ဆောင်ရွက်နိုင်သည်နှင့်အမျှ နှစ်စဉ် ရေဒုက္ခသည်များ လျော့နည်းသွားမည်ဖြစ်ပါသည်။ နွေအခါ ရေမရှားရအောင် စေတနာဖြင့် ပါဝင်ဆောင်ရွက်ကြပါစို့။

**ယုံကြည်မှုသဒ္ဓါတရားရဲ့ အကျိုးတရားတွေပဲပေ့ါ။ ပိုပြီး သဒ္ဓါတရားပေါက်လာတော့ အဝီစိတွင်းက လျှံထွက်နေတဲ့ရေတွေကို အုတ်ရေကန်တွေဆောက်ပြီး ထည့်ထားတယ်။ ဆရာတော်က ရေစင်တည်ဆောက်ပြီး ရွာထဲကို ပိုက်လိုင်းနဲ့ ရေပေးဝေနိုင်အောင် ဆက်လက်ဆောင်ရွက်နေတယ်။ အလှူငွေထပ်ထည့်ရတာ ပေ့ါကွာ။ အလှူငွေကျပ် သိန်း ၅၀ လျာထားတာ။ အခုတော့ ငွေကျပ်သိန်း ၇၀ ထိ လှူဖြစ်သွားတယ်။ ဓမ္မမိတ်ဆွေတွေ၊ ဆွေမျိုးတွေပါ ပီတိဖြစ်ပြီး ပါဝင်လှူဒါန်းမှုတွေလည်း တိုးလာ**

# ကလေးစာပေပွဲတော်(မော်လမြိုင်) ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် မတ် ၃**

ကလေးစာပေပွဲတော်(မော်လမြိုင်)ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်သည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဖြစ်သည့်အတွက် ကလေးများ စာပေကို ချစ်မြတ်နိုးတတ်လာစေရန်၊ စာပေကို ပိုမိုစိတ်ဝင်စားလာရန်၊ ကလေးဘဝမှစပြီး စာပေများကို ဖတ်ချင်စိတ်ဖြစ်ပေါ်လာစေရေး၊ စာပေနှင့် ထိတွေ့မှုရှိစေရန် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ကလေးငယ်များ စာပေဗဟုသုတရရှိစေရန်၊ ဉာဏ်ရည်ထက်မြက်စေရန် ကလေးစာပေပွဲတော် ကျင်းပခြင်းဖြစ်သည့်အတွက် မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ပုံနှိပ်စက်ကို ကြည့်ရှုစစ်ဆေးစဉ်

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော် (မော်လမြိုင်) ကျင်းပနိုင်ရန် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမအတွင်း နေရာချထားမှုပုံစံများကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ဌာနများမှ လိုအပ်ချက်၊ အကြံပြုချက်နှင့် ပူးပေါင်းပါဝင်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာအုပ်များခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ဆောင်ချက်များကို ပြည်သူများ ပိုမိုသိရှိလာစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နံနက် ၁၁ နာရီတွင် မော်လမြိုင် ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ၍ လှည့်လည်ကြည့်ရှုကာ ဇုန်နယ်မှူးနှင့် မော်လမြိုင်ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများ၊ မော်လမြိုင် သတင်းဌာနခွဲမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ အရည်အသွေး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရန် မှာကြားပြီး လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်းသည်။

ထို့နောက်မွန်းတည့် ၁၂ နာရီတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)သို့ ရောက်ရှိပြီး ပုံနှိပ်စက်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ အစည်းအဝေးခန်းမ၌ ကိုယ်ပွားသတင်းစာတိုက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သတင်းစာတိုက်မန်နေဂျာ ဦးဇော်ဇင်ဆန်းက ကိုယ်ပွားသတင်းစာတိုက်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းမှာကြားဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မော်လမြိုင် တက္ကသိုလ် ဘက်စုံခန်းမသို့ ရောက်ရှိကာ ကလေးစာပေပွဲတော် ကျင်းပမည့် နေရာများကို ကြည့်ရှုပြီး ကလေးစာပေပွဲတော် (မော်လမြိုင်)ဖြစ်မြောက်ရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်

**နေပြည်တော် မတ် ၃**

ဒီမိုကရေစီခေတ်၏ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြသည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းဖြစ်အောင် ကျင့်ကြံနေထိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက ပြောကြားလိုက်သည်။





မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း ရဲသိပ္ပံတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပစဉ် ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားရာ၌ ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ရဲချုပ်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးခဲ့သည်။

ထို့နောက် သင်တန်းဆင်းတပ်ခွဲများမှ ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီးနောက် ရဲချုပ်က ထူးချွန်ဆုရ ကျောင်းသား ငါးဦးကို ဆုများပေးအပ်ချီးမြှင့်သည်။

ရဲချုပ် ဇော်ဝင်းက ရဲဘော်တို့အနေဖြင့် မိမိအထက်အောက် ရာထူးအဆင့်ဆင့်၌ အပြန်အလှန်လေးစားမှုနှင့် တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ပြီး တပ်ဖွဲ့ဝင်အဆင့်ဆင့်၏ စုပေါင်းစွမ်းရည်များကို ဟန်ချက်ညီစွာပေါင်းစပ်ပြီး ပြစ်မှုတရားစီရင်ရေး စနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားလာအောင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထု အလွှာအသီးသီးက တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် လူ့အခွင့်အရေးလေးစားမှုဖြင့် လူ့အဖွဲ့အစည်းဝင်အားလုံးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

ဒီမိုကရေစီရဲလုပ်ငန်း၏ တိုးတက်မှုသည် ထိန်းချုပ်မှုကို ရှေးရှုသော Control-Oriented Approach မှ ဝန်ဆောင်မှုကို ရှေးရှုသော Service-Oriented Approach သို့ ပိုမိုကူးပြောင်းနိုင်ခြင်းအပေါ်၌ မူတည်ကြောင်း၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်သည့်အခါ ရဲတပ်ဖွဲ့ဝင်အားလုံးသည် နိုင်ငံသားပြည်သူများကို ဆွေမျိုးအရင်းအချာများသဖွယ် သဘောထားဆက်ဆံပြီး ပြည်သူများအား ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

ရဲလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ ဖြစ်ရုံသာမက ဉာဏ်အမြော်အမြင်လည်း ရှိကြရမည်ဖြစ်ပြီး အခြေအနေများတိုးတက်ကောင်းမွန်လာစေရေး ဦးတည်ရမည့်အပြင် ရေရှည်တွင် အဆိုးဘက်သို့ ဦးတည်သည့် အကျိုးသက်ရောက်မှုမရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊

ထို့ကြောင့် တရားဥပဒေစိုးမိုးရေး အပိုင်း တာဝန်ရှိသူများအနေဖြင့် ရှောင်လွှဲမရနိုင်သည့် အခြေအနေမျိုးတွင် အင်အားကိုအသုံးပြုပြီး ဆောင်ရွက်ကြရာ၌ အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့် ညီညွတ်မှု (Legitimacy)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု (Necessity) စသည့် နိုင်ငံတကာစံနှုန်းများ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၂၁ ဦးနှင့် အမျိုးသမီး ၁၀၆ ဦး စုစုပေါင်း ၃၂၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျား-မ တန်းတူညီမျှရေးအတွက် ကတိပြုချက်များ ရေးဆွဲ

**ရန်ကုန် မတ် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကမ္ဘောဇ အုပ်စုတို့ ပူးပေါင်းကျင်းပမည့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ် (Women's Week-Myanmar) နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ကမ်းနားလမ်းရှိ Strand Square အဆောက်အအုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက် CSR Department မှ ဒေါ်ယုဝေမောင်က ယခု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အဆိုပါ ရက်သတ္တပတ်တွင် မြန်မာအမျိုးသမီးများနှင့် သက်ဆိုင်သည့် ပညာပေးပို့ချမှုများ၊ Campaigns များနှင့် အခြားသော လှုပ်ရှားမှုအစီအစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအမျိုးသမီးများ အဖွဲ့အစည်း၏အကြီးအကဲ Dr. Jean D' Cunha က ကျား-မ တန်းတူ ညီမျှရေးအတွက် ကတိပြုချက်များ ရေးဆွဲခြင်းနှင့် လက်မှတ်ရေးထိုးခြင်း (Gender Equality Pledge)၊ SMBC Bank (Yangon Branch ) မှ General Manager,Mr.Nobuyasu Akagi က ဖိုရမ်ကို SMBC Bank မှ Platinum Sponsor အဖြစ် ထောက်ပံ့ကူညီပေးရသည့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားကြသည်။

Women's Week-Myanmar ကို မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပရခြင်းဖြစ်ပြီး အဆိုပါ ရက်သတ္တပတ်တွင် ပညာပေးမှတ်တမ်းရုပ်ရှင်အစီအစဉ်များ၊ ဆွေးနွေးဟောပြောပွဲများ၊ အားကစားစွမ်းရည်ဆိုင်ရာ လှုပ်ရှားမှုများ၊ စာပေဆွေးနွေးပွဲများ စသည်ဖြင့် မတူညီသော အစီအစဉ်များစွာကိုလည်း ကျင်းပပေးသွားမည်ဖြစ်သည်။ ထို့အပြင် Women's Week ကို ကျင်းပခြင်းဖြင့် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံအတွင်းရှိ မျက်မှောက်ခေတ်နှင့် အနာဂတ် အမျိုးသမီးထု စွမ်းအားမြှင့်တင်နိုင်ရေး၊ မြန်မာ့လူ့အဖွဲ့အစည်း အတွင်းရှိ အမျိုးသမီးများ၏ တန်ဖိုးအား အမျိုးသား၊ အမျိုးသမီးများအားလုံး အပြည့်အဝနားလည်စေရန်နှင့် အစိုးရ၊ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၏ ထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံချိတ်ဆက်နိုင်စေမည့် ရှားပါးသည့်အခွင့်အရေးများရရှိရန် အထောက်အပံ့များဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**




## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် မတ် ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဘော်လခဲမြို့တို့၌ ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဖြူးမြို့တို့၌ ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့၌ ၀ ဒသမ ၁၂ လက်မနှင့် မချမ်းဘောမြို့၌ ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မြန်မာ့အလင်း)**

# ကလေးများအတွက် စာဖတ်ပြိုင်ပွဲ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကျင်းပမည်

**ရန်ကုန် မတ် ၃**

အသက် ၇ နှစ်မှ ၁၅ နှစ်အရွယ်ကလေးများ စာဖတ်ခြင်း အလေ့အထ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ကလေးများအတွက် စာဖတ်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်အတွက် စာဖတ်ပြိုင်ပွဲကို မတ် ၁ ရက်မှ မေ ၃ ရက်အထိ Big Friendly Read အမည်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်သွားမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ခင်းကျင်းပြသထားသောBig Friendly Read Collection မှ စာအုပ်များကို ရွေးချယ်၍ အနည်းဆုံး ခြောက်အုပ်ပြည့်အောင် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ ဒုတိယအဆင့်အနေဖြင့် ဖတ်ရှုထားသည့်စာအုပ်များအတွင်းမှ နှစ်သက်ရာ စာအုပ်တစ်အုပ်ကို ရွေးချယ်ကာ အကျဉ်းချုပ်ရေး၍လည်းကောင်း၊ စာအုပ်ထဲတွင် ပါဝင်သော မိမိနှစ်သက်ရာ ဇာတ်ကောင်အား ပုံတူရေးခြယ်ခြင်းဖြင့် လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆုပေးမည့်ရက်ကို မေလအတွင်း ကြေညာမည်ဖြစ်ကာ ဆုပေးပွဲတွင် ပြိုင်ပွဲနှစ်မျိုးစလုံးအတွက် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ စာဖတ်ပြိုင်ပွဲကို အသင်းဝင်ကလေးများသာမက အသင်းဝင်မဟုတ်သည့်ကလေးများလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗြိတိသျှကောင်စီစာကြည့်တိုက် အမှတ် ၇၈၊ ကမ်းနားလမ်းသို့ လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၁- ၂၅၄၅၈၈၊ ၂၅၆၆၂၉၀၊ လိုင်းခွဲ ၃၃၁၆ သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ပထမအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးက ချမှတ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို မလပ်သောသတိ၊ မယိမ်းယိုင်သော ဦးတည်ချက်အဖြစ် ထားရှိဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
(၄၇) ပါးစုံညီ တေရသမအစည်းအဝေး၌
မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဗန်းမော်ကျောင်းတိုက်ဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏
အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ
၁၃၇၈ -ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်၊ ၂၀၁၇ -ခုနှစ်၊
မတ်လ ၃ ရက် ၊ သောကြာနေ့**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို လုံ့လကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကားလျှောက်ထားပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလိုလေးလလျှင် တစ်ကြိမ်ကျ မျက်နှာစုံညီတွေ့ရ၍ သာသနာရေးကိစ္စအဝဝတို့ကို ဩဝါဒမိန့်ကြားခွင့်ရသည့်အတွက် နှစ်သက်အာရဝမ်းမြောက်လှပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဘုရားတပည့်တော်တို့ ယခုလို လေးလတစ်ကြိမ် (၄၇) ပါးစုံညီ စည်းဝေးကြ၍လည်းကောင်း၊ တာဝန်ကျအဖွဲ့ ခွဲဝင်ဆရာတော်များ တစ်ပတ်တစ်ကြိမ် စည်းဝေးကြ၍လည်းကောင်း သာသနာရေးကိစ္စများကို အညီအညွတ်တိုင်ပင်ဆောင်ရွက်နေခြင်းသည်-

**"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံသန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။**

**ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ။**

ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်လာ ဘိက္ခုအပရိဟာနိယ ဒေသနာတော်နှင့် လွန်စွာညီညွတ်လှပါသည်ဘုရား။

ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာ၌လည်း ရဟန်းတော်များ မပြတ်မလပ် မစည်းဝေးဘဲနေကြလျှင် အနယ်အနယ် အရပ်ရပ်က သာသနာရေးဆိုင်ရာ သတင်းမှန်များကို မကြားနိုင်ကြကြောင်း၊ ယင်းသို့ သတင်းမှန်မကြားရသည့်အတွက် မည်သည့် ကျောင်းတိုက်၌ ပြဿနာဖြစ်ပေါ်နေသည်၊ မည်သည့်ဒေသက ရဟန်းများသည် ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝအမှုများ ကျူးလွန်နေကြသည်ကို မကြားမသိနိုင်ကြောင်း၊ အလဇ္ဇီရဟန်းများကလည်း ရဟန်းသံဃာသည် မေ့လျော့နေသည်ဟု သိကြ၍ အုပ်စုဖွဲ့ကာ သာသနာတော်ကို ဆုတ်ယုတ်စေနိုင်မည့် အမှုများကို ကျူးလွန်တက်ကြကြောင်း၊ ရဟန်းသံဃာများမပြတ်စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် အလဇ္ဇီရဟန်းများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ ထွက်ပြေးတိမ်းရှောင်ကြကြောင်း စသည်ဖြင့် ရဟန်းတော်တို့ မပြတ်မလပ် မစည်းဝေးခြင်းကြောင်း သာသနာတော်ကို ဆုတ်ယုတ်စေနိုင်မည့် အမှုများကို ကျူးလွန်တတ်ကြကြောင်း၊ ရဟန်းသံဃာများ မပြတ်စည်းဝေးတော်မူကြ၍ မမေ့မလျော့ခြင်းကြောင့် အလဇ္ဇီရဟန်းများသည် အုပ်စုဖွဲ့ကာ ထင်သလိုမနေနိုင်မှန်းသိကြ၍ ထွက်ပြေးတိမ်းရှောင်ကြကြောင်း စသည်ဖြင့် ရဟန်းတော်တို့ မပြတ်မလပ်မစည်းဝေးခြင်းကြောင့် သာသနာတော်ဆုတ်ယုတ်ပုံနှင့်ရဟန်းတော်တို့ မပြတ်မလပ်စည်းဝေးခြင်းကြောင့် သာသနာတော်တိုးတက်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြထားပါသည်ဘုရား။

သို့ဖြစ်၍ ဆရာတော်ဘုရားတို့ အစည်းအဝေးပွဲများသို့ မပျက်မကွက်တက်ရောက်တော်မူကြ၍ အညီအညွတ် ညှိနှိုင်းတိုင်ပင်တော်မူကြပြီးလျှင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားကြောင်းဖြစ်သော ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တောင်းပန်တိုက်တွန်းပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ သာသနာ့ဝန်ထမ်းရှင်ငယ် ရဟန်းငယ်များ ကာယိန္ဒြေယဉ်ကျေးသိမ်မွေ့ကြစေရန် ကာယိန္ဒြေစောင့်ထိန်းမှုပြုကြရေးအတွက် ဆရာသမားများက သဘောပေါက်နားလည်အောင် သွန်သင်ဆုံးမ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် အထူးကြပ်မတ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

ထို့အပြင် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်များအတွက် ထုတ်ပြန်ထားပြီးဖြစ်သော စည်းမျဉ်း၊ လုပ်ထုံးများကို ပြီးစီးခဲ့သော (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးက ပထမအဖွဲ့ခွဲ၏ ပြင်ဆင်ဖြည့်စွက်ချက်များကို တာဝန်ကျ ဒုတိယအဖွဲ့ခွဲအား ဆက်လက်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့၍ ဆောင်ရွက်ပြီးစီးမှုကို ဤအစည်းအဝေးသို့ တင်ပြမည်ဟု သိရှိရပါသည်ဘုရား။ ဆရာတော်များအနေဖြင့် သီလရှင်အဖွဲ့အစည်းသည် သာသနာတော်အား တစ်ထောင့်တစ်နေရာမှ တိုးတက်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နေသော အဖွဲ့အစည်းအဖြစ် ရှုမြင်တော်မူကြ၍ အဆိုပါစည်းမျဉ်း၊ လုပ်ထုံးများ၊ ဓမ္မဝိနယ၊ ဥပဒေများနှင့်အညီဖြစ်စေရေး သေချာစွာ စိစစ်တည်းဖြတ်ပေးတော်မူကြပါရန် လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

၁၃၅၉ ခုနှစ်နောက်ပိုင်းတွင် မကျင်းပဖြစ်ခဲ့ဘဲ ယခုနှစ်မှ ပြန်လည်ကျင်းပသော အခြေပြုမူလတန်းစာမေးပွဲနှင့်ပတ်သက်၍ နှစ်(၂၀) နီးပါး မကျင်းပဘဲ ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်၍ ဆရာတော်တို့ အခြေခံဒေသအသီးသီးရှိ တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့များ၊ ပညာရေးဗဟိုအဖွဲ့ခွဲများ၊ စာမေးပွဲကျင်းပရေးအဖွဲ့များနှင့် ဖြေဆိုခွင့်တောင်းခံထားသော စာသင်တိုက်များမှ နာယကဆရာတော်များနှင့် ညှိနှိုင်း၍ စာမေးပွဲစစ်ဆေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း ကိစ္စရပ်များ၌ ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါသည်ဘုရား။ ပရိယတ္တိဟု ဆိုအပ်သော ဗုဒ္ဓ၏ တရားတော်များ လေ့လာသင်ကြားခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အကျိုးတရားဖြစ်စေကြောင်း စာဖြေပွဲဝင်ရှင်ရဟန်းငယ်များနှင့် ဥပါသကာ၊ ဥပါသိကာတို့ သိရှိစေရေးလည်း နှိုးဆော်တိုက်တွန်းသင့်ပါသည်ဘုရား။

ဘုရားတပည့်တော်အနေဖြင့် နိဂုံးချုပ်လျှောက်ထားလိုသည်မှာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးက ချမှတ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို မလပ်သောသတိ၊ မယိမ်းယိုင်သော ဦးတည်ချက်အဖြစ် ထားရှိဆောင်ရွက်တော်မူကြပါရန် သတိပေး လျှောက်ထားရင်း ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်ပါသည်ဘုရား။




**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဗန်းမော်ကျောင်းတိုက်ဆရာတော်
ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**

# ဝန်ထမ်းကောင်းဆိုသည်မှာ မိမိတတ်သိနားလည်ရမည့် အရည်အချင်းများကိုပိုင်ဆိုင်အောင် လေ့လာဆည်းပူးမှုကို အမြဲဆောင်ရွက်နေသူဖြစ်





**ရန်ကုန် မတ် ၃**

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့်အတိုင်း တိုင်းပြည်ကို ချစ်သောစိတ်၊ မိမိနိုင်ငံကို အခြားတိုးတက်သော နိုင်ငံများကဲ့သို့ တိုးတက်ချမ်းသာသည်ကို မြင်လိုသောစိတ်တို့ဖြင့် ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးစားအားထုတ်ပြီး ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၈)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဝန်ထမ်းကောင်းဆိုသည်မှာ မိမိတတ်သိနားလည်ရမည့် အရည်အချင်းများကို ပိုင်ဆိုင်အောင် လေ့လာဆည်းပူးမှုအမြဲဆောင်ရွက်နေသူများဖြစ်သည့်အပြင် ပြည်သူများ၏ အကျိုးစီးပွားကို စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်ကြရသူများဖြစ်ကြောင်း ဆက်လက်မှာကြားသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲနေမှုများ**

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးအတွက် ယခင် Old Public Administration မှသည် နိုင်ငံတော်ကကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီ စနစ်နှင့်လျော်ညီသော New Public Administration၊ New Public Management ၊ New Public Governance တို့ကို အထောက်အကူပြုမယ့် New Public Service Delivery လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုများ ပိုမိုပေးနိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများစွာကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရည်မှန်းချက်များကို ပြည်သူနှင့်အတူလက်တွဲ၍ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် **"နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့် ဝန်ထမ်း လက်တွဲပြု"** "Cooperation of the Civil Service and Public Creates a Nation" ဆိုတဲ့ ဆောင်ပုဒ်အသစ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် အဆင့်မြင့်အရာရှိကြီးများကို ယခုလိုသင်တန်းများပေးခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု (Individual Capacity Development) မှသည် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု (Organizational Capacity Development) ရရှိအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီနှင့် တစ်ဖွဲ့လုံး၏အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် အတွေ့အကြုံများနှင့် ဗဟုသုတများကို ပေါင်းစပ်ကာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများကို အစဉ်လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအောင်မြင်ရန်မှာ ခေါင်းဆောင်တစ်ဦးတစ်ယောက်ပေါ်မှာပဲ မှီခိုအားထားဆောင်ရွက်ရန်မှာ မဖြစ်နိုင်ပါကြောင်း၊ လူတိုင်းလူတိုင်းသည် မိမိတို့သက်ဆိုင်ရာ၊ မိမိတို့ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးမှာ မိမိတို့ကိုယ်မိမိတို့ ခေါင်းဆောင်စိတ်ဓာတ်မွေး၊ ခေါင်းဆောင်တာဝန်ယူပြီး ကြိုးစားဆောင်ရွက်ကြမှသာ နိုင်ငံနှင့် လူမျိုးတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။ ဝန်ထမ်းကောင်းဆိုသည်မှာ မိမိတတ်သိနားလည်ရမည့် အရည်အချင်းများကို ပိုင်ဆိုင်အောင် လေ့လာဆည်းပူးမှုကို အမြဲဆောင်ရွက်နေသူ ဖြစ်သည့်အပြင် နိုင်ငံသားများ၏ အကျိုးစီးပွားကို စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်ကြသူများဖြစ်ကြောင်း မှာကြားသည်။

**ပြည်တွင်းပြည်ပပါဝင်ပို့ချ**

အဆိုပါသင်တန်းသို့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် Hanns Seldel Foundation-HSF၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ EU (GOPA)၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသသတင်းအချက်အလက်နည်းပညာဌာန (UN APCICT)၊ မလေးရှားနိုင်ငံ EDS Business School/ Akamal University USA မှ ပညာရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် YCTC Business Institute၊ Business Innovation Facility တို့မှ ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်အသီးသီးကို လာရောက်ပို့ချခဲ့ကြသည်။

**သင်တန်းဆင်းလက်မှတ်များချီးမြှင့်**

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင်ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးညီညီစံ၊ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးအဆင့်၊ အဆင့်မြင့်အရာထမ်းသင်တန်းသား ၄၀ ၊ သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၅၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် လှူဒါန်းပစ္စည်းများထောက်ပံ့

**နေပြည်တော် မတ် ၃**

ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများ၌ ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် လတ်တလော စားနပ်ရိက္ခာ ထောက်ပံ့ခြင်းနှင့် ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်စဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တတ်ကျွမ်းစေရန်အတွက် လိုအပ်သော အကူအညီများပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကချင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့်အတူ ယနေ့တွင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့၌ရှိသော ဂျာမိုင်ကောင်းKBC၊ မန်ခိန် KBC ၊ နန့်ကွေ့စိန်ယောဟန်၊ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဗက်လင်၊ တပ်ကုန်းစံပြနှစ်ခြင်း၊ မန်ခိန်KBC ၊ မိုင်းနားဖွံ့ဖြိုးရေးဇုန်၊ မိုင်းနားစိန့်ဂျိုးဇက်၊ ခတ်ချို၊ သာဂရ သရက်တောစခန်းများရှိ နယ်မြေလုံခြုံရေး အခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများ ထံသို့သွားရောက်တွေ့ဆုံအားပေးပြီးနိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက လှူဒါန်းသော ဆန်၊ဆီ၊ဆား၊ ပဲ၊ ငါး သေတ္တာရိက္ခာများကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့သည်။

ခရီးစဉ်အတွင်း မြစ်ကြီးနားမြို့နယ် လယ်ကုန်းရပ်ကွက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ရောက်ရှိပြီး သင်တန်းသားများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စနစ်တကျ စီစဉ်ဆောင်ရွက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ သင်တန်းသားများအတွက် တစ်ဦးချင်းဆန္ဒအရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ယူမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အသေးစိတ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲနှင့်အတူ မတ် ၂ ရက် နံနက် ၈ နာရီတွင် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၏ပြခန်းများ ဖွင့်ပွဲကိုလည်းကျင်းပခဲ့သည်။ ပြခန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်အတွင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များအတွက် ယခုပြခန်းများတွင် ပြသထားသည်များကို လေ့လာခြင်းအားဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အသိပညာများ တိုးပွားပြီး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



ထို့နောက် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၏ပြခန်းများ ဖွင့်လှစ်ပြသရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၏ပြခန်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတကာမှပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များကို ဖိတ်ခေါ်ပြီး ပြည်နယ်အတွင်းရှိ တောင်သူဦးကြီးများ၊ သားငါး ပုစွန်မွေးမြူရေးနှင့် ရေလုပ်ငန်းများကိုလုပ်ကိုင်နေကြသူများ အသိပညာဖလှယ်နိုင်ရန်နှင့် ပြည်နယ်၏ဆင်းရဲမှုမှ ရုန်းထွက်နိုင်ရန် ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များကလည်း မိမိတို့သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ပြည်တွင်း၊ ပြည်ပပညာရှင်များက ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုလုပ်ငန်းများတွင် ကျေးလက်ရန်ပုံငွေဖြင့် မြှင့်တင်ခြင်း၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခန်းကဏ္ဍများ၊ ပြည်နယ်၏ ရေရှည်တည်တံ့သော ပုစွန်မွေးမြူရေးလုပ်ငန်းအကြောင်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်အလားအလာများ စသည့် ခေါင်းစဉ်များဖြင့်ဆွေးနွေးကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပမှ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ၊ UNINGO၊ NGO များမှ ဖိတ်ကြားထားသူများ၊ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ဘူးသီးတောင်ဆေးရုံမှ ကလေးတရားခံတစ်ဦး ရောဂါသက်သာ၍ ဆေးရုံမှဆင်း

**နေပြည်တော် မတ် ၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၌ ထိန်းသိမ်းထားသော ကလေးသူငယ်တရားခံတစ်ဦးသည် ဘူးသီးတောင်ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့ရာမှ ရောဂါသက်သာ၍ ယမန်နေ့က ဆေးရုံမှဆင်းခဲ့ကြောင်း သိရသည်။

ငါးခူရနယ်မြေရဲစခန်း (ပ) ၃၅/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄ (ကလေး) မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)/(၂) နှင့် (ကလေး) လက်နက်ဥပဒေပုဒ်မ ၁၉(င)တို့ဖြင့် အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၌ ထိန်းသိမ်းထားသူ တရားခံ ယာဆိမ်း (၁၆ နှစ်)သည် အစာအိမ်အောင့်၊ ကြွက်သားအားနည်း ရောဂါဖြင့် ဘူးသီးတောင်ဆေးရုံတွင် အတွင်းလူနာအဖြစ် မတ် ၁ ရက်က ဒုတိယအကြိမ် တက်ရောက်ကုသခဲ့ရာမှ ရောဂါသက်သာသဖြင့် မတ် ၂ ရက် နံနက် ၁၁ နာရီခွဲတွင်ဆေးရုံမှဆင်းသွားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မန္တလေး၌ ဘာသာပေါင်းစုံ ဆဋ္ဌမအကြိမ် သွေးလှူဒါန်းပွဲကျင်းပ

**မန္တလေး မတ် ၃**

မန္တလေးမြို့နယ်လုံးဆိုင်ရာ မဟာတမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မဟာတမန်တော်နေ့ အထိမ်းအမှတ် ဆဋ္ဌမအကြိမ် သွေးလှူဒါန်းပွဲကို မတ် ၂ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ လမ်း ၈၀၊ ၃၅×၃၆ လမ်းကြားရှိ ပန်းသေးမင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မော်လာနာဆရာဦးမြင့်ဝင်းက ဆုတောင်းမေတ္တာပို့သ၍ ဖွင့်လှစ်သည်။ ထို့နောက် မန္တလေးမြို့ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မြတ်မွန်(ရောဂါဗေဒဌာန)က သွေးလှူဒါန်းခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တမန်တော်နေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဘချစ်၊ ဒေါက်တာခင်ကျော်(ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာနူးရ်စလင်း (အရေပြား အထူးကုဆရာဝန်ကြီး)တို့က သွေးလှူဒါန်းပွဲကျင်းပနိုင်၍ သူတစ်ပါးအသက်ကယ်ဆယ်နိုင်ခြင်း၊ သွေးလှူဒါန်းရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သွေးလှူဒါန်းပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝေဖြိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ ဘာသာပေါင်းစုံသွေးလှူဒါန်းပွဲသို့ သွေးလှူရှင်အဖွဲ့ပေါင်းစုံမှ သွေးလှူရှင် ၁၅၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ သွေးလှူဒါန်းပွဲကို ဒေါက်တာ ဒေါ်ခင်မြတ်မွန်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ကျောက်ဖြူမြို့နယ် အ.ထ.က(၁)အတွက် ကမ္ပည်းမော်ကွန်းကျောက်ပြားပေးအပ်

**ကျောက်ဖြူ မတ် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ကမ္ပည်းမော်ကွန်း ကျောက်ပြားပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဆက်လက်၍ တရုတ်သံရုံး၏ သံမှူးကြီး Mr.Chen Chen(ဦးခင်စိန်)က အမှာစကားပြောကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်နှင့် အ.ထ.က(၁)ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်တို့က တရုတ်-မြန်မာချစ်ကြည်ရေး ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ကမ္ပည်းမော်ကွန်း ကျောက်ပြားပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ အခြေခံပညာကဏ္ဍ၌ ကျောင်းပေါင်း ၄၇၃၆၃ ကျောင်း ရှိကာ ဆရာ ဆရာမပေါင်း ၃၄၀၀၀၀ ကျော်မှ ကျောင်းသားပေါင်း ၉၂၆၀၀၀ ကျော် ကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အဆိပ်သင့်ဓာတုပစ္စည်း ထိတွေ့မိသောကြောင့် ခုနစ်ဦးဆေးကုသမှုခံယူရလျက်ရှိ

**မိုဆူးလ် မတ် ၃**

အီရတ်နိုင်ငံ မြို့တော်မိုဆူးလ်အနီးတွင် ကလေးငယ်ငါးဦးနှင့် အမျိုးသမီးနှစ်ဦးတို့သည် အန္တရာယ်ရှိသည့် ဓာတုအဆိပ် ထိတွေ့မိခဲ့မှုကြောင့် ဆေးရုံတက်ကာ ကုသမှုခံယူရလျက်ရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီကော်မတီက သောကြာနေ့တွင် ပြောကြားခဲ့သည်။

မိုဆူးလ်မြို့တွင် အိုင်အက်စ် အစွန်းရောက် စစ်သွေးကြွများသည် အမေရိကန်က ကျောထောက်နောက်ခံပြုထားသည့် အီရတ်လုံခြုံရေးအင်အားစုများ၏ ထိုးစစ်ဆင်ချေမှုန်းတိုက်ခိုက်မှုကို အလူးအလဲခံရလျက်ရှိသည်။

အီရတ်မြို့တော် မိုဆူးလ်နှင့် အနီးတစ်ဝိုက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့စဉ်အတွင်း ဓာတုအဆိပ်လက်နက်များ အသုံးပြုခဲ့ခြင်းအပေါ် နိုင်ငံတကာ ကြက်ခြေနီကော်မတီက အပြင်းထန်ဆုံး စကားလုံးများဖြင့် ပြစ်တင်ရှုတ်ချခဲ့ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်ရက်အကြာက အဆိပ်သင့်ပစ္စည်းထိတွေ့ခဲ့သည့် လူနာခုနစ်ဦးအား မိုဆူးလ်မြို့အနီး ရိုဇာဝါဆေးရုံသို့ ပို့ဆောင်ကာ ကုသမှုများ လုပ်ဆောင်လျက်ရှိရာတွင် နိုင်ငံတကာကြက်ခြေနီကော်မတီမှ ဆေးဘက်ဆိုင်ရာအဖွဲ့များသည် ဒေသရှိ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ အပြည့်အဝကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ကော်မတီက ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# စမ်းသပ်ရေးဂြိုဟ်တု တရုတ်နိုင်ငံလွှတ်တင်

**ပေကျင်း မတ် ၃**

တရုတ်နိုင်ငံသည် တီကေ-၁ အမည်ရှိ စမ်းသပ်ရေးဂြိုဟ်တုတစ်လုံးအား နိုင်ငံ၏အနောက်မြောက်ပိုင်းရှိ ကျူချွာချွမ်ဂြိုဟ်တုလွှတ်စင်မှ မကြာသေးမီက လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



ဂြိုဟ်တုသယ်ဆောင်ရေးဒုံးပျံ ကေတီ-၂ ပုံစံငယ်အားတွေ့ရစဉ်

အဆိုပါဂြိုဟ်တုအား ကေတီ-၂ ဒုံးပျံဖြင့် တင်ဆောင်ပစ်လွှတ်ခဲ့ပြီးနောက် ယင်းဂြိုဟ်တုသည် သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

တီကေ-၁ ဂြိုဟ်တုသည် တရုတ်နိုင်ငံ လေကြောင်းအာကာသသိပ္ပံနှင့် စက်မှုကော်ပိုရေးရှင်းက တစ်ဦးတည်းဖန်တီးတည်ဆောက်ခဲ့သော ပထမဆုံးဂြိုဟ်တုတစ်လုံးဖြစ်ပြီး အသေးစားဂြိုဟ်တု အခြေခံနည်းပညာများ အသုံးပြုကာ စမ်းသပ်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အဝေးထိန်းစနစ်နှင့် အာရုံခံခြင်းတို့အတွက် အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

ကေတီ-၂ ဒုံးပျံသည် တရုတ်နိုင်ငံလေကြောင်း အာကာသသိပ္ပံနှင့် စက်မှုကော်ပိုရေးရှင်း၏စီးပွားဖြစ် အာကာသအစီအစဉ်ရှိ သယ်ဆောင်ရေးစနစ်ငါးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ယင်းဒုံးပျံသည် ဂြိုဟ်တုသယ်ဆောင်နိုင်မှုစွမ်းရည် မြင့်မားကြောင်း ယင်းကော်ပိုရေးရှင်းက ပြောသည်။

**(ဆင်ဟွာ)**

# ဇင်ဘာဘွေတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူ ၂၀၀ ကျော်သေဆုံး

**ဟာရာရီ မတ် ၃**

ဇင်ဘာဘွေနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ဒေသအသီးသီးတွင် ရေဘေးဒုက္ခ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး လက်ရှိအချိန်ထိ လူပေါင်း ၂၄၆ ဦး သေဆုံးခဲ့ကာ ၂၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း ယမန်နေ့က အစိုးရအရာရှိတစ်ဦးက ထုတ်ပြန်ကြေညာခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ အစိုးရဝန်ကြီးတစ်ဦးဖြစ်သူ စေဗီယား ကက်ဆုကူဝါက လက်ရှိအချိန်ထိ ဇင်ဘာဘွေတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နေအိမ်ပေါင်း ၂၅၇၉ လုံး၊ ကျောင်း ၇၄ ကျောင်း၊ ဆေးရုံ ၅ ရုံတို့လည်း ရေဘေးဒုက္ခကြောင့် ပြိုလဲသွားရကြောင်း၊ ရေဘေးဒုက္ခကြောင့် မွေးမြူရေးနှင့် တိရစ္ဆာန်အများအပြားသေဆုံးခဲ့ရပြီး လွန်ခဲ့သောလနောက်ဆုံးရက်က ဇင်ဘာဘွေတောင်ပိုင်းဒေသကို အမျိုးသားအဆင့်ဘေးဒုက္ခကျရောက်သည့် အခြေအနေအဖြစ် ကြေညာခဲ့ကြောင်းပြောခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ သဘာဝပတ်ဝန်းကျင်ဌာနဝန်ကြီး အော့ပါမူချီဂူရီက ရေဘေးဒုက္ခကြောင့် နိုင်ငံတွင်းရှိ ရေအရင်းအမြစ်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဆုံးရှုံးခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် လူပေါင်းတစ်သိန်းခန့် သန့်ရှင်းသောရေ မရရှိနိုင်ကြောင်း၊ ပျက်စီးခဲ့သည့် အဆောက်အအုံများကို ပြင်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂ သန်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရာသီဥတုဆိုင်ရာ ပညာရှင်များက ဇင်ဘာဘွေနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အဆက်မပြတ် မိုးရွာသွန်းမှုသည် လာနီညာအခြေအနေကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးရွာသွန်းမှုသည် မတ်လကုန်ပိုင်းအထိ ဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

**(ဆင်ဟွာ)**



ဇင်ဘာဘွေနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေဘေးဒုက္ခကြောင့် ပြိုလဲခဲ့သည့် အဆောက်အအုံအား တွေ့ရစဉ်

# ရန်သူများအား အကူအညီပေးနေသည်ဟု ဂျာမနီအား တူရကီစွပ်စွဲ



**အန်ကာရာ မတ် ၃**

တူရကီနိုင်ငံသည် ဂျာမနီအား တူရကီဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရန်ရှိသည့် ဂျာမနီမြို့နှစ်မြို့တို့မှ တူရကီနိုင်ငံသားများ၏စုဝေးမှုကို ပယ်ဖျက်ခြင်းဖြင့် မလိုမုန်းထားသည့် အပြုအမူမျိုးလုပ်ဆောင်ခဲ့ပြီး တူရကီနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်နေကြသူများအား ခုခံကာကွယ်ပေးခြင်းများ ပြုလုပ်လျက်ရှိသည်ဟု သောကြာနေ့တွင် စွပ်စွဲပြောကြားခဲ့သည်။

ဂက်ဂီနူအနောက်တောင်ပိုင်းမြို့တွင် ပြုလုပ်မည့် တွေ့ဆုံပွဲတွင် မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည့် တူရကီတရားရေးဝန်ကြီး ဘီကာဘော့ဇ်ဒက်သည် ကြာသပတေးနေ့တွင်တွေ့ဆုံမှုကို ပယ်ဖျက်ခံလိုက်ရပြီးနောက် ထိုသို့မှတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘီကာဘော့ဇ်ဒက်၏ မှတ်ချက်ချပြောဆိုမှုများသည် နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံနှစ်ခုတို့၏ ပိုမိုအေးစက်စိမ်းကားလာသည့် ဆက်ဆံရေးအခြေအနေကိုထင်ဟပ်ပြသလျက်ရှိသည်။

ဂက်ဂီနူမြို့သည် သမ္မတတေယစ်အာဒိုဂန်၏ အာဏာကိုင်စွဲမှုကာလကို တိုးချဲ့သည့် ပြေီလရွေးကောက်ပွဲအတွက် တူရကီနိုင်ငံသား ၁ ဒသမ ၅ သန်း အားစုဆောင်းရေး အကူအညီအထောက်အပံ့များပေးအပ်ရန် ကြိုးပမ်းအားထုတ်မှုများ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်သည် ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်ပတ်သက်၍ တူရကီအား အနောက်နိုင်ငံများက ပြစ်တင်ဝေဖန်မှုများပြုလုပ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဟု စွပ်စွဲပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ကန်ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျမည့် စစ်ရေးလေ့ကျင့်ကွင်း စင်ကာပူတည်ဆောက်မည်

**စင်ကာပူ မတ် ၃**

အကျယ်အဝန်းအားဖြင့် ၈၈ ဟက်တာခန့်ရှိပြီး စင်ကာပူဒေါ်လာသန်းပေါင်း၉၀၀ (အမေရိကန်ဒေါ်လာ ၆၃၅ ဒသမ ၈၆ သန်း)ခန့်ကုန်ကျမည့် မြေပြင်စစ်ရေးလေ့ကျင့်ကွင်းတစ်ခုကို စင်ကာပူအနောက်ပိုင်းတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီး နောင်အန်ဟိန်က သောကြာနေ့တွင် လွှတ်တော်၌ ပြောကြားခဲ့သည်။

ဆက်ဖတီမြို့တွင် အကြမ်းလျာထားသည့် အဆိုပါစီမံကိန်းမှာ တည်ဆောက်ပြီးစီးရန် ၁၀ နှစ် ကြာမြင့်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။ စစ်ရေးလေ့ကျင့်ကွင်း တည်ဆောက်ပြီးစီးသွားလျှင် တပ်မတော်သားများအား လူနေသိပ်သည်းသည့် မြို့ပြရေိယာပတ်ဝန်းကျင်အတွင်း လေ့ကျင့်မှုများ ပြုလုပ်စေမည်ဖြစ်သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# လူကုန်ကူးမှု သံသယရှိသူကို စစ်ဆေးထိန်းသိမ်းထား

**တိုက်ကြီး မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂ ရက် ည ၈ နာရီခန့်က လူကုန်ကူးမှုသံသယရှိသူနှင့် ပါလာသော အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ကလေးလေးဦးကို တာဝန်သိပြည်သူတစ်ဦးက သတင်းပေးချက်အရ သွားရောက်ခေါ်ယူ စစ်ဆေးမေးမြန်းထိန်းသိမ်းထားရှိပြီး တိုက်ကြီးမြို့မရဲစခန်းနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့ရှမ်းစုရပ်ကွက် သုခမြိုင် (၁) လမ်းနေ အိမ်ရှင် ဦးရဲဝင်း၏ နေအိမ်၌ ငှားရမ်းနေထိုင်သော အိမ်ငှားဖြစ်သူ ကိုသားငယ်နှင့်ဇနီး မမွန်မွန်နိုင်တို့ နေအိမ်၌ ရောက်ရှိနေသူလေးဦးသည် ၎င်းတို့အား ခေါ်ဆောင်လာသည့် ဇနီးမောင်နှံအား ယုံကြည်မှုမရှိသဖြင့် ၎င်းတို့မရှိခိုက် ပတ်ဝန်းကျင်မှလူငယ်များအား အကူအညီတောင်းပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ည ၈ နာရီခန့်တွင် ရောက်ရှိလာသည်။

ရောက်ရှိလာသော ကလေးများမှာ မောင်ချစ်မင်းသူ (၁၆ နှစ်)၊ မောင်ချစ်မင်းကို (၁၂ နှစ်)၊ မနှင်းအိဖြူ (၁၆ နှစ်)၊ မချစ်ချစ်မွန် (၁၈ နှစ်) တို့အား မေးမြန်းရာ ၎င်းတို့သည် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုပ်ကောင်းမြို့ တင်းချောင်းကျေးရွာအုပ်စု ဝါးကလောကျေးရွာမှဖြစ်ပြီး ၎င်းတို့အားခေါ်ဆောင်လာသူ မမွန်မွန်နိုင်က အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမည်ဟု ပြောဆိုသဖြင့် မိဘများမှ ထည့်လိုက်၍ လိုက်ပါလာခြင်းဖြစ်ကြောင်း နောက်တစ်နေ့တွင် အလုပ်လုပ်ကိုင်ရန်အတွက် ပခုက္ကူမြို့သို့ သွားရောက်ရမည်ဖြစ်သဖြင့် ကားလက်မှတ်ဝယ်ယူရန်ဟု ပြောခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ၎င်းတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ခေတ္တထိန်းသိမ်းထားပြီး သက်ဆိုင်ရာသို့ ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



# သက်တမ်းလွန် ပိုးသတ်ဆေးများ ဖြန့်ဖြူးရောင်းချပါက ယခုလမှစပြီး အရေးယူတော့မည်

**နေပြည်တော် မတ် ၃**

တောင်သူလယ်သမား သုံးစွဲနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် သက်တမ်းလွန် ပိုးသတ်ဆေးများ၊ အညွှန်းစာမပြည့်စုံသော ပိုးသတ်ဆေးများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေပါက ယခုလ (မတ်လ ၁ ရက်)နေ့မှစတင်ကာ အရေးယူတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ထုတ်ပြန်ထားကြောင်း သိရသည်။

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် ပိုးသတ်ဆေးအချို့သည် မှတ်ပုံတင် လျှောက်ထားစဉ်က တင်ပြခဲ့သည့် အညွှန်းစာနှင့် ကွဲလွဲမှုရှိခြင်း၊ အညွှန်းစာတွင်ပါရှိရမည့်အချက်များ မပြည့်စုံခြင်း၊ မှတ်ပုံတင် လျှောက်ထားဆဲကာလတွင် ရောင်းချနေခြင်းများ တွေ့ရှိနေရကြောင်း၊ ဈေးကွက်တွင် ရောင်းချနေသည့် ပိုးသတ်ဆေးအညွှန်းစာ (Market Label) သည် ပိုးသတ်ဆေးတင်သွင်းလျှောက်ထားစဉ်က တင်ပြခဲ့သည့်အတိုင်းဖြစ်ရမည့်အပြင် ပိုးသတ်ဆေးဥပဒေပုဒ်မ ၃၁ တွင် မည်သူမျှ ပိုးသတ်ဆေးမှတ်ပုံတင် ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေးကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း မပြုရဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

"စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ မြေအသုံးချ၊ ပိုးမွှားတာဝန်ခံများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တစ်လတစ်ကြိမ် တပ်ကုန်းမြို့ပေါ်မှာရှိတဲ့ ပိုးသတ်ဆေးဆိုင်တွေ စစ်ဆေးပါတယ်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်တွေ ဥပဒေနဲ့အညီ ရောင်းချခြင်းရှိ၊ မရှိ၊ အရောင်းလိုင်စင် ရှိ၊ မရှိ၊ CPA သင်တန်းတက်ရောက်မှုရှိ၊ မရှိ၊ မှတ်ပုံတင်မဲ့ ပိုးသတ်ဆေးရောင်းချမှု ရှိ၊ မရှိစတာတွေကို စစ်ဆေးတာဖြစ်ပါတယ်။ မြို့ပေါ်မှာ ပိုးသတ်ဆေးဆိုင်ပေါင်း ၃၈ ဆိုင်ကျော် ရှိပါတယ်။ အခုလကစပြီး သက်တမ်းလွန်ဆေးတွေ၊ တောင်သူတွေ နားလည်နိုင်တဲ့ အညွှန်းစာတန်း မပြည့်စုံတဲ့ဆေးတွေကို သက်ဆိုင်ရာ ဆေးကုမ္ပဏီတွေကို ပြန်လည်ပေးပို့လျက်ရှိပါတယ်"ဟု တပ်ကုန်းမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။




တပ်ကုန်းမြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်တစ်ဆိုင်အား စိုက်ပျိုးရေးဝန်ထမ်းများ စစ်ဆေးစဉ်

စိုက်ပျိုးရေးသုံး ဆေးပစ္စည်း အမျိုးမျိုး ထုတ်လုပ်နေသည့် ကုမ္ပဏီများကလည်း မှတ်ပုံတင်အမှတ်၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်းကုန်ဆုံးမည့်ရက်၊ ဓာတ်မြေဩဇာများ၏ အချိုးအစားဖော်ပြမှု ပြည့်စုံစွာမပါရှိသော ပိုးသတ်ဆေးများကို ပြန်လည်ပေးပို့ရန် အကြောင်းကြားထားကြောင်း၊ မှတ်ပုံတင်အမှတ်၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်းကုန်ဆုံးမည့်ရက်၊ ဓာတ်မြေဩဇာများ၏ အချိုးအစားဖော်ပြမှု ပြည့်စုံစွာ မပါရှိသော ပိုးသတ်ဆေးများ ဈေးကွက်သို့ မရောင်းချရန်နှင့် အဆိုပါဆေးပစ္စည်းကိုလည်း ပြန်လည်လဲလှယ်ပေးမည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ်များကိုလည်း ကုမ္ပဏီမှ ကျခံပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း ဆက်လက်ဖြန့်ချိရောင်းချနေပါက ကုမ္ပဏီအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း Golden Key Co.Ltd ၏ ဖော်ပြချက်အရ သိရသည်။

"ကျွန်တော်တို့ဒေသက တစ်နှစ်ပတ်လုံး သီးနှံတွေ စိုက်တဲ့အတွက် ပိုးသတ်ဆေးတို့၊ ဓာတ်မြေဩဇာတို့ကို အမြဲအသုံးပြုရပါတယ်၊ များသောအားဖြင့် တောင်သူအများစုဟာ စိုက်ပျိုးရေးဆေးဆိုင်ကပြောတဲ့ ပိုးသတ်ဆေးတွေကို အသုံးပြုတာရှိသလို တောင်သူအချင်းချင်းပြောတဲ့ ဆေးတွေကိုပဲ အသုံးပြုများကြပါတယ်။ သက်တမ်းလွန်တာတွေ၊ မှတ်ပုံတင်မဲ့တာတွေ၊ အာနိသင်မကောင်းတာတွေကို မသိကြပါဘူး။ အခုလို မှတ်ပုံတင်အမှတ်၊ ထုတ်လုပ်သည့်ရက်၊ သက်တမ်းကုန်ဆုံးမည့်ရက်၊ ဓာတ်မြေဩဇာတွေရဲ့အချိုးအစားဖော်ပြမှု ပြည့်စုံစွာ မပါရှိရင် အရေးယူမယ်ဆိုတော့ တောင်သူတွေအတွက် များစွာအကျိုးရှိပါတယ်"ဟု တပ်ကုန်းမြို့နယ် နွယ်ရစ်ရွာမှ တောင်သူတစ်ဦးက ပြောသည်။

မှတ်ပုံတင်လျှောက်ထားဆဲ ပိုးသတ်ဆေးများ၊ အညွှန်းစာမပြည့်စုံသည့် ပိုသတ်ဆေးများကို မတ်လ ၁ ရက်မှစတင်၍ ဈေးကွက်၌ ရောင်းချဖြန့်ဖြူးမှုများ စစ်ဆေးတွေ့ရှိပါက ပစ္စည်းများကို သိမ်းပြီး တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီအား ပိုးသတ်ဆေးဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်**

❋ *ရှေ့ဖုံးမှ*

ယဉ်ကျေးမှုဌာနမှာ ပြုလုပ်ပါတယ်။

ဒီနှစ်မှာတော့ မဟာဗန္ဓုလပန်းခြံမှာ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်ပါတယ်။ ဒီပြပွဲမှာ ဓာတ်ပုံပေါင်း ၁၇၀ ကျော် ပြသသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မတ် ၄ ရက်နဲ့ ၅ ရက်မှာ LED SCREEN နဲ့လည်း ဓာတ်ပုံတွေကို ပြသသွားမှာ ဖြစ်ပါတယ်" ဟု ပြပွဲတာဝန်ခံ ကိုစံပြကျော်မြင့်က ပြောသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် ၂၀၁၆ ခုနှစ်အတွက် WORLD PRESS မှ သတင်းဓာတ်ပုံများနှင့် ဆုရဓာတ်ပုံများလည်း ပါဝင်ကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော ကမ္ဘာတစ်ဝန်းလုံးမှ သတင်းဓာတ်ပုံ ၆၆ ပုံ ပါဝင်ပြသမည်။

ထို့အပြင် ဓာတ်ပုံဆရာ Gunter Pfannmuller နှင့် Wihelm Klein တို့၏ "ဂုဏ်သိက္ခာကို ရှာဖွေခြင်း" ခေါင်းစဉ်ဖြင့် ၁၉၈၀ ကတည်းကစ၍ မြန်မာတိုင်းရင်းသား လူမျိုးများအကြောင်း မှတ်တမ်းတင်ထားသော မြန်မာလူမျိုးတို့၏ ရှားပါးဓာတ်ပုံများလည်း ပြသသွားမည်ဖြစ်သည်။

၁၉၁၈-၁၉၃၅ ကာလတွင် မြန်မာနိုင်ငံတောင်ပေါ်တိုင်းရင်းသားများ လူမျိုးများနှင့် ယဉ်ကျေးမှုများအား မှတ်တမ်းတင်ခဲ့သည့် ဗြိတိသျှစစ်သားအရာရှိ Janes Herry Green ၏ ဓာတ်ပုံများလည်း ပါဝင်သည်။ဘဲလေးဓာတ်ပုံစတူဒီယို၏ ရန်ကုန်ဖက်ရှင် ၁၉၇၉ မှ ဓာတ်ပုံများလည်း ပြသသွားမည်ဖြစ်ကြောင်း ယင်းဓာတ်ပုံပွဲတော်ဖွင့်ပွဲကို မတ် ၄ ရက် ညနေပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး မတ်လအတွင်း အပြီးတည်ဆောက်မည်

**ပုသိမ်ကြီး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်၂ မှတစ်ဆင့် ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့သို့ ဆက်သွယ်သွားလာနိုင်သည့်ဒုဋ္ဌဝတီ (ရွှေစာရံ)တံတားတည်ဆောက်မှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၄)မှ သိရသည်။

"ရွှေစာရံတံတားရဲ့ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအနေနဲ့ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ အခုမတ်လကုန်မှာ ဖွင့်နိုင်ဖို့ လျာထားပါတယ်။ ဘတ်ဂျက်ကာလမကုန်ခင် အပြီးလုပ်ဆောင်နိုင်ဖို့ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။ အဆိုပါတံတားကို ၂၀၁၆ ခုနှစ်ဇွန်လ ၆ ရက်က စတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ခွင့်ပြုဘဏ္ဍာငွေ ငွေကျပ်သန်းပေါင်း ၂၁၁၂ သန်းခန့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။ "မန္တလေးကို ဝင်စရာမလိုတော့ဘဲ ပြင်ဦးလွင်ကို အချိန်တိုအတွင်း သွားနိုင်တဲ့အတွက် ဒေသတွင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေး တိုးတက်ပြီး သွားလာရေးအဆင်ပြေမယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်ဆည်နဲ့ ပြင်ဦးလွင်သွားရင် ဒီတံတားကြောင့် မိုင် ၄၀ လောက် ခရီးတိုသွားမယ်" ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း ထပ်မံပြောကြားသည်။



ယင်းတံတားအနီးရှိ ရွှေစာရံရွာမှ ဒေသခံဖြစ်သူ ဦးရဲဆင့်ကလည်း "အရင်ကဆိုရင် ဒုဋ္ဌဝတီမြစ်ဖြတ်တဲ့ တံတားမရှိတော့ ညပိုင်းမှာ စက်လှေမရှိလို့ဟိုဘက်ကမ်းကို ပြန်ဖို့အခက်အခဲဖြစ်တယ်။ ညဆိုရင် စက်လှေကို ဖုန်းဆက်ခေါ်တာတောင် မရဘူး။ တံတားပြီးသွားရင် နေ့ည အချိန်မရွေးသွားလို့ရသွားပြီ" ဟုဆိုသည်။

အဆိုပါတံတားသည် အာစီကွန်ကရစ်အမျိုးအစားဖြစ်၍ အခန်းခြောက်ခန်းနှင့် အရှည်ပေ ၆၆၀ ၊ ရေလယ်တိုင်ငါးတိုင်၊ ချဉ်းကပ်တိုင် နှစ်တိုင်ရှိ၍ ကားလမ်းပေအကျယ် ၂၄ ပေနှင့် လူသွားလမ်း သုံးပေစီပါဝင်ကာ စုစုပေါင်းပေ ၃၀ ကျယ်ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# အမရပူရမြို့တွင် အိမ်အကူ မိန်းကလေးတစ်ဦးအား နှိပ်စက်မှုဖြစ်ပွား

**အမရပူရ မတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာရှိ ဟိန်းအာကာ အပ်ချုပ်ဆိုင်နေအိမ်မှ အိမ်အကူမိန်းကလေး ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့်ပတ်သက်၍ ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာရှိ Family ကျောင်းသားအဆောင်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ရတနာပုံတက္ကသိုလ်ကျောင်းသားသမဂ္ဂအဖွဲ့ဥက္ကဋ္ဌဟောင်း ဦးနိုင်ရဲဝေက အိမ်အကူ မိန်းကလေးမှာ လားရှိုးမြို့ နမ့်မွန်းကျေးရွာမှ မအေးကြင် အသက်(၁၄နှစ်) (ဘ) ဦးအိုက်နူးဖြစ်ကြောင်း၊ တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာရှိ ဦးနိုင်အောင်(ခ)အာချန်နှင့် ဇနီး မဆောင်းနှစ်သစ်ဦး (ဟိန်းအာကာအပ်ချုပ်ဆိုင်)နေအိမ်၌ အိမ်အကူအဖြစ် တစ်လလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး မအေးကြင်အား အိမ်ရှင်များက ညှဉ်းပန်းနှိပ်စက်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်အကြောင်းကြားသဖြင့် ဟိန်းအာကာအပ်ချုပ်ဆိုင်နေအိမ် မှ မအေးကြင်အား ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ရာအိမ်မှူး ဦးမြင့်၏နေအိမ်၌ မိသားစုနှင့်အတူ စောင့်ရှောက်ထားခဲ့ကြောင်း။

ညှဉ်းပန်းနှိပ်စက်ခံရသည့် အိမ်အကူ မအေးကြင်အား မေးမြန်းခဲ့ရာ ဦးနိုင်အောင်(ခ)အာချန်က ထမင်းပေါင်းအိုး ပလပ်ကြိုးဖြင့် ရိုက်နှက်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ပါးရိုက်ခြင်း၊ အဝတ်ချုပ်အပ်တို့ဖြင့် ထိုးနှက်ခြင်းများပြုလုပ်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများမှ သိရှိလိုသည်များကိုမေးမြန်းရာ မအေးကြင်က ဒဏ်ရာရရှိမှုတို့ကို ပြသဖြေကြားခဲ့သည်။အဆိုပါ အိမ်အကူ မအေးကြင်အား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ ထန်းတောကျေးရွာ ရာအိမ်မှူး ဦးလှတိုးနိုင်က တရားလိုပြုလုပ်၍ အမရပူရမြို့မရဲစခန်းသို့ ယနေ့နံနက်ပိုင်းက တိုင်ကြားခဲ့ရာ ရဲစခန်းမှ ရာဇသတ် ကြီးဥပဒေပုဒ်မ ၃၂၆/၃၂၅ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# UNFC အဖွဲ့ဝင်များ အဆိုပြုထားသည့် အချက် ကိုးချက်ကို မူအားဖြင့်သဘောတူခဲ့

**ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

ရန်ကုန် မတ် ၃

**ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ပြုလုပ်ခဲ့သည်။**

**အစည်းအဝေးတွင် (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများအဆိုပြုထားသည့် အဆိုပြုချက်(၉)ချက်ကို မူအားဖြင့် သဘောတူညီခဲ့ပြီး အစည်းအဝေးအပြီးတွင် နှစ်ဖက်တာဝန်ရှိသူကိုယ်စားလှယ်များက သတင်းမီဒီယာများအား ရှင်းလင်းပြောကြားခဲ့သည်များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။**


ဦးဇော်ဌေး


ခွန်ဦးရယ်


ဦးလှမောင်ရွှေ

**ဦးဇော်ဌေး(ခေတ္တညွှန်ကြားရေးမှူးချုပ်)**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

ဒီနေ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်နဲ့ DPN တို့ ဆွေးနွေးပွဲကို ရန်ကုန် NRPC မှာလုပ်ခဲ့ပါတယ်။ နံပါတ်တစ်က UNFC အဖွဲ့ဝင်တွေ အဆိုပြုတဲ့ အဆိုပြုချက် ကိုးချက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ နံပါတ်နှစ်က တစ်ဖက်နဲ့တစ်ဖက် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ပြီး အဲ့ဒီအချက် ကိုးချက်ကို မူအားဖြင့် သဘောတူညီမှုရရှိခဲ့ပါတယ်။ အဲ့ဒီမှာမှ အဆိုပြုချက်သုံးကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည် ပြင်ဆင်သုံးသပ်တဲ့ အစည်းအဝေးမှာ ဆက်ပြီးဆွေးနွေးပါမယ် အဆိုပြုချက် အမှတ်ငါးကိုတော့ JMC အလုပ်အဖွဲ့မှာ ဆက်လက်ညှိနှိုင်းဆွေးနွေးပါမယ်ဆိုပြီး နှစ်ဖက်သဘောတူညီခဲ့ပါတယ်။ နံပါတ်လေးအချက်မှာတော့ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်သင့် ပါဝင်ထိုက်တဲ့ အဖွဲ့အစည်းအားလုံး ပါဝင်နိုင်ဖို့ နှစ်ဖက်ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာရယ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးကို ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသွားမယ်ဆိုတာ နှစ်ဖက်သဘောတူပါတယ်။

ပါဝင်သင့်ပါဝင်ထိုက်တဲ့သူဆိုတာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ State Holder တွေပါပါတယ်။ ဒါကိုဆိုလိုတာပါ။ ကိုးချက်လုံးမှာ မူအားဖြင့် သဘောတူတယ်ဆိုတာ ဆွေးနွေးမှုမှာ သဘောတူညီမှုတစ်စုံတစ်ရာရတယ်။ ဒါဟာ နှစ်ဦးနှစ်ဖက် သဘောတူညီမှု မဟုတ်သေးဘူး။ DPN အနေနဲ့ UNFCနဲ့ ပြန်ပြီး ဒါတွေကို ရှင်းပြရဦးမယ်။ အဆင့်တစ်ဆင့် သဘောတူညီမှုရပြီ။ နောက်ဆုံးအဆင့် ကတိပြုချက်တော့ မဟုတ်သေးဘူး။ အဆိုပြုချက် အချက်သုံးက နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာ ပြန်လည်သုံးသပ်မှုနဲ့ ဆိုင်တယ်။ ငါးကတော့ NCA လက်မှတ်ထိုးပြီးတဲ့ အခါမှာ ဒီအရာခိုင်မာအောင် ဘယ်လိုလုပ်မလဲဆိုတာပါ။ အစိုးရရဲ့ ရပ်တည်ချက်က တွေ့ဆုံဆွေးနွေးညှိနှိုင်းရေး လမ်းစဉ်ကို လက်ကိုင်ထားတယ်။ ငြိမ်းချမ်းရေးကော်မရှင် အနေနဲ့က UWSA 'ဝ'ကိုလည်း အရင်ကတည်းက ဖိတ်ခေါ်ထားတာရှိတယ်။ ဒီဖိတ်ခေါ်ချက်က အခုထိတရားဝင်ပြီး ငြိမ်းချမ်းရေး တံခါးဖွင့်ထားဆဲပါ။

**ခွန်ဦးရယ် (အဖွဲ့ခေါင်းဆောင်)**
**နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)**

ပင်လုံတက်ရောက်နိုင်ရေးအတွက် NCA လက်မှတ်ထိုးပြီးမှ တက်မလား၊ မထိုးဘဲတက်မလားဆိုရင် ဆုံးဖြတ်ရမယ့်အဆင့်တွေ ကျော်ရပါဦးမယ်။ ထုတ်ပြန်ချက်ထဲမှာ ပြောထားတဲ့အတိုင်းပဲ မူအားဖြင့် သဘောတူညီချက်တွေက တကယ်လက်မှတ်ရေးထိုးတဲ့အဆင့်ထိရောက်အောင် ဖြတ်ကျော်ရဦးမယ်လို့ ဆိုလိုတာပါ။ နောက် ဒီမှာပါတဲ့ အချက်သုံးနဲ့ ငါးကို ဘယ်လိုညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုတာလည်း ဆက်လက်ဆောင်ရွက်ရင်းနဲ့ တစ်ပြိုင်တည်းသွားမယ်လို့ ပြောထားတာလည်း အဆင်ချောဖို့ လိုပါတယ်။ ကျွန်တော်တို့ကလည်း ညီလာခံတက်တာ မတက်တာထက် NCA ထိုးဖြစ်တာနဲ့ ညီလာခံတက်မယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ NCA လက်မှတ်ရေးထိုးဖို့အဆင့်လိုက် ဆောင်ရွက်နေတယ်ဆိုတာ ပြောခြင်းအားဖြင့် ဘယ်အချိန်ဖြစ်မယ်ဆိုတာတော့ အချိန်ကို စောင့်ကြည့်ရဦးမှာပါ။ အမြန်ဆုံးဖြစ်အောင် ဆိုတာတော့ နောက်ဆုံးအချက်မှာပြောထားတာရှိပါတယ်။ အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာ ပြောချင်ပါတယ်။

ကျွန်တော်တို့ ဒီကိုမလာခင်အထိ ကျွန်တော်တို့ UNFC ရဲ့ရပ်တည်ချက်က ဒီအတိုင်းရှိပါတယ်။ SSPP ကိုယ်စားလှယ်လည်း တက်ပါတယ်။ KIO တစ်ဖွဲ့ပဲ မလာနိုင်တာပါ။ ဒါပေမယ့် KIO ရဲ့ရပ်တည်ချက်နဲ့ သဘောထားကိုလည်း ကျွန်တော်တို့နဲ့ တစ်ခါတည်းထည့်လိုက်ပါတယ်။ အခြေခံအဆင့် သဘောတူညီချက်ရထားတယ်။ ဒါကို သဘောတူနိုင်တာက တိုးတက်မှုလို့ ပြောနိုင်ပါတယ်။ အမြန်ဆုံးဖြစ်အောင် နှစ်ဖက်က ကြိုးပမ်းဆောင်ရွက်သွားမယ်။

**ဦးလှမောင်ရွှေ(အတွင်းရေးမှူး)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ**(UPDJC)

ကျွန်တော်တို့ DPN နဲ့ တရားဝင်ဆွေးနွေးတာ လေးကြိမ်ဆိုပေမယ့် အလွတ်သဘောဆွေးနွေးခဲ့တာလည်း လေးကြိမ်ရှိပါပြီ။ ကြေညာချက်ထဲပါတဲ့အတိုင်း အခြေခံကို အားလုံးသဘောတူနေပါပြီ။ အခု UNFC ခေါင်းဆောင်တွေဆီ ပြန်ယူသွားပြီး ရှင်းလင်းချက်လုပ်မယ်။ အဲ့ဒီက တုံ့ပြန်မှုကို ပြန်စောင့်ရမယ်။ ကျွန်တော်တို့က အပေါ်ကပေးတဲ့မူအတိုင်း ဆောင်ရွက်ပြီးပါပြီ။ DPN ဘက်ကလည်း အမြန်ဆုံးအကောင်အထည်ဖော်မယ်ဆိုတော့ လာမယ့် နှစ်ရက်၊ သုံးရက်အတွင်းမှာ ပြန်ပြောနိုင်မယ်ထင်ပါတယ်။ ကြေညာချက်ထဲမှာပါတာက အခုညီလာခံကို သူတို့ တက်နိုင်ဖို့ ကြိုးစားတဲ့ သဘောပါ။ ဒီနေ့ရလဒ်က မျှော်လင့်ထားတဲ့ရလဒ်ထက် အများကြီးပိုကောင်းတယ်။ ရက်ပိုင်း အတွင်းမှာ လိုအပ်တဲ့ဆွေးနွေးမှုတွေလုပ်ပြီးရင် NCA ထိုးနိုင်မလား ကျွန်တော်တို့ဘက်က စဉ်းစားတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံနဲ့ DPN တွေ့လိုက်တာ ယုံကြည်မှုကို အများကြီးပိုလာစေတယ်။ ဒါကြောင့် အခုလောက်အထိ မြန်လာတာပါ။

# မုံရွာ ကန်သာယာကန်ပတ်လမ်းတွင် စွန့်ပစ်ငွေများအနက် အပ်နှံလာသောငွေများကို စီးပွားရေးဘဏ်က လဲလှယ်ကာ ပြန်လည်ပေးအပ်ရန် စီစဉ်ထား

**မုံရွာ မတ် ၃**

မုံရွာမြို့ကန်သာယာကန်ပတ်လမ်း၌ အမှိုက်ပစ်သကဲ့သို့ စွန့်ပစ်ခဲ့သော ငွေစက္ကူများအနက် မုံရွာမြို့မရဲစခန်းသို့ ကောက်ရသူ အမျိုးသမီး သုံးဦး လာရောက်အပ်နှံထားသော ငွေကျပ် ၁၅ သိန်း ၅ ထောင်ကို မြန်မာ့စီးပွားရေးဘဏ်မှ ငွေစက္ကူများဖြင့် လဲလှယ်ကာ အထက်အဆင့်ဆင့်သို့ တင်ပြထားသည်များကို မည်သို့ဆောင်ရွက်ရန် ညွှန်ကြားလာပါက ကောက်ရသည့် အမျိုးသမီးသုံးဦးထံ ပြန်လည်ပေးအပ်သွားရန် စီစဉ်ထားကြောင်း မုံရွာမြို့မ ခေတ္တရဲစခန်းမှူး ဒုရဲမှူးတင်ယုထံမှ သိရသည်။

"လာအပ်တဲ့ အမျိုးသမီး သုံးဦး ကောက်ရထားတဲ့ငွေကျပ် ၁၅ သိန်းကျော်ရဲ့ငွေစက္ကူတိုင်းမှာ တံဆိပ်နဲ့စာတွေ ရိုက်နှိပ်ထားတဲ့အတွက် အဲဒီငွေစက္ကူတွေဟာ ဘယ်လိုမှ သုံးလို့မရပါဘူး။ ဘဏ်ဥပဒေနဲ့လည်း ညီညွတ်မှုမရှိတဲ့အတွက် အဲဒီငွေတွေကို ဘဏ်က ပြန်လဲလှယ်ပြီး ကောက်ရတဲ့အမျိုးသမီးသုံးဦးကို ပြန်ပေးဖို့စီစဉ်ထားပါတယ်။အများ ထင်နေတာ ရဲတွေကပဲ ငွေတွေကို သိမ်းတယ်ဆိုတာလုံးဝမဟုတ်ပါဘူး။ လာအပ်ကြတဲ့ ငွေစက္ကူ တစ်သောင်းတန်နဲ့ ငါးထောင်တန်တွေကို သေချာစိစစ်ပြီး သိမ်းဆည်းထားတာဖြစ်ပြီး စုံစမ်းစရာရှိတာကို စုံစမ်းရင်း ရထားသမျှအချက်အလက်တွေကို သက်ဆိုင်ရာအထက်အဆင့်ဆင့်ကို တင်ပြထားပါတယ်။ အထက်အဆင့်ဆင့်က ဘာဆက်လုပ်ပါလို့ ညွှန်ကြားလာတဲ့အတိုင်း ဆောင်ရွက်ဖို့စောင့်နေတာပါ" ဟု ဒုရဲမှူးတင်ယုက ပြောပြသည်။

ကောက်ရသည့်ငွေစက္ကူတိုင်းတွင် လက်ရေးဖြင့်ရေးထားသော 111116 3rd Muster Dr Army (သို့) 2210106 4th Won Army (သို့) 16115 Minhyuleus Army (သို့) 161116 Minhyuk2Vut Army (သို့)131113 3rd Muster Dr Army (သို့) BST (သို့) 21116 Minhyuk 2 oot HBO tu Army (သို့) 131116 3rd Muster Dr Army (သို့)18916 စာတန်းများပါဝင်သော ငွေ ငါးထောင်တန်နှင့် တစ်သောင်းတန်ငွေစက္ကူများကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်ဖြင့် အမျိုးသမီးနှစ်ဦး လာရောက်စွန့်ပစ်သွားခြင်း ဖြစ်သည်။

စွန့်ပစ်ထားသည်မှာ ငွေစက္ကူအရေအတွက် မည်မျှရှိပြီး မည်သူများက မည်သည့်ရည်ရွယ်ချက်ဖြင့် လာရောက်စွန့်ပစ်သည်ဆိုသောအချက်ကို ဆက်လက်စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး လူဦးရေမည်မျှက ငွေစက္ကူအရေအတွက်မည်မျှကို ကောက်ယူသွားသည်ဟူသောအချက်အလက်ကိုလည်း မရရှိသေးကြောင်း၊ ငွေကျပ် ၁၅ သိန်းကျော်ကို လာရောက်အပ်နှံကြသော အမျိုးသမီးသုံးဦး အပ်နှံပြီးနောက်ပိုင်း တစ်ဦးတစ်ယောက်မျှ လာရောက်အပ်နှံခြင်းလည်း မရှိသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကင်းစမ်းဘေးမဲ့တောလုံခြုံရေးစခန်း၌ အစောင့်ဝန်ထမ်းကို မုဆိုးအဖွဲ့က ရန်ပြု

**ကန့်ဘလူ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ ကင်းစမ်း ဘေးမဲ့တောလုံခြုံရေးစခန်း၌ မတ် ၁ ရက် နံနက် ၁၁ နာရီခန့်က စခန်းစောင့်တာဝန်ကျ ဝန်ထမ်းကို မုဆိုးအဖွဲ့က ရန်ပြုခြင်း၊ တူမီး သေနတ်ဖြင့် ပစ်ခတ်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စခန်းစောင့်တာဝန်ကျ ဝန်ထမ်း တောကြပ် ဦးမြင့်ရွှေ (၄၈ နှစ်)သည် စခန်းလုံခြုံရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မုဆိုးအဖွဲ့ ၁၀ ဦးခန့်က ရန်ပြုခြင်း၊ တူမီးသေနတ်ဖြင့် အဝေးမှ ပစ်ခတ်ခြင်းတို့ လာရောက်ကျူးလွန် ပြုလုပ်သွားခဲ့ကြောင်း တယ်လီဖုန်းဖြင့် ချပ်သင်းရှေ့တန်းစခန်းမှတစ်ဆင့် ချပ်သင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံသို့ သတင်းပို့ခဲ့သည်။



သို့ဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးထွန်းညွှန့်တင်နှင့် ဝန်ထမ်းများ၊ ချပ်သင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ နှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်ရှင်းလင်းခြင်း၊ တောတွင်းပုန်းနေခဲ့သည့် တောကြပ် ဦးမြင့်ရွှေအား ဘေးမဲ့တော ပြင်ပဆက်စပ်လျက် ညောင်ကုန်းကြိုး ပြင်ကာကွယ်တော ဧရိယာအတွင်း၌ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။

ဦးမြင့်ရွှေတွင် တစ်စုံတစ်ရာထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်းနှင့် ဘေးမဲ့တော ဧရိယာအတွင်း ကင်းစမ်း-တံခွန်တိုင်ကြား နယ်မြေနှင့် ဘေးမဲ့တောပတ်ဝန်းကျင် ကျေးရွာများသို့ ကျူးလွန်သူ မုဆိုးအဖွဲ့အား သတင်းရယူဆောင်ရွက်ရေးနှင့် ဖမ်းဆီးရမိရေးတို့ အတွက် ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့အင်အားအပြင် ကောလင်းမြို့နယ်ရဲတပ်ဖွဲ့ သစ်တောဦးစီးဌာနတို့နှင့် ချိတ်ဆက်ပူးပေါင်း ရှာဖွေခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က ချပ်သင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်း သမင် စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန်နှင့် ပင်မကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကင်းစခန်း၌ ဝန်ထမ်း ခုနစ်ဦး တာဝန်ချထားကြောင်းနှင့် အခင်းဖြစ်ပွားချိန်တွင် ဝန်ထမ်းခြောက်ဦးတို့သည် သမင်စာရင်း ကောက်ယူမည့် ဘေးမဲ့တောအတွင်း သမင်စာရင်း ကောက်လိုင်းပြုပြင်ရေးနှင့် အမှတ်အသားသတ်မှတ်ခြင်းတို့အတွက် လိုအပ်သည့် ဆေးဘူးများ၊ ရိက္ခာများ ဝယ်ယူရေး အတွက် ချပ်သင်းကျေးရွာသို့ ရောက်ရှိနေချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကြက်မွေးမြူသူများ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်လာမည်ကို စိုးရိမ်နေ

**နောင်ချို မတ် ၃**

တစ်ဖက်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေး အပြင်းစားရောဂါများ ဖြစ်ပွားလျက်ရှိနေသောကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ နောင်ချိုမြို့နယ်အပါအဝင် မြို့နယ်များ၌ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများက ရောဂါများ ကူးစက်လာမည်ကို စိုးရိမ်နေကြသည်။ ယခုအခါ နောင်ချိုမြို့နယ်တွင် ကြက်မွေးမြူရေး၊ ဥစားကြက်ခြံ၊ သားစားကြက်ခြံတို့၌ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ယခင်ကထက် သန့်ရှင်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ကြကြောင်း သိရသည်။ ကြက်၊ ငှက်၊ တုပ်ကွေးရောဂါ မကူးစက်အောင် အေးခဲကြက်သား၊ ဘဲသားများ တစ်ဖက်နိုင်ငံမှ ဝင်ရောက်မှုမရှိစေရေး အတွက် ကာကွယ်တားဆီးရန်လိုကြောင်း ပြောဆိုသံများ ကြားသိရသည်။

**စိုးဝင်း(နောင်ချို)**

# တာမွေမြို့နယ်၌ ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား၊ နှစ်ဦးဒဏ်ရာရ

**ရန်ကုန် မတ် ၃**

တာမွေမြို့နယ် မလ္လကုန်းဒွေးကြွယ်ရပ်ကွက် သမိန်ဗရမ်းလမ်း ရွှေမြို့တော်အအေးဆိုင်ရှေ့တွင် မတ် ၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က တာမွေမီးပွိုင့်မှ လဂွန်းအိမ်တံတားဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ကိုထက်ဝေလွင် (၂၇ နှစ်)၏ အာရာဖတ်ယာဉ်နှင့် ဦးကျော်ဝင်း (၄၀ နှစ်)ကျောက်တံတားမြို့နယ်နေသူ မောင်းနှင်လာသော တိုယိုတာတောင်းအေ့စ် ယာဉ်နှစ်စီးတို့ တိုက်မှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ရာနေရာသို့ တာမွေမြို့မရဲစခန်းမှ ရဲတပ်ကြပ် ထွန်းအောင်နှင့်အဖွဲ့ရောက်ရှိလာပြီး တိုယိုတာတောင်းအေ့စ် ယာဉ်ပေါ်ပါ ရွှေမြို့တော်အအေးဆိုင်လုပ်သားများဖြစ်သော ဇော်လင်းအောင်(၁၅ နှစ်)၊ စည်သူအောင်(၁၈ နှစ်)တို့ နှစ်ဦးမှာ ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကြပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ**



# ထီးချိုင့်မြို့နယ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး ဆက်တိုက်ဖမ်းဆီးရမိ

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ရောဝတီတံတား (ကြက်သွန်ခင်းလမ်းဆုံ)၌ မတ် ၂ ရက်က ဒုရဲအုပ် ကျော်သက်လွင်နှင့်အဖွဲ့သည် မော်တော်ယာဉ် ဝင်/ထွက်များအား စစ်ဆေးနေစဉ် ယာဉ်မောင်း လှမြင့် မောင်းနှင်လာသည့် လေးဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းယာဉ်နှင့်ပတ်သက်သည့် စာရွက်/စာတမ်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ယာဉ်အား မောင်းနှင်လာသူ လှမြင့်ကို ထီးချိုင့်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အလားတူ ယနေ့ မွန်းတည့်က အဆိုပါပူးပေါင်းအဖွဲ့မှ ယာဉ်မောင်း အောင်ကိုလင်း မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းယာဉ်နှင့်ပတ်သက်၍ ခိုင်လုံသော အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်း မရှိသဖြင့် လိုင်စင်မဲ့ယာဉ်ကို မောင်းနှင်လာသူ အောင်ကိုလင်းအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# အမြန်လမ်းတွင် လိုက်ထရပ်ယာဉ် တိမ်းမှောက်၍ လူ ၂၀ ဒဏ်ရာရ

**နေပြည်တော် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၇၄/၀-၁)ကြားတွင် မတ် ၂ ရက် ညနေ ၆ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်ဘက်သို့ လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာနေ စောကူထူး(၄၃ နှစ်)မောင်းနှင်လာသော 8M/---- LIGHT TRUCK ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသူများအနက် လှည်းကူးမြို့နယ်နေ ဦးဒွေးလွင်(၅၁ နှစ်) ပါ လူ ၂၀ တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း စောကူထူးကို အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကိုရဲ**

# စလင်းမြို့ သစ်ကိုက်ကျွန်းအရှေ့ရွာ၌ မီးလောင်မှုဖြစ်ပွား

**စလင်း မတ် ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ရဒေးကျေးရွာအုပ်စု သစ်ကိုက်အရှေ့ကျေးရွာတွင် မတ် ၃ ရက် နံနက် ၈ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သစ်ကိုက်ကျွန်းအရှေ့ကျေးရွာ ဘုန်ကြီးကျောင်းမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်မှာ ကျန်းမာရေးမကောင်းသဖြင့် အခြားနယ်သို့ ဆေးကုသခံယူရန်သွားနေစဉ် ကျောင်းနေကပ္ပိယကြီး ကျန်ရှိနေစဉ် အသုံးပြုနေသော မီးကြွင်းမီးကျန်မှ စတင်မီးလောင်ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဒွေးမော် ခေါင်းဆောင်သော စလင်းမီးသတ်ယာဉ်နှင့် ဆင်ဖြူကျွန်းမှ မီးသတ်ယာဉ်တို့ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အခြားသို့ ကူးစက်ခြင်းမရှိဘဲ အဆိုပါ ဘုန်ကြီးကျောင်းတစ်ကျောင်းသာ မီးလောင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စစ်ကြည်(စလင်း)**



# ဆိုင်ကယ်လဲကျ မီးလောင်ကျွမ်း၍ မီးသတ်မှလာရောက်ငြိမ်းပေး

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းတံတား အဆင်းလမ်းတွင် အရှိန်မထိန်းနိုင်သော ဆိုင်ကယ်တစ်စီးလဲကျပြီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မတ် ၂ ရက်က စစ်ကိုင်းမြို့မရဲစခန်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မန္တလေးဘက်မှ စစ်ကိုင်းသို့ ယာဉ်မောင်း ပြည့်ဖြိုးကို မောင်းနှင်ပြီး နောက်တွင် စိုင်းဇာအောင် လိုက်ပါလာသော ဆိုင်ကယ်သည် ရတနာပုံတံတားအဆင်းအရောက်တွင် အရှိန်မထိန်းနိုင်ဘဲလဲကျပြီး နောက်မှလိုက်ပါလာသူ စိုင်းဇာအောင်မှာ ဒဏ်ရာများရရှိခဲ့သည်။

ဆိုင်ကယ်လဲကျမှုကြောင့် ဆီတိုင်ကီမှ ဆီများယိုထွက်ပြီး ဆိုင်ကယ်အင်ဂျင်ပေါ် ဖိတ်ကျကာ ဆိုင်ကယ်မီးလောင်ခဲ့၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် လာရောက် မီးငြိမ်းသတ်ခဲ့ရသည်။ ဆိုင်ကယ်မဆင်မခြင်မောင်းသူ ပြည့်ဖြိုးကိုအား စစ်ကိုင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# နောင်ချိုမြို့နယ်၌ လေပြင်းတိုက်ခတ်၊ နေအိမ်တစ်လုံးပျက်စီး

**နောင်ချို မတ် ၃**

နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စု ငုက္ခလေးကျေးရွာသစ်တွင် မတ် ၃ ရက် မွန်းလွဲ ၁ နာရီခန့်က လေပြင်းတိုက်ခတ်ရာ ငုက္ခလေးကျေးရွာသစ်နေ ဦးဝိလာသ အသက် (၄၄ နှစ်)၏ နေအိမ်အမိုးများ လေထဲလွင့်ပါပျက်စီးသွားခဲ့သည်။ အဆိုပါနေအိမ်တစ်လုံးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**





## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၉)၊ ၄၈×၄၉ လမ်းကြား၊ အောင်ဇေယျလမ်းနှင့် အောင်ဆန်းလမ်းကြားရှိ တပ်သားယုနိုင် အမည်ပေါက်တောဂရန်မြေကွက်အား ခင်ပွန်း ဦးယုနိုင်၊ ဇနီး ဒေါ်လီလီအောင်တို့သားသမီးထွန်းကားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ညီအစ်မများဖြစ်သည့် ဒေါ်သီသီအောင်နှင့် ဒေါ်နီနီအောင်တို့မှ အမွေဆက်ခံခဲ့ပြီး ဒေါ်သီသီအောင်နှင့် ခင်ပွန်း ဦးထွန်းနိုင်ဦးတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၁၃၂/၂၀၁၆ဖြင့် အမွေဆက်ခံခဲ့သော ညီမဖြစ်သူ ဒေါ်နီနီအောင် ၉/ခမစ(နိုင်)၀၁၃၀၆၂မှ မြေချထားမိန့်နှင့် တောဂရန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးလှသိန်း၏သား ဦးပု ၉/ပဗသ(နိုင်)၀၁၇၅၁၃၏ အိမ်ထောင်စုပုံစံ ၆၆/၆မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၉၉၂၈၂**

## ပျောက်ဆုံးကြောင်း

ဦးမောင်စိုး၏သား ဦးချစ်စမ်းမောင် ၈/မကန(နိုင်)၂၄၅၈၁၀၏အိမ်ထောင်စု ပုံစံ ၆၆/၆ မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၉၉၂၈၂**

## ပျောက်ဆုံးကြောင်း

AYE MYA MYA HEIN Co.,Ltd နှင့် KHIN HOKE FAMILY & GROUP Co.,Ltd.တို့၏ပို့ကုန်လိုင်စင်အမှတ် MQ/EL 6/16-17/0488/ 9.9.2016တစ်စောင်နှင့် MQ/EL 6/16-17/0528/16.9.2016တစ်စောင် မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၉၉၂၈၂**

## ပုံစံ(၈)ဝင် သစ်/ခွဲသားများလေလံတင်ရောင်းချရန်လေလံကြော်ငြာ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် ကျွန်းတိုင် ၀ဒသမ၄၁၆တန်၊ ကျွန်းသစ် ၁၉ဒသမ၄၁၈တန်၊ ကျွန်းခွဲသား ၁၅ဒသမ၁၅၀၂တန်၊ တမလန်းသစ် ၄ဒသမ၄၄တန်၊ တမလန်းခွဲသား ၁၀ဒသမ၀၉၇တန်၊ အင်/ကညင်သစ် ၉၇ဒသမ၄၀၄တန်၊ အင်/ကညင်ခွဲသား ၃၆ဒသမ ၀၆၅၈တန်နှင့်အခြားပစ္စည်းများကို ဟုမ္မလင်းမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ၉-၃-၂၀၁၇ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ လေလံလျှောက်လွှာများကို ဟုမ္မလင်းမြို့နယ်၊ ဦးစီးအရာရှိရုံးတွင် တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် ၁-၃-၂၀၁၇ ရက်မှ ၈-၃-၂၀၁၇ရက်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပုံစံ(၈)ဝင် သစ်များအား လေလံတင်ရောင်းချရာတွင် သစ်တောဦးစီးဌာနမှ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားသော စက်သေး၊ စက်ကြီး၊ အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းဝင်များ၊ မြန်မာနိုင်ငံ ပရိဘောဂလုပ်ငန်းရှင်အသင်းဝင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောဦးစီးဌာနမှ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော သစ်အခြေခံအသုံးပြုသည့်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များကိုသာ လေလံဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ **ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/8777, Honda Fit GE6, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၉/အမရ(နိုင်)၀၁၆၃၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၉၆၅၈၃၊ Zong Shen 110, M/Cယာဉ်လက်ဝယ်ရှိသူ ဦးသက်အောင် ၁/မညန(နိုင်)၀၁၈၇၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# တက္ကသိုလ်ဝင်စာမေးပွဲကာလ မြူနှင်းများထူထပ်စွာကျရောက်နိုင်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်

**ဒလ မတ် ၃**

ယခုရက်ပိုင်းအတွင်း ဒလမြို့နယ်၌ နံနက်စောစောပိုင်း မြူနှင်းများ ကျရောက်မှုများလာ၍ ရန်ကုန်မြစ်ကို ဖြတ်ကာ တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ကျသည့် ပညာရေးဝန်ထမ်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုကြောင်း ပညာရေးဌာန အသိုင်းအဝိုင်းမှ သိရသည်။

ပြီးခဲ့သည့် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကာလတွင် မြူနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ရန်ကုန်မြစ်ကို ဖြတ်သန်း၍ စာမေးပွဲတာဝန်ထမ်းဆောင်ကြသည့် ပညာရေးဝန်ထမ်းများ၊ စာဖြေကျောင်းသား ကျောင်းသူများ အခက်အခဲတွေ့ကြုံခဲ့ရပြီး ခရီးသည်တင်သင်္ဘောများနှင့် စက်တပ်သမ္ဗန်များ ပြေးဆွဲမှုခရီးစဉ်ကိုလည်း ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ဒလမြို့နယ်၌ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကာလတွင် မြူနှင်းများ ထူထပ်စွာကျဆင်းလေ့ရှိသည့်အတွက် ထိုအခါမျိုးတွင် တာဝန်ကျ ဆရာ ဆရာမများနှင့် စာဖြေကျောင်းသားများ အခက်အခဲတွေ့နိုင်၍ ယခုနှစ်တွင် ကြိုတင်စီမံဆောင်ရွက်ထားရှိကြရန် သက်ဆိုင်သူများအား တိုက်တွန်းနှိုးဆော်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မောင်ယဉ်ဦး(ဒလ)**






# ကရာတေးဒို ဒိုင်နှင့် နည်းပြသင်တန်းဆင်း

**ရန်ကုန် မတ် ၃**

မြန်မာ့ကရာတေးဒို အားကစားနည်း တိုးတက်ပြန့်ပွားရေးနှင့် နိုင်ငံတကာ ကရာတေးဒိုပြိုင်ပွဲများတွင် အောင်နိုင်မှုများရရှိရေးအတွက် ကရာတေးဒို ဒိုင်နှင့် နည်းပြသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကရာတေးဒို ဒိုင်နှင့် နည်းပြသင်တန်းသား သင်တန်းသူများအား ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

"ဒီသင်တန်းနှစ်စမှာ ကရာတေးဒိုရဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေထဲက အသစ်ပြန်လည်ရေးဆွဲထားတာရှိတယ်။ တချို့ပြင်ဆင်ထားတာရှိတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကျင်းပတဲ့ ပြိုင်ပွဲတွေမှာ အချိန်နဲ့ တစ်ပြေးညီသုံးနိုင်အောင် သင်ကြားပေးပါတယ်"ဟု ပြည်ထဲရေးအသင်းနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ နည်းပြ၊ ဒိုင်တာဝန်ထမ်းဆောင်သူ သင်တန်းသား ဦးဝင်းဇော်က ပြောသည်။

ယင်းကရာတေးဒို ဒိုင်၊ နည်းပြသင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ ဖွင့်လှစ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သိပ္ပံကျောင်းများမှ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုကလပ်အသင်းများမှ နည်းပြ ၅၃ ဦး၊ ဒိုင် ၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**မီးဖိုမီး အသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# လက်ဝှေ့စိန်ခေါ်ပွဲ ရဲသွေးနီနှင့် ထွန်းလွင်မိုး သရေရလဒ်ဖြင့် အဆုံးသတ်

**မန္တလေး မတ် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် မန္တလေး အောင်သမာဓိ စိန်ရွှေရတနာဆိုင်၏ အဓိကကူညီပံ့ပိုးမှု၊ ဆရာဒသ၏စီစဉ်မှုဖြင့် မတ် ၂ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ၃ ချီစိန်ခေါ်ပွဲ ၁၂ ပွဲ၊ ၄ ချီစိန်ခေါ်ပွဲ ၃ ပွဲနှင့် ၅ ချီစိန်ခေါ်ပွဲ ၄ ပွဲ ပါဝင်သည်။ စုစုပေါင်းတွဲဆိုင်း ၁၉ ဆိုင်း ပါဝင်သည်။

၃ ချီပွဲများတွင် အောင်သူ(အဏ္ဏဝါ)နှင့် ချမ်းလင်းခန့်(သရဖူ)၊ သူရဆင်(ရဲမြတ်သွေး)နှင့် အောင်စနေသိန်း(သရဖူ)၊ အောင်ကျော်ဇင်(မြစ်ကြီးနား)နှင့် သားဆိုးပေ(မြကန်သာ)၊ အာရှနဂါး(ကျည်ဆန်နဂါး)နှင့် မပွေးလေး(မြွေပွေး)၊ မပွေးပေါက်(မြွေပွေး)နှင့် ဆိုးပေလေး(ရတနာပုံ)တို့ သရေရလဒ်ထွက်ပေါ်သည်။

သီဟ(စဥ့်ကိုင်)က ချစ်ဆန်းမောင်(မြွေပွေး)ကိုလည်းကောင်း၊ ကျော်အောင်(ရတနာပုံ)က မြွေပွေးငယ်(မြွေပွေး)ကိုလည်းကောင်း၊ အောင်လင်းယုန်(ရတနာပုံ)က ဇင်ကို(မြွေပွေး)ကိုလည်းကောင်း၊ ပေါ်ဦးလေး(မြစ်ကြီးနား)က မြွေပွေးကိုယ်ပွား(မြွေပွေး) ကိုလည်းကောင်း ၊ ငွေနန်းတော်(ရတနာပုံ)က မိုက်အလီ(မြွေပွေး)ကိုလည်းကောင်း၊ အောင်ဆန်း(ရွှေလက်သီး)က မောင်စန်း(မြစ်ကြီးနား)ကိုလည်းကောင်း၊ ဗဟာမာန်(ကျားဖြူ)က အာရှဂေါ်လီ(ကျည်ဆန်နဂါး) ကိုလည်းကောင်း အနိုင်ရသည်။

၄ ချီစိန်ခေါ်ပွဲတွင် ဖိုက်ကေ(ကျားဖြူ) က အောင်ကျော်(စဥ့်ကိုင်)ကိုအနိုင်ရသည်။ သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့် လင်းထက်အောင်(တောင်ကလေး)၊ အံ့ဘွား(ကောလင်း)နှင့် သူရလိပ်(ရဲမြတ်သွေး)တို့ သရေကျသည်။

၅ ချီစိန်ခေါ်ပွဲများတွင် စိုးမောင်ဦး(ရတနာပုံ)က သက်ကို(မြွေပွေး)ကို အနိုင်ရသည်။ ဗျူဟ(ကျားဖြူ)နှင့် စိုးမိုးအောင်(တောင်ကလေး)၊ ကျားဗဟိန်း(ဝင်းထွန်း) နှင့် ဗထူးမောင်(ရတနာပုံ)၊ ရဲသွေးနီ(တောင်ကလေး) နှင့် ထွန်းလွင်မိုး(နဂါးမာန်) တို့ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ပွဲတိုင်းကောင်း၍ ပရိသတ်အားပေးမှုရသည်ဟု သိရသည်။

**ခင်ခင်ဝင်း**



**ရန်ကုန်တိုင်းဒေသကြီး**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဈေးပြိုင်လေလံ(၁/၂၀၁၇)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ဝတ္တကမြေအတွင်းတွင် အောက်ပါလုပ်ငန်းများနှင့် သက်ဆိုင်သောဆိုင်များဖွင့်လှစ်ရောင်းချခွင့်များအား လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဖွင့်လှစ်ရောင်းချလိုသူများသည် ၂၀၁၇ခုနှစ် မတ် ၂၀ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် နောက်ဆုံးထား၍ ဂေါပကရုံးအဖွဲ့၌ ဈေးပြိုင်လေလံတင်ဒါဖောင်များ ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လုပ်ငန်းများ**

(က) ဈေးရုံသစ်အတွင်း ဆိုင်ခန်း(၆၁)ခန်းနှင့် အုန်းငှက်ပျောကန်တော့ပွဲရောင်းချရန်ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချခွင့်
(ခ) မျက်ပါးရွှေဆိုင်းရောင်းချခြင်းဆိုင်
(ဂ) လိပ်စာ-ငါးစာအရောင်းဆိုင်
(ဃ) ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း
(င) အုန်းသီး၊ ငှက်ပျောသီးအဟောင်းများ ဝယ်ယူခွင့်လုပ်ငန်း
(စ) နွားနို့၊ ပေါက်ပေါက်ဆိုင်ဖွင့်ခွင့်
(ဆ) အပေါ့အဆင့်မြင့် သန့်စင်ခန်းလုပ်ငန်းလုပ်ကိုင်ခွင့်
(ဇ) ဘိုးဘိုးကြီးအဆောင်ဝင်ပေါက် လိပ်ကန်လေးအမှတ်တရပစ္စည်းဆိုင်
(ဈ) ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်း
(ည) ငှက်များဘေးမဲ့လွှတ်ခြင်းလုပ်ငန်း
(ဋ) ကမ်းနားစားသောက်ဆိုင်ဖွင့်ခွင့်

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ သဲတော အထက နဝမတန်း(C)မှ မောင်အောင်တင်ခိုင်နှင့် သာစည်မြို့နယ် အလယ်ကန် အထက(ခွဲ)အဋ္ဌမတန်းမှ မောင်အောင်မျိုးဆန်းတို့၏ဖခင်အမည်မှန်မှာ ဦးအုံးဖေ ၉/သစန(နိုင်)၀၂၈၄၀၄ဖြစ်ပါကြောင်း။

**ဦးအုံးဖေ**

**ဖခင်အမည်မှန်**

အထက(၁)ဟုမ္မလင်း၊ ကျောင်းဝင်အမှတ်(၇၉၈၃) တက္ကသိုလ်ဝင်တန်း(H)မှ မနိမ်ဟွိုင်းထိန်၏ ဖခင်အမည်မှန်မှာ ဦးထောင်းရပေါင် ၅/ဟမလ(နိုင်)၀၆၆၄၈၅ ဖြစ်ပါကြောင်း။

**ဦးထောင်းရပေါင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးစိန်လင်း(၃၂၀၅)ယန္တရားမောင်း(၃) ၏ဇနီး၊ စက်ကြီးဆည်မြောင်းဝင်း၊ ပြည်မြို့နေ ဒေါ်ခင်နု ၉/မတရ(နိုင်)၀၁၉၉၈၁ နှင့် ဒေါ်နုနုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်ပြောင်း**

မိုးညှင်းမြို့၊ အထက(၁)နဝမတန်းမှ မောင်ကိုကိုလွင်အား မောင်ဖြိုးကိုကိုမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖြိုးကိုကိုမင်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/ 2439 SKAT LFJ 3071 GT DUMP Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ FAN CHAIN TRADING Co.,Ltd .က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၇ လမ်း၊ တိုက်အမှတ် ၄၈၊ ငါးလွှာ(ဝဲ)ပေ(၁၂ ½×၅၀)အကျယ်အဝန်းရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ၊ လွတ်လပ်စွာ စီမံခန့်ခွဲ၊ ရောင်းချ လွှဲပြောင်းနိုင်ခွင့်ရှိသူ ဒေါ်ခင်လှ (PBDN-၀၁၀၈၁၉)ထံမှ အရောင်းအဝယ်ပြုလုပ်ကာ ရောင်း ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ကျွန်ုပ်မိတ်ဆွေက ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၉၄၃)**
**အမှတ် ၉/၁၁၊ ၃-ဘီ(မြေညီထပ်)၊ ၃၆ လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၆၂၉၉၀၊ ၀၉-၂၅၃၃၉၀၈၄၁**

**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈၈၆**

ဦးကျော်ခိုင်ဦး နှင့် ၁။ ဦးခိုင်သိန်းဦး
၂။ ဒေါ်စန်းစန်းမြင့်
၃။ ဦးမြင့်ကျော်
၄။ ဦးညွှန့်လှိုင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်းသွယ်၊ အမှတ် ၁၆ ရပ်နေ ဒေါ်စန်းစန်းမြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆ ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် ၅၉၀ ရပ်နေ ဦးမြင့်ကျော်နှင့် ဦးညွှန့်လှိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၂၁ ရက် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သောင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁၂။ | ကျောက်စိမ်းအရိုင်းထည်များ။ | | ၁၅% |
| ၁၃။ | ပတ္တမြား၊နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၀ % |
| ၁၄။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာ တွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | | ၅ % |
| ၁၅။ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၀ % |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CCမှ ၄၀၀၀ CC အထိဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (EstateWagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၃၀ % |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန်(Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ % |
| ၁၆။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကိုပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်။ ဖော်ပြပါအထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့် အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့။ | ၈% |
| (၂) | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀% |
| (၃) | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅ % |
| (၄) | ပတ္တမြား၊နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀ % |
| (၅) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာအချောထည်များ၊ လက်ဝတ်ရတနာတွင်စွဲကပ်ထားသည့်ကျောက်စိမ်း၊ ပတ္တမြား၊နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရအခွန်ကျသင့်သည့်အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ဆန်၊ဆန်ကွဲ၊ဖွဲနု၊ဖွဲကြမ်း၊စပါးခွံ။ |
| ၂ | ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ဝဥ၊ သနပ်ခါး စသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ်အကြမ်း၊ အချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hydrochlorite များသာ) |
| ၂၉ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၀ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၁ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၂ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၃ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၄ | ငံပြာရည်အမျိုးမျိုး။ |
| ၃၅ | ပဲဆီ၊ နှမ်းဆီ။ |
| ၃၆ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၇ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၈ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၉ | ပုစွန်ဖွဲ၊ ငါးပေါင်းမုန့်။ |
| ၄၀ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့် အမျိုးမျိုး။ |
| ၄၁ | ပဲနို့။ |
| ၄၂ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၃ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၄ | ချင်း။ |
| ၄၅ | ငါးပိအမျိုးမျိုး။ |
| ၄၆ | မန်ကျည်းမှည့်။ |
| ၄၇ | နိုင်ငံတော်အလံ။ |
| ၄၈ | စိပ်ပုတီးအမျိုးမျိုး(အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်။) |
| ၄၉ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၅၀ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၅၁ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၂ | ကြက်ဥ၊ ဘဲဥစသည့်ဥအမျိုးမျိုး။ |
| ၅၃ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၄ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၅ | ရေနံချေး။ |
| ၅၆ | ဆားအမျိုးမျိုး။ |
| ၅၇ | ကြက်ပေါင်စေး။ |
| ၅၈ | ကွမ်းသီး။ |
| ၅၉ | ဓာတ်မြေသြဇာ။ |
| ၆၀ | လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး။ |
| ၆၁ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ လေးဘီးထွန်စက်များ။ |
| ၆၂ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၃ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ။ |
| ၆၄ | မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၅ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၆ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့် ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာပစ္စည်း ကိရိယာတန်ဆာပလာများ။ |
| ၆၇ | မိမိဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန်ကိုယ်တိုင်တင်သွင်းသည့် သို့မဟုတ် ထုတ်လုပ်သည့်ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၆၈ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံး ဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ဆေးဝါးများ)။ |
| ၆၉ | တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၇၀ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာ အခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၇၁ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၂ | ကွန်ဒုံး(Condom)။ |
| ၇၃ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော် အဖွဲ့အစည်းများသုံးလက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၇၄ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၅ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၆ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၇ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့်ပစ္စည်းများ။ |
| ၇၈ | နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၇၉ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါအသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့်တပ်မတော်သားများစားသုံးရန်ဝယ်ယူသည့်ကုန်စည်များ။ |
| ၈၀ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ။ |
| ၈၁ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှနိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ရောင်းချပေးသည့်စက်သုံးဆီများ။ |
| ၈၂ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၃ | ပြည်ပသို့ပျံသန်းသည့်ခရီးစဉ်တွင်အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၄ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်း။ |
| ၈၅ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၈၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း(Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back)စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |
| ၈၇ | အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသောကျောက်စိမ်း၊ ပတ္တမြား၊ နီလာကျောက်မျက်ရတနာအရိုင်းထည်၊ အချောထည်များ။ |

(ဆက်လက်ဖော်ပြပါမည်)

# ဥစားကြက်အသစ်များ အမြန်ဆုံးမွေးမြူနိုင်ရန် ရောဂါထောက်လှမ်းမှုများ စဉ်ဆက်မပြတ်ပြုလုပ်

**မုံရွာ မတ် ၃**

မုံရွာဥစားကြက်မွေးမြူရေးဇုန်အတွင်း လက်ရှိတွင် ဥစားကြက်အသစ်များ ပြန်လည်ထည့်သွင်းမွေးမြူနိုင်ရန်အတွက် စဉ်ဆက်မပြတ်ရောဂါစူးစမ်းထောက်လှမ်းမှုများပြုလုပ်၍ ရောဂါဖြစ်နိုင်ခြေအန္တရာယ်ကင်းရှင်းပါက အမြန်ဆုံး ထည့်သွင်းမွေးမြူသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူး ဒေါက်တာမျိုးချစ်ထံမှ သိရသည်။

"FAO နိုင်ငံခြားပညာရှင်သုံးဦးနဲ့ မြန်မာနိုင်ငံက FAO တာဝန်ခံကိုယ်စားလှယ်တွေ မုံရွာဥစားကြက်မွေးမြူရေးဇုန်ကို ၂၀၁၆နိုဝင်ဘာလကတစ်ကြိမ်၊ အခုနှစ်ဖေဖော်ဝါရီလက တစ်ကြိမ်လာရောက်ပြီး ကြက်မွေးမြူသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ရောဂါထပ်မဖြစ်စေရေးကို ဆွေးနွေးခဲ့ကြပါတယ်။ လက်ရှိ ကြက်ဇုန်ထဲမှာ ရောဂါ မရှိဘူးလို့ အာမမခံနိုင်သေးပါဘူး။ ဇုန်ထဲမှာကျန်ပြီး ဆက်မွေးနေတဲ့ကြက်တွေက ရောဂါခံနိုင်ရည်ရှိကြတော့ ထပ်မဖြစ် သေးတာပဲရှိတယ်။ အပြင်က အသစ်ဝင်လာမယ့် ကြက်တွေအနေနဲ့က နုနယ်သေးလို့ ရောဂါဖြစ်နိုင်ခြေရှိတဲ့အတွက် ရောဂါထောက်လှမ်းရေးတွေ ပြုလုပ်နေပါတယ်"ဟု ၎င်းက ပြောပြသည်။

မုံရွာမြို့ ဥစားကြက်မွေးမြူရေးဇုန်အတွင်း မသန့်ရှင်းသော မွေးမြူရေးကြက်ခြံများ၏ သန့်ရှင်းရေးကို အမြဲဆောင်ရွက်စေပြီး အားနည်းနေသောခြံများကို ဇီဝလုံခြုံရေး ထပ်တိုးမြှင့်တင်စေကာ ခြံများအတွင်း ပိုးများရှင်သန် ပေါက်ပွားမှုနည်းစေရန် ပိုးသတ်ဆေးများ အပတ်စဉ်ဖျန်းခြင်း၊ နားမလည်သေးသော မွေးမြူရေးဆိုင်ရာများကိုလည်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံးချုပ်၏ ညွှန်ကြားချက်ဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ခေတ်ခွဲခန်းတာဝန်ရှိသူများသည် ဇုန်အတွင်း လက်ရှိမွေးမြူနေသော ဥစားကြက်ခြံများနှင့် ဇုန်အနီးပတ်ဝန်းကျင်ရှိ မွေးမြူထားသော ခြံများအတွင်းမှ ကြက်များ၏ နမူနာပစ္စည်းများရယူ၍ရောဂါစူးစမ်းထောက်လှမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တောင်သူများအား မြေယာလျော်ကြေးငွေ ပေးအပ်

**ခင်ဦး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်)က ဆောင်ရွက်ခဲ့သော အောင်မင်္ဂလာ လျှပ်စစ်ရေတင်လုပ်ငန်းနှင့် အောင်သီရိ လျှပ်စစ်ရေတင်လုပ်ငန်းတွင် ခေတ်အားခွဲရုံတစ်ခု၊ ရှင်းလင်းဆောင်တစ်ခု၊ ဝန်ထမ်းအိမ်ရာတစ်ခု၊ ဂိုဒေါင်တစ်ခု၊ ပင်မမြောင်းနှင့် လက်တံမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းတို့တွင် ပါဝင်သွားသော မြေနေရာအတွက် တောင်သူများအား နစ်နာကြေး လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်ဗိုလ်သိန်းက လျှပ်စစ်စက်ရေတင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းနှင့် မြေယာလျော်ကြေးငွေပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်မင်္ဂလာ လျှပ်စစ်စက်ရေတင်လုပ်ငန်းတွင် ပါဝင်သွားသော တောင်သူ ၄၂ ဦး၏ မြေဧက ၄၀၀ အတွက် မြေယာလျော်ကြေးငွေနှင့် အောင်သီရိ လျှပ်စစ်စက်ရေတင်လုပ်ငန်းတွင် ပါဝင်သွားသော တောင်သူ ၅၁ ဦး၏ မြေဧက ၃၀၀ အတွက် မြေယာလျော်ကြေးငွေတို့ကို တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းစီ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ပုံတောင်ခြေ၌ ကျောက်ချောလမ်းခင်းခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်

**ပုလဲ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ပုံတောင်ခြေ၌ အိုင်းမ-အေးချမ်းသာကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းနှင့် စစ်ရင်ကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းမြေသားလမ်း အရှည် တစ်မိုင်ကို အကျယ် ၁၂ပေ ကိုးလက်မထု ကျောက်ချောလမ်း အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၈၀၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့်အဖွဲ့ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးရာ ကျောက်ချောလမ်းကို ဖောက်၍ စစ်ဆေးစဉ် အောက်ခံကျောက်ထုသည် ရှစ်လက်မသာရှိ၍ ဧလက်မထု မပြည့်မီသည့်အတွက် ကျောက်ထပ်ဖြည့်ရန် မှာကြားခဲ့သည်။

ထို့နောက် ယင်းအဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅၇၅ သန်းဖြင့် ဆောင်ရွက်နေသည့် စစ်ရင်ကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် အရှည် ပေ ၆၈၀၀ ရှိသော စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် ဆောင်ရွက်မှုလုပ်ငန်း ကျန်ရှိနေသည့်အတွက် ဘဏ္ဍာနှစ်မကုန်မီ အားထည့်ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်လိုအပ်နေ၍ ဆေးဝါးကုသရာတွင် အခက်အခဲဖြစ်ပေါ်နေ

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် သမားတော် အထူးကုဆရာဝန်(ဆေးပညာ)နှင့် မေ့ဆေးဆရာဝန် လိုအပ်နေ၍ ဆေးဝါးကုသရာတွင် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။




"ကျွန်တော်တို့ ဆေးရုံကြီးမှာ သမားတော် အထူးကုဆရာဝန် (ဆေးပညာ) မရှိတာ တစ်နှစ်ခန့် ရှိပါပြီ။ သမားတော်မရှိတဲ့အတွက် ဖျားနာ ရောဂါနဲ့ သက်ဆိုင်တဲ့ လူနာတွေကို ကုသရာမှာ အားနည်းချက်ရှိပါတယ်။ အထူးသဖြင့် အသည်း၊ ကျောက်ကပ်၊ နှလုံးနဲ့သက်ဆိုင်တဲ့ ရောဂါမျိုးတွေပါ ။ နောက်တစ်ချက်က မေ့ဆေးဆရာဝန်မရှိတာလည်း တစ်နှစ်ခွဲလောက်ရှိပါပြီ။ ကြာမြင့်စွာ အချိန်ပေးခွဲစိတ်ရမယ့် လူနာတွေအတွက် အခက်အခဲရှိပါတယ်"ဟု ကသာခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ ဝဏ္ဏသောင်းက ပြောသည်။

ယင်းသို့ ကသာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် သမားတော်အထူးကုဆရာဝန် (ဆေးပညာ)နှင့် မေ့ဆေးဆရာဝန်မရှိသည့်အတွက် အခြားသော လက်ထောက်ဆရာဝန်များနှင့်တွဲဖက်ကာ ဆေးဝါးကုသပေးခြင်းလုပ်ကိုင်နေကြ ရပြီး အရပ်ရပ်ဆိုင်ရာ ရောဂါများအတွက် ဆေးဝါးကုသရာတွင် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# စိုက်ပျိုးသီးနှံများပျက်စီးမှုအတွက် ထောက်ပံ့ငွေများပေးအပ်

**ကွမ်းလုံ မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးခဲ့သောတောင်သူများအား ဖေဖော်ဝါရီလနောက်ဆုံးပတ်က သံလွင်ဦးခန်းမ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအီနွယ်လိုင်ပူက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဌေးလွင်က ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပျက်စီးဆုံးရှုံးသွားသောသီးနှံ ၄၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဒေသခံတောင်သူများထံသို့ တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးသိန်းဇော်လွင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးမောင်ကြိုင်၊ ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်မြို့နယ် နန့်ခင့်ချောင်းကူးတံတားဆောက်လုပ်

**အင်းတော် မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆- ၂၀၁၇ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ခွင့်ပြုချထားသောငွေဖြင့် နန့်ခင့်ချောင်းကူး သံကူကွန်ကရစ်တံတား အရှည် ပေ ၂၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၁ ပေ လေးလက်မ တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းခွင်သို့ မတ် ၁ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တံတားတည်ဆောက်ရေးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်ဆွေနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်တို့က ရှင်းလင်းပြသခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



# အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်

**သီပေါ မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှမ်းလူငယ်ကွန်ရက်ကကြီးမှူးဖွင့်လှစ်သော အမှတ်စဉ်(၆/ ၂၀၁၇) အခြေခံအင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောသင်တန်းဆင်းပွဲကို မတ် ၁ ရက်က နမ့်ဟူးနွဲ့ကျေးရွာ ရွှေပြည်အေးရိပ်သာ၌ ကျင်းပရာ ရှမ်းအမျိုးသားကြီး လုံးပစိတ္တက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းဒေသများနှင့် မိုးကုတ်၊ ပူတာအိုစသည့်မြို့နယ်များမှ လူငယ်မောင်မယ် ၂၈၀ ကျော် တက်ရောက်ခဲ့ကြ၍ ဂျာမနီနိုင်ငံသားတစ်ဦးက နည်းပြအဖြစ်သင်ကြားပေးပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အိုင်စီတီဝန်ဆောင်မှုများကို ကမ္ဘောဇဘဏ်ခွဲပေါင်း ၂၀၀ ကျော်၌ အောင်မြင်စွာ ချိတ်ဆက်ပေးနိုင်ပြီ



**ရန်ကုန် မတ် ၃**

ကမ္ဘောဇအုပ်စုကုမ္ပဏီများမှ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီလီမိတက် အနေဖြင့် ကမ္ဘောဇဘဏ်ခွဲများ၏ လုပ်ငန်းလည်ပတ်မှုနှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန်အတွက် Very Small Aperture Terminal (VSAT) ဂြိုဟ်တုနည်းပညာသုံး ကွန်ရက်ဆက်သွယ်ရေးစနစ်နှင့် အိုင်စီတီဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းရှိ ကမ္ဘောဇဘဏ်ခွဲပေါင်း ၂၀၀ ကျော်၌ အောင်မြင်စွာချိတ်ဆက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆင့်မြင့်ကွန်ရက်ဝန်ဆောင်မှုအပါအဝင် KBZ Gateway ၏ ထူးခြားဆန်းသစ်သော ဝန်ဆောင်မှုများနှင့်နည်းပညာတို့ကို မြန်မာနိုင်ငံတစ်ဝန်းမှ ကမ္ဘောဇဘဏ်ခွဲများအားလုံး၌ မကြာမီအချိန်အတွင်း ဖြန့်ကြက်ဝန်ဆောင်မှုပေးကာ ဘဏ်ခွဲများ၏ လုပ်ငန်းလည်ပတ်မှုအတွက် အရည်အသွေးပြည့် ကွန်ရက်ဝန်ဆောင်မှုရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

KBZ Gateway ၏ CEO ဖြစ်သူ Stephane Lamoureux က "ကျွန်တော်တို့ရဲ့မြန်နှုန်းမြှင့်ဆက်သွယ်မှုနဲ့အဆင့်မြင့် တယ်လီကွန်းဆက်သွယ်ရေးဝန်ဆောင်မှုတွေကို ကမ္ဘောဇဘဏ်အတွက် ယူဆောင်ပေးနိုင်ခဲ့လို့ အလွန်ကျေနပ်အားရမိပါတယ်။ နည်းဗျူဟာမြောက်မိတ်ဖက်မှုကနေ ပြည်တွင်းကွန်ရက်ချိတ်ဆက်မှုဆိုင်ရာဝန်ဆောင်မှုတွေကို ရရှိနိုင်ဖို့ ကျွန်တော်တို့ရဲ့အဓိက VSAT နဲ့ ချိတ်ဆက်ပြီးတည် ဆောက်ဖန်တီးထားခြင်းဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း ကျွန်တော်တို့ဟာဘဏ်ရဲ့လုပ်ငန်းလည်ပတ်မှုနဲ့ ဝန်ဆောင်မှုစနစ်များ ဆန်းသစ်ကောင်းမွန်စေဖို့ အားထုတ်ရာမှာ ပံ့ပိုးပေးနိုင်ဖို့အတွက် ဘဏ်ခွဲတွေအားလုံးမှာ နည်းပညာအဆင့်မြှင့်တင်မှုတွေကို ထပ်မံတိုးချဲ့သွားဖို့ စီစဉ်နေပါတယ်" ဟု ပြောသည်။

KBZ Gateway ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့် ကမ္ဘောဇဘဏ်ခွဲများ၏ ချိတ်ဆက်မှုကွန်ရက်စနစ်သည် ထိရောက်သောကုန်ကျစရိတ်ဖြင့် လုပ်ငန်းလည်ပတ်မှုကို ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ ၉၉ ဒသမ ၉၇ ရာခိုင်နှုန်း ပြတ်တောက်ခြင်းမရှိ၊ စိတ်ချရသော အဆင့်မြင့်ကွန်ရက်ချိတ်ဆက်မှုတို့အပါအဝင် ဗဟိုအချက်အလက်သိမ်းဆည်းရာဌာနသို့ ချိတ်ဆက်ရန်ပင်မနှင့် အရန်ချိတ်ဆက်မှုလမ်းကြောင်းများပါရှိသောကြောင့် ကွန်ရက်တည်ငြိမ်မှု၊ အရည်အသွေးပြည့် ဝန်ဆောင်မှုပေးအပ်နိုင်မှု၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပိုမိုကောင်းမွန်မှုစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ VSAT ချိတ်ဆက်မှုကို ဝေးလံခေါင်သီသော အရပ်ဒေသများတွင်ပင်လျင်မြန်ဆန်စွာ ကွန်ရက်ချိတ်ဆက်ပေးနိုင်ခြင်း၊ ကွန်ရက်ဝန်ဆောင်မှုကို စနစ်တကျ စီမံနိုင်ခြင်း စသည့်အချက်များကြောင့် ဘဏ်ခွဲများ၏ လုပ်ဆောင်ချက်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ရုံးချုပ်ဌာနများမှ စောင့်ကြည့်စီမံခန့်ခွဲနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်မျိုးက "ကျွန်တော်တို့ရဲ့ဘဏ်ခွဲတွေကို KBZ Gateway ရဲ့ အဆင့်မြင့်နည်းပညာနဲ့ ချိတ်ဆက်လုပ်ဆောင်စေခြင်းကြောင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်ကို တိုးမြှင့်နိုင်မှာဖြစ်ပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ customer တွေကို ပိုမိုလွယ်ကူအဆင်ပြေစေမယ့် ဝန်ဆောင်မှုတွေနဲ့ များစွာအကျိုးရရှိစေမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

နိုင်ငံတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူများအား သတင်းအချက်အလက်ဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် KBZ Gateway မှ ခေတ်မီဆန်းသစ်သော ဂြိုဟ်တုဆက်သွယ်ရေးမြေပြင်အခြေစိုက်စခန်းကို ပဲခူးတွင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ပြည်တွင်း ပြည်ပရှိမိတ်ဖက်အဖွဲ့အစည်းများနှင့် သုံးစွဲသူများအတွက် လုံခြုံစိတ်ချရသော ဆက်သွယ်ရေးစနစ်ကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်း

**တောင်ကြီး မတ် ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများနှင့် (၁၂) ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များ အပေါ်ထပ်ဆင့်ရှင်းလင်းခြင်းကို ဖေဖော်ဝါရီလစတုတ္ထပတ်က တောင်ကြီးမြို့ ရှမ်းပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီး များ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်မြို့နယ်တရားသူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## KG တန်းနှင့်မူကြိုကလေးငယ်များ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**သံတွဲ မတ် ၃**

သံတွဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှကြီးမှူး၍ KG တန်းနှင့်မူကြိုကလေးငယ်များ၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီလစတုတ္ထပတ်က ခရိုင်ရုံး ပြည်သူ့စာကြည့်တိုက် Community Centre ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေကပြိုင်ပွဲ ကျင်းပရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ရုံးမှ လုပ်သားရုပ်သံဦးမြင့်မောင်က မြန်မာ့ရုပ်သေးအနုပညာများတိမ်ကော ပပျောက်မှုမရှိစေရေးအတွက် ရင်သွေးငယ်များသို့ ရုပ်သေးရုပ်များဖြင့် ကပြပြီးနောက် ရင်သွေးငယ်များမှ ကဗျာရွတ်ဆိုခြင်း၊ ရခိုင်ဆီမီးခွက်အကများဖြင့် ကပြခြင်း၊ တေးသရုပ်ဖော် ကကွက်များဖြင့် ကပြခြင်းများကို အဖွဲ့လိုက်ယှဉ်ပြိုင်ပြီးနောက် ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပါဝင်ကြသည့်ရင်သွေးငယ်များအား လက်ဆောင်ပစ္စည်းများနှင့်အာဟာရမုန့်များ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘများတက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သတင်းအချက်အလက် နည်းပညာပြပွဲ ကျင်းပမည်

**မန္တလေး မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် ICT Expo 2017 (Mandalay) ကွန်ပျူတာနှင့်သတင်းအချက်အလက်နည်းပညာပြပွဲ ၂၀၁၇ အကြိုသတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က မန္တလေးမြို့ ရွှေဖြူပလာဇာဒုတိယထပ်ရှိ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"ဒီပွဲကို တစ်နှစ်နှစ်ကြိမ်ကျင်းပလျက်ရှိပါတယ်။ အခုဆိုရင် (၁၃ ) ကြိမ်မြောက်ဖြစ်သွားပါပြီ။ ယခုပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းမှာရှိတဲ့ (MIIT) မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က မတ် ၁၇ ရက်မှ ၁၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမှာပါ။ အဲဒီမှာ နည်းပညာဆွေးနွေးပွဲတွေ၊ ဂိမ်းပြိုင်ပွဲတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ပြခန်းပေါင်း ၅၇ ခန်းကျော် ပါဝင်ပြသသွားမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ ကွန်ပျူတာနည်းပညာသိရှိနိုင်ဖို့နဲ့ အလုပ်အကိုင်တွေဖန်တီးပေးနိုင်ဖို့အတွက် လုပ်ငန်းရှင်တွေလည်း ပါဝင်ကြ မှာပါ" ဟု မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးဥက္ကာကျော်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မုံရွာမြို့တော်ခန်းမကြီးကို အဆင့်မြင့်အဆောက်အအုံအဖြစ် မတ်လအပြီးပြုပြင်လျက်ရှိ

**မုံရွာ မတ် ၃**

မုံရွာမြို့မြို့တော်ခန်းမကြီးကို အဆင့်မြင့်အဆောက်အအုံအဖြစ် အကြီးစားပြုပြင်မှုများကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ကာ မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီက ပညာရှင်များဖြင့်ပူးပေါင်းကာ မတ်လအပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကြားကာလတွင် အကြီးစားပြုပြင်မှု တစ်ကြိမ်တစ်ခါမှ ပြုလုပ်ခြင်းမရှိဘဲ အသေးစားများသာ ပြုပြင်ခဲ့သလို ခန်းမအသုံးပြုခွင့်ကိုလည်း အစိုးရမင်းပွဲများသာအသုံးပြုခွင့်ပေးပြီး လူမှုရေးပွဲများကို ယခင်ခေတ်အဆက်ဆက်က အသုံးပြုခွင့်မရခဲ့ရာမှ လက်ရှိအစိုးရသစ်လက်ထက်တွင် အများပြည်သူလိုအပ်ရာသုံးနိုင်သည့်ခန်းမအဖြစ်ရောက်ရှိလာခြင်းဖြစ်ကြောင်း မုံရွာမြို့ခံတစ်ဦးထံမှ သိရသည်။




"မုံရွာမြို့တော်ခန်းမအကြီးစားပြုပြင်တာကို ဖေဖော်ဝါရီ ၂၅ ရက်က စတင်တာ ပါ။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေကနေ ခန်းမကြီးအကြီးစားပြုပြင်တာတွေကို လုပ်နေတာပါ။ ပြုပြင်ပြီးအသစ်ဖြစ်လာရင် ခန်းမရှေ့ပေါ်တီကို ကားတွေရပ်လို့ရအောင် ရှေ့ထုတ်ပြီးကျယ်သွားအောင် လုပ်မှာပါ။ အဆောက်အအုံကြီးတစ်ခုလုံး အနုစိတ်ပြန်ပြီး အဆင့်မြှင့်တင်တဲ့ လုပ်ငန်းပါ။ ခန်းမအတွင်းမှာလည်း နိုင်ငံတကာအဆင့်မီ ပစ္စည်းတွေကို အသုံးပြုမွမ်းမံခြယ်သသွားမှာ ဖြစ်ပါတယ်။ အသစ်ပြန်ဖြစ်မယ့် မုံရွာမြို့တော်ခန်းမကြီးပုံစံကို ကုမ္ပဏီက အင်ဂျင်နီယာကို အပ်ပုံထုတ်တွက်ချက်ထားတာဖြစ်ပြီး တည်ဆောက်ရေးကိုတော့ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပညာရှင်တွေက ဦးစီးပြုပြင်တည်ဆောက်နေတာဖြစ်ပါတယ်" ဟု မြို့နယ် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာမှူး ဦးလှမျိုးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ၂၀၁၆-၂၀၁၇ ခုနှစ်ဖြည့်စွက်ရန်ပုံငွေမှ ငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံ၍ တည်ဆောက်ပြုပြင်နေသော မုံရွာမြို့တော်ခန်းမသည် အလျား ၂၁၆ ပေ ခြောက်လက်မရှည်ပြီး အနံပေ ၇၀ ရှိသော ခံ့ညားလှသည့် ခန်းမကြီးအဖြစ်တည်ရှိနေရာ ယခုအကြီးစားပြုပြင်မှုတွင် နောက်ဆုံးပေါ်ခေတ်မီပစ္စည်းများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခန်းမအတွင်းတွင် စီရီအဲယားကွန်းစနစ်တပ်ဆင်မည်ဖြစ်သလို ပရိုဂျက်တာများ တပ်ဆင်ကာအသံကိုလည်း အော်ရီယိုစနစ်ဖြစ်စေရန် တပ်ဆင်သွားမည်ဖြစ်ပြီး မျက်နှာကြက်များကို ဂျက်ဆင်အလှဆင်ဘုတ်ပြားများသုံးတပ်ဆင်သွားမည်ဖြစ်သည်။ လက်ရှိခန်းမအမိုးကို ဖယ်ခွာ၍ နောက်ဆုံးပေါ် Arman ကာလာသွပ်ပြားများကို မိုးသွားမည်ဖြစ်သလို အခင်းများကိုလည်း ခန်းလုံးပြည့် ကြွေပြားများကပ်၍ အလှဆင်သွားမည်ဖြစ်ပြီး တံခါးပေါက်များကို ကျွန်းတံခါးပေါက်များ အစားထိုးသွားမည်ဖြစ်ကာ လက်ရှိအသုံးပြုနေသော အများသုံးအိမ်သာကိုလည်း အဆင့်မြှင့်တင် ပြုပြင်သွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာမှူးထံမှသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြည်မြို့မှ ထင်းလောင်စာသုံးအခမဲ့သဂြိုဟ်စက် အလှူရှင်များ၏ အလှူငွေများဖြင့်အဆင်ပြေ

**ပြည် မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အေးငြိမ်ရာသုသာန်ရှိ ထင်းလောင်စာသုံး အခမဲ့ မီးသဂြိုဟ်စက်မှာ အလှူရှင်များ၏ အလှူငွေများဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးသဂြိုဟ်စက်ကို ပြည်မြို့ပေါ်ရှိနာရေးရှင်များအနေဖြင့် မီးသဂြိုဟ်ရန်ပူ ပင်ကြောင့်ကြမှုမရှိဘဲ စိတ်အေးချမ်းသာစွာဖြင့် သဂြိုဟ်မှုများ ပြုလုပ်နိုင်ရန် ပြည်မြို့မိုးမေတ္တာနာရေးကူညီမှုအသင်းမှ လှူဒါန်းခြင်းဖြစ်ပြီး အဆောက်အအုံဆောက်လုပ်ပြီးသောအခါ ပြည်မြို့ရှိ မြို့မိ၊ မြို့ဖများ ပူးပေါင်းသည့် မီးသဂြိုဟ်စက် ကြီးကြပ်မှု ကော်မတီတစ်ရပ်ကိုဖွဲ့စည်း၍ ယင်းအဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးအပ်ကာ ဖေဖော်ဝါရီ ၁၃ ရက်က စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မြို့မိမြို့ဖများပါဝင် သည့် ကြီးကြပ်မှု ကော်မတီမှ အလှည့်ကျတာဝန်ယူပြီး မီးသဂြိုဟ်ခြင်းအလှူငွေ ကောက်ခံခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မီးသဂြိုဟ်စက်မှာ နာရေးရှင်များထံမှ အခကြေးငွေယူခြင်းမရှိဘဲ အခြားသောစေတနာရှင် အလှူရှင်များထံမှသာ အလှူငွေလက်ခံခြင်း ဖြစ်ကြောင်းကော်မတီထံမှ သိရသည်။

အဆိုပါ မီးသဂြိုဟ်စက်တွင် ယခုအခါ နေ့စဉ်မီးသဂြိုဟ်ပေးနိုင်ကြောင်း၊ ယခင်က ဒီဇယ်သုံး သဂြိုဟ်စက် တွင် နာရေးခန္ဓာတစ်ခုအတွက် နာရေးရှင်မှ ဒီဇယ် ငါးဂါလန်ပေးပြီး သဂြိုဟ်ရကြောင်း၊ ယခုအခါ အခမဲ့ဖြစ် သွားသည့်အတွက် နာရေးရှင်များ စိတ်ချမ်းသာမှုရရှိကြောင်း၊ အဆိုပါ ကုန်ကျစရိတ်အတွက် ပြည်မြို့ ပေါ်ရှိအလှူရှင်များနှင့် ပြည်မြို့မှ အခြားနယ်များသို့သွား ရောက်အလုပ်လုပ်ကိုင်နေသော အလှူရှင်များလည်း လှူဒါန်းကြကြောင်း ကော်မတီဝင်တစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# အနာဂတ်ငလျင်ဘေးလျော့နည်းရေး သင်အသင့်ပြင်ဆင်ပြီလား

## လှလှအောင် (မြန်မာနိုင်ငံငလျင်ကော်မတီ)

**ငလျင်ဆိုသော ဘေးဆိုသည် လူတို့နေထိုင်ရာမြေပြင်အောက်မှာ ကျောက်သားထုကျိုးပြတ်ရွေ့လျားသွားသည့်ဖြစ်စဉ်ကြောင့် မြေပြင်တွင် ရုတ်ခြည်းအလျင်အမြန်လှုပ်ခါသွားစေသော သဘာဝဘေးဖြစ်သည်။ မြေပြင်အောက်နီးနီးလောက်တွင် ရွေ့သွားလျှင် ရွေ့နေသော အသံကိုပင်တော်လဲသံကြီးဟူ၍ ကြားနေရသည်။ အင်မတန်ပြင်းထန်စွာ လှုပ်ခါသည်။ ငလျင်ပမာဏ ၇ ဒသမ ၁ နှင့် ၆ ဒသမ ၁ ကို နှိုင်းယှဉ်လျှင် ဂဏန်းတစ်လုံးကွာခြားသွားရုံဖြင့် အဆ ၁၀ ဆကွာ၍ ပိုမိုပြင်းစွာ လှုပ်ခါ တတ်သည်။ ထိုအခါ လူနှင့်လူ့ပတ်ဝန်းကျင်ရှိ လူတို့အိမ်၊ လမ်း၊ တံတား၊ လျှပ်စစ်၊ ဆက်သွယ်ရေး အစစအရာရာ အားလုံးပျက်စီးစေသည်။ ထို့အပြင် မြေပြို/ တောင်ပြိုခြင်း၊ သဲရေပျော်ခြင်း၊ ပင်လယ်လှိုင်းကြီးများ တက်လာစေခြင်း၊ မီးလောင်ခြင်းများကိုပင် ပူးတွဲဖြစ်ပေါ်စေပြန်သည်။**

အဆိုးဆုံးမှာ နေထိုင်ရာတိုက်၊ ၎င်းတိုက်၏ အောက်ခံဖောင်ဒေးရှင်းသည် မြေပျော့ပေါ်မှာဆိုလျှင် ပို၍ပျက်စီးနိုင်သည်။ ဤဆိုးကျိုးများကို စက္ကန့်၊ မိနစ်အချိန်တို့တွင် ပျက်စီးရသော ငလျင်ဘာကြောင့်လှုပ်နေသနည်း၊ ပြန်လေ့လာကြည့်ပါ။ လူတို့နေသော ကမ္ဘာကြီးသည် လုံးဝန်းသည်။ ဤအလုံးအဝန်း၏ အတွင်းဆုံးမှ အပေါ်ဆုံးအထိ အလွှာများဖြင့် တစ်လွှာချင်းအလွှာ လေးလွှာတည်ဆောက်ဖွဲ့စည်းထားသည်။ ကမ္ဘာ့အပေါ်ဆုံးအပေါ်ယံလွှာတွင် အချပ်အချပ်လိုက်ရှိသော ကျောက်များဖြင့် ဖွဲ့စည်းထားသည့် အထူ ၇၀ ကီလိုမီတာခန့်ရှိ ကျောက်ထုချပ်များစွာက ကမ္ဘာ့အလယ်လွှာရှိ ကျောက်ရည်ပူပေါ်တွင် စီးမျှောနေသည်။ စီးမျှောနေသော အဆိုပါ ကျောက်ထုချပ်များ ရွေ့မျောရာမှ ဆုံကြ၊ ခွဲခွာကြ၊ ပွတ်ဆွဲကြဖြင့် မတည်ငြိမ်ကြပေ။ ဤသို့ရွေ့မျောခြင်းဖြင့် မတည်ငြိမ်တော့မှုဖြင့် တစ်ချိန်ချိန်တွင် ငလျင်အဖြစ် ကမ္ဘာမြေကို လှုပ်စေတော့သည်။ ထိုသို့သော ဘယ်နှစ်၊ ဘယ်အချိန်လှုပ်မည် မခန့်မှန်းနိုင်သေးသည့် ငလျင်ဘေးဒဏ်မှ သက်ရှိ/သက်မဲ့ အပျက်အစီးများလျော့ပါးစေရန်မှာ မိမိနှင့်မိမိပတ်ဝန်းကျင်ခိုင်ခံ့မှုဖြင့် ကြိုတင်ကာကွယ်ထားရပါမည်။ မည်မျှလှုပ်ပါစေ၊ ခိုင်ခံ့မှုရှိနေလျှင် အပျက်အစီး အဆုံးအရှုံးလျော့နည်းမှာ သေချာလှသည်။ ဘေးဒဏ်ခံနိုင်မှုအနေအထားရရှိအောင် ကြိုတင်ပြင်ဆင်မှ တော်ရာကျမည်ဖြစ်၍ ခိုင်ခံ့မှုဖြင့် အဆင်သင့်ဖြစ်ပြီလားဟု မေးလျှင် အဆင်သင့်ဖြစ်အောင် ကြိုတင်လုပ်ဆောင်ထားကြပါစို့။

**မည်သို့ကြိုတင်ပြင်ဆင်မည်နည်း**

ပထမဦးစွာ မိမိတစ်ကိုယ်ရေပြင်ဆင်ခြင်း Self-help၊ ဒုတိယ-ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းအလိုက် ပြင်ဆင်ခြင်း Community help၊ တတိယ- အမျိုးသားရေးအနေဖြင့် ပြင်ဆင်ခြင်း National Help၊ ငလျင်လှုပ်နိုင်ခြေ ဘယ်အရပ်မှာလဲသိရမည်။

ငလျင်ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်နေရာများကို မြို့အလိုက်ပြသော မြေပုံများလိုအပ်သည်။ တစ်နိုင်ငံလုံးအတွက် ပြသောမြေပုံလိုအပ်သည်။ ထိုမြေပုံများကို လေ့လာ၍ ဆောင်ရွက်မည့်အစီအစဉ်ရေးဆွဲရမည်။ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိအောင် ပြင်ဆင်ရမည်။ ငလျင်လှုပ်လျှင် ထိခိုက်စေခြင်း အဓိကမှာ မိမိနေထိုင်ရာ အိမ်ထဲမှာ ပစ္စည်းပြုတ်ကျခြင်းမှလည်းကောင်း၊ မိမိနေသည့်တိုက် / အိမ်ပျက်စီးပြိုကျရာမှလည်းကောင်း၊ မိမိပတ်ဝန်းကျင်ရှိ လျှပ်စစ်ကြိုး၊ ဓာတ်ငွေ့အိုးများမီးလောင်ရာမှလည်းကောင်း အသက်ဆုံးရှုံးပျက်စီးရသည်။

ငလျင်မလှုပ်ခင် ကြိုတင်ပြင်ဆင်ရာတွင် ငလျင်လှုပ်ပုံကို "ဖြစ်ရပ်မှန်သည် သာဓက" မှ နမူနာယူ၍ တကယ်ဖြစ်စဉ်အတိုင်း ပြန်လည်တည်ဆောက်ကြည့်ပါ။ "ငလျင်လှုပ်ပြီဟေ့"ဟုဆိုလျှင် မိမိဘာကို စလုပ်ရမည်နည်း။ ယင်းကို ကြိုတင် သိနိုင်ရန် အရေးပေါ် ဆောင်ရွက်ရမည့် အစီအစဉ် (Plan)များကို ရေးချထားပါ။ ယင်းကို လက်တွေ့လုပ်ကြည့်ပါ။ အရေးပေါ်လိုအပ်သောပစ္စည်းများ စုစည်းထားပါ။ ငလျင်လှုပ်လျှင် အဓိကအကျိုးဆက်မှာ တိုက်ပြိုခြင်း၊ အိမ်တွင်းပစ္စည်းပြုတ်ကျခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရခြင်းမှ အသက်ဆုံးရှုံးရခြင်းအထိ ဖြစ်ရသည်။

ငလျင်လှုပ်နိုင်ခြေပြမြေပုံ (National Seismic hazard map) သည် ငလျင်လှုပ်နိုင်ခြေ သို့မဟုတ် ငလျင်လှုပ်နိုင်သည့် အလားအလာ သို့မဟုတ် အနာဂတ်ငလျင်လှုပ်မည့်အခြေအနေကို အထင်ရှားဆုံး၊ နားလည်ရအလွယ်ဆုံး ထင်ဟပ်ပေါ်လွင်စေသည့် မြေပုံတစ်ပုံဖြစ်သည့်အပြင် မြေပြင်တုန်ခါမှုမည်မျှပြင်းထန်နိုင်မည်ကိုပါ ဖော်ပြထားသည်။ မြန်မာနိုင်ငံအလယ်ကြောတစ်လျှောက် 96˚ E - 97˚ E (ဥပမာမြောက်ဘက် ပူတာအိုမှ တောင်ဘက် ပဲခူးမြို့အထိ)သည် ငလျင်လှုပ်နိုင်သော အလားအလာရှိသည့် မြို့ကြီးများပါဝင်သည်။ မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ်ဘက် မြို့များနှင့် မြန်မာပြည်အနောက်ဘက် မြေနိမ့်လွင်ပြင်နှင့်ရခိုင်ရိုးမတောင်ခြေ တစ်လျှောက်တို့သည်လည်း ငလျင်လှုပ်နိုင်ခြေရှိသည်။




**ငလျင်ကြိုတင်ပြင်ဆင်နည်း**

ငလျင်လှုပ်လျှင် ပထမဆုံးမိမိကိုယ်ကိုယ် ဘေးကင်းရန် ကာကွယ်ရပါမည်။ ကာကွယ်ပုံမှာ Drop-Cover-Hold - on သည် ငလျင်လှုပ်ပြီဆိုသည်နှင့် ရောက်လေရာအရပ်မှာ ချက်ချင်းထိုင်ချပါ။ လက်နှစ်ဖက်ယှက်၍ ခေါင်းပေါ်တင်ပြီး ခေါင်းငုံ့ထားပါ။ နီးစပ်ရာနေရာ စားပွဲ၊ ခုတင်ဆီသို့ လေးဖက်ထောက်၍ ဖြည်းဖြည်းသွား၍ခိုနေပါ။ လှုပ်ရမ်းတာရပ်သည်အထိ ခိုလှုံနေပါ။ ဤပုံစံအနေအထားသည်ငလျင်လှုပ်နေစဉ် ကာလအတွင်း အထိရောက်ဆုံး အကာအကွယ်ပေးသည့်အနေအထားဖြစ်သည်။ စားပွဲခုတင်မရှိလျှင် ပြတင်းပေါက်နှင့် ဝေးရာနံရံထောင့်နားသို့ တွားသွားပါ။ တိုက်ပြို၍ကျလာမည့် အပိုင်းအစများမှ ထိခိုက်မှုအများဆုံးဖြစ်သည်ဟု ဆိုသည်။

Wheel Chair ပေါ်မှာရှိနေလျှင် Wheel Chair ကိုခလုတ်အဆုံးဖြုတ်ရပ်၊ မရွေ့အောင်လုပ်ပါ။ လက်နှစ်ဖက်ယှဉ်၍ ခေါင်းပေါ်တင်ကာကွယ်ပါ။ အထပ်မြင့်မှာရှိနေလျှင် Drop -Cover- Hold- on ကိုသာ ပြုလုပ်ပါ။ ရုပ်ရှင်ရုံထဲရောက်နေလျှင် ခေါင်းပေါ်လက်နှစ်ဖက်ယှက်တင်၍ ရှေ့ခုံပေါ်သို့ ခေါင်းကိုမှီ၍ငြိမ်နေပါ။ ဈေးဝယ်နေလျှင် ပစ္စည်းတင်စင်များမှ ဝေးရာသို့ရွှေ့၍ ငြိမ်နေပါ။ ကားမောင်းနေလျှင် ကားရပ်လိုက်ပါ။ Break ကို ဆွဲထားပါ။

**အရေးပေါ်လုပ်ဆောင်ရမည့်အစီအစဉ်ကို ကြိုတင်ရေးဆွဲပါ (Emergency Action Plan)**

ပထမဦးစွာငလျင်ဘေးဒဏ်သင့်သူများအား ကယ်တင်ရန် အစီအစဉ်တစ်ခုချင်းစီရေးသားထားပါ။

၁။ ဘယ်လိုကယ်ထုတ်မည်လဲ၊ ဘယ်နေရာကို ကယ်သွားမလဲ။

**ငလျင်ဘေးသင့်ပြည်သူများအား ကယ်ထုတ်မည့်အစီအစဉ်** (Evacuation Plan)

- ❊ ကယ်ထုတ်ရန်လိုအပ်သည်/ မလိုအပ်သည် ဆုံးဖြတ်ရန်
- ❊ ခိုလှုံရာနေရာရှိနေရမည်။
- ❊ ကယ်ထုတ်ယူမည့်အစီအစဉ်တွင် ညွှန်ကြားနိုင်မည့်ဦးဆောင်သူရှိရမည်။
- ❊ ကယ်ထုတ်သွားမည့် လမ်းကြောင်း (route) အပါအဝင် ကယ်ထုတ်ယူမည့် တိကျသည့် Procedure
- ❊ အထပ်မြင့်မှ ကယ်ထုတ်ရာတွင် လိုအပ်သော အကူအညီပေးမည့်သူ
- ❊ မသန်စွမ်းသူများကို ကယ်ထုတ်မည့် Procedure
- ❊ ကယ်ထုတ်ရာတွင် ကူညီသူများအတွက် အန္တရာယ်ကာကွယ်သည့် အကာအကွယ်နှင့်အောက်ဆီဂျင်ဘူး

သဘာဝဘေးကာလတွင် အသုံးပြုမည့် အစာခြောက်နှင့်ရေ၊ ဆေးဝါးစုဆောင်းသိုလှောင်ထားရမည်။

(၁)အစာခြောက်၊ (၂)သောက်သုံးရေ၊ (၃)ဆေးဝါး၊ (၄) အရေးပေါ်သုံးဆေးပစ္စည်း၊ (၅)အိမ်၊ အိမ်သားနှင့်ပတ်သက်သော စာရွက်စာတမ်းများမိတ္တူ၊ (၆)ဆက်သွယ်ရေးနံပါတ်၊ (၇) လက်နှိပ်ဓာတ်မီး၊ LED မီး၊ (၈)မိမိနှင့်သက်ဆိုင်လိုအပ်သော ပစ္စည်းများ (ဥပမာ- နားကြပ်၊ မျက်မှန်၊ တုတ်ကောက်၊ Pressure တိုင်းကိရိယာ၊ (၉) ရေဒီယိုနှင့်ဘက်ထရီဓာတ်ခဲ၊ (၁၀) ဘဏ်စာအုပ်၊ ငွေစုစာအုပ်၊ (၁၁) ပလတ်စတစ်လက်အိတ်၊ ၁၂ မိသားစု ဓာတ်ပုံ/တစ်ဦးချင်း ဓာတ်ပုံ၊ (၁၃) ကားမောင်း လိုင်စင်၊ (၁၄) နေရပ်လိပ်စာနှင့်သက်သေ ပြမီတာ Bill မှအစ၊ (၁၅)လည်ရှည်ဖိနပ်၊ (၁၆) Whistle ၊ (၁၇) မိမိနေထိုင်ရာအိမ် /တိုက်ကိုခါယမ်းမှုခံနိုင်အောင် ပြုပြင်ထားပါ။

- အသက်အာမခံစာရွက်စာတမ်းပြုလုပ်ထားပါ။

❊ Wheel Chair ပေါ်မှာရှိနေလျှင် Wheel Chair ကို ခလုတ်အဆုံးဖြုတ်ရပ်၊ မရွေ့အောင်လုပ်ပါ။ လက်နှစ်ဖက်ယှဉ်၍ ခေါင်းပေါ်တင်ကာကွယ်ပါ။

အထပ်မြင့်မှာရှိနေလျှင် Drop- Cover- Hold- on ကိုသာ ပြုလုပ်ပါ။ ရုပ်ရှင်ရုံထဲရောက်နေလျှင် ခေါင်းပေါ်လက်နှစ်ဖက်ယှက်တင်၍ ရှေ့ခုံပေါ်သို့ ခေါင်းကိုမှီ၍ ငြိမ်နေပါ။ ဈေးဝယ်နေလျှင် ပစ္စည်းတင်စင်များမှ ဝေးရာသို့ရွှေ့၍ ငြိမ်နေပါ။ ကားမောင်းနေလျှင် ကားရပ်လိုက်ပါ။ Break ကိုဆွဲထားပါ။

မိသားစုအားလုံး drill exercises များမကြာခဏ လေ့ကျင့်ထားပါ။ မိမိပတ်ဝန်းကျင်အသိုက်အဝန်းနှင့် ပူးပေါင်းလေ့ကျင့်ပါ။

❊ drop =ထိုင်ချ၊ လေးဖက်ထောက်၊ cover = အကာအကွယ်ယူ ဝင်ခိုပါ။ Hold-on = ထိုနေရာတွင် ငလျင်လှုပ်တာမရပ်မခြင်း ငြိမ်ငြိမ်နေပါ။ နောက်ဆက်တွဲ ငလျင်လာတတ်သည်ကို ထည့်သွင်းစဉ်းစားထားပါ။

**ငလျင်မလှုပ်ခင်**

၁။ မိမိနေထိုင်လျက်ရှိသော အိမ်များကိုကြံ့ခိုင်မှုရှိအောင် ဆောက်ပါ။(သို့မဟုတ်)ပြုပြင်ပါ။

၂။ အသစ်ဆောက်လုပ်မည်ဆိုပါက ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးဒီဇိုင်းများ၏ စည်းကမ်းအချက်အလက်များအရ လိုက်နာဆောက်လုပ်ပါ။

၃။ နေရာသစ်သို့ပြောင်းရွှေ့နေထိုင်မည်ဆိုပါက ဆောက်လုပ်ထားသည့် အဆောက်အအုံခိုင်မြဲမှုရှိ/မရှိစစ်ဆေးပါ။

၄။ အရေးပေါ်အဆောင်အယောင်များပါရှိသည့် သေတ္တာငယ်ကိုပြင်ဆင်ထားပါ။ ပါရှိရမည်များမှာ-

- တစ်ဦးချင်းသုံးစွဲနေသောဆေးနှင့် ဆေးပစ္စည်းများ
- ရှေးဦးသူနာပြုပစ္စည်းများ
- လက်အိတ်များ
- အိမ်ထောင်စုစာရင်းမိတ္တူနှင့်မိသားစုမှတ်ပုံတင်မိတ္တူများ
- သောက်ရေသန့်ဘူးများ
- ငွေနှင့်အစာခြောက်များ
- မိသားစုဖုန်းနံပါတ်များ
- ဓာတ်ခဲသုံးဓာတ်မီးများနှင့်ဓာတ်ခဲများ
- မိသားစုဝင်မဟုတ်သောအဝေးရှိမိတ်ဆွေများ၏ ဖုန်းနံပါတ်များစုစည်းထားပါ။
- မိသားစုအားသဘာဝဘေးကြုံလျှင် လုပ်ဆောင်ရမည့် အချက်များကို ပြောပြထားပါ။

**ငလျင်လှုပ်ပြီဆိုရင်**

(၁) ဦးစွာရောက်ရာနေရာမှာထိုင်ချလိုက်ပါ။ ခေါင်းပေါ်လက်ယှက်တင်၍ ခိုင်ခံ့သောစားပွဲကဲ့သို့သော နေရာအောက်သို့ တဖြည်းဖြည်း ရွှေ့သွားပြီး စားပွဲတိုင်းကို မြဲမြဲဆုပ်ကိုင်ထားပါ။ ငြိမ်နေပါ။ ငလျင်လှုပ်ခြင်းရပ်မှ ကွင်းကျယ်ရှိရာ ပြေးပါ။

(၂) ကြောက်လန့်တကြားမပြေးသွားပါနှင့်။ ပတ်ဝန်းကျင်ကို လေ့လာပြီးမှ လှုပ်ရှားပါ။

(၃) ပြေးလျှင်လည်း ဓာတ်လှေခါးမသုံးပါနှင့်။ ရိုးရိုးလှေခါးကိုသာ သုံးပါ။

(၄) လမ်းပေါ်ရောက်နေလျှင် ဓာတ်မီးတိုင်၊ လျှပ်စစ်မီးကြိုး၊ မှန်နှင့် ဆောက်ထားသော အထပ်မြင့်တိုက်များမှ ဝေးအောင်ရှောင်ပါ။

(၅) ကားမောင်းနေလျှင်ကားကို ဘေးလွတ်ရာတွင် ထိုးရပ်ထားပါ။

**ငလျင်လှုပ်ပြီး**

(၁) လျှပ်စစ်မီးခလုတ်ကိုပိတ်ချလိုက်ပါ။ ဓာတ်ငွေ့အိုးကို ပိတ်ချလိုက်ပါ။

(၂) ငလျင်လှုပ်ခါမှုရပ်တန့်သွားပြီးသေချာမှမိမိနေရာမှထ၍ ပတ်ဝန်းကျင်ကို လေ့လာပါ။

(၃) အိမ်သားများကို ဘေးကင်းမှုရှိ/မရှိစစ်ဆေးပါ။ အရေးပေါ်ပြုလုပ်ရမည်များကို ချက်ချင်းဆက်လက်ဆောင်ရွက်ပါ။

ငလျင်ဘေးသာမက ရေကြီးရေလျှံခြင်း၊ တောင်ပြို/ မြေပြိုခြင်း၊ တစ်နှစ်လျှင်အကြိမ်မည်မျှခံစားရသနည်း။ တစ်နှစ်တစ်ခါလား၊ ရံဖန်ရံခါလား သေချာစဉ်းစားရပါမည်။ မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

- ဖုန်းနှင့်တကွ အဆက်အသွယ်ပြတ်တောက်နိုင်လား။
- လမ်းပန်းအဆက်အသွယ်ပျက်စီးနိုင်လား။
- ဘေးကြုံလျှင် အစားအသောက်ရိက္ခာ၊ သောက်သုံးရေ၊
- ဆေးဝါးနှင့် အခြားလိုအပ်ချက် စုဆောင်းထားပြီးလား။
- တစ်ဦးချင်းအလိုက်၊ မိသားစုချင်းအလိုက် မိမိတို့နေ့စဉ်သုံးအရာများ စာရင်းပြုစုထားပြီလား။
- တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပါ။

**မသန်စွမ်းသူများအတွက်**

၁။ ထိုင်ချ-ဝင်ခို-ငြိမ်နေ (drop -cover- hold -on)မလှုပ်နိုင်သော၊ မသန်စွမ်းသူများအနေဖြင့် မိမိနေထိုင်ရာ အိမ်တိုက်ခန်းတွင် ဘေးကင်းနေရာကို ရွေးချယ်ပြင်ဆင်ထားပါ။

၂၊ သုံးစွဲနေသည့် အောက်ဆီဂျင်ဘူးကို ပြုတ်မကျအောင် လုံခြုံစွာထားရှိပါ။

၃။ မိမိအနေများသည့် ပတ်ဝန်းကျင်တွင် မိမိအားအထောက်အကူ (support) ပေးမည့်သူများနှင့် ဆွေးနွေးထားပါ။

၄။ ရုတ်တရက်ပြေးမည့်လမ်း ခိုလှုံရာ (shelter) နေရာကို သိအောင်လုပ်ထားပါ။

၅။ အရေးပေါ် အခြေအနေကို ကြိုတင်အစီအစဉ်ရေးဆွဲထားပါ။

ငလျင်လှုပ်ခြင်းကိုဖြစ်စေသည့် ဖြစ်စဉ်သည် ရှုပ်ထွေးလှသည့် အကြောင်းရင်းများ ပါဝင်နေသည်ဖြစ်၍ သုတေသနပြုလုပ်ခြင်းမှ တွေ့ရှိ၊ သိရှိလာမည်ဆိုလျှင် ငလျင်လှုပ်ခြင်း အကြောင်းရင်းကို သိရှိရမည့်အပြင် ငလျင်ကို ကြိုတင်ခန့်မှန်းလာနိုင်သည်အထိ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ငလျင် ကြိုတင်ခန့်မှန်းနိုင်ပြီဆိုလျှင် လူသားများအတွက် ငလျင်ဘေးကင်းဝေးနိုင်စေမှာ အသေအချာပင်ဖြစ်သည်။ အစဉ်တစိုက် သုတေသနပြုလုပ်နေမှသာ သဘာဝဘေးမျိုးစုံနှင့် ယှဉ်တွဲနေထိုင်နေကြသော လူသားများ အေးချမ်းသက်သာမည်ဖြစ်သည်။ အထက်ပါလိုအပ်ချက်များအပြင် မြန်မာနိုင်ငံတွင် ဖြိုဟ်တုမှရရှိသည့်အချက်အလက်များအား သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် များစွာလိုအပ်ပါသည်။

# နိုင်ပွဲတွေ အပြိုင်ယူကြဦးမယ့် ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ လာလီဂါပွဲစဉ်(၂၆)




ဒီတစ်ပတ်ရဲ့စနေ၊ တနင်္ဂနွေဖြစ်တဲ့ မတ် ၄ ရက်နဲ့ ၅ ရက်တွေမှာတော့ စပိန်မြေက လာလီဂါပွဲစဉ်(၂၆)ကို ကစားဖို့ရှိနေပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ ရီးရဲမက်ဒရစ်ရော ဘာစီလိုနာတို့ပါ အလေးထား ကစားရမယ့် အနေအထားရှိပြီး အဓိက ကစားသမားတွေ အစုံအလင်နဲ့ ပွဲထွက်ကြပါဦးမယ်။ ဒါ့အပြင် အဝေးကွင်းမှာ ရီးရဲမက်ဒရစ်တို့ အားကုန်သွန်ကစားရမယ့် အီဘာရဲ့ ခြေစွမ်းကြောင့် ရမှတ်အပြည့်အဝ စုဆောင်းနိုင်မလားဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ဘာစီလိုနာနှင့် ဆယ်လ်တာဗီဂို**

ဘာစီလိုနာတို့ကတော့ လာလီဂါဖလား ရရှိရေးအတွက် အတိမ်းအစောင်းမခံဘဲ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ဘာစီလိုနာတို့က အိမ်ကွင်းမှာ တစ်သင်းလုံး ကစားအားကောင်းကောင်းနဲ့ အားထုတ်နိုင်သလို တိုက်စစ်မှူးတွေကလည်း ဂိုးရအောင် သွင်းယူနိုင်သူတွေပါပဲ။ အဝေးကွင်းရလဒ်မကောင်းတဲ့ ဆယ်လ်တာဗီဂိုတို့ကတော့ အခုပွဲမှာ အမှတ်ရအောင် ကြိုးစားလာပါလိမ့်မယ်။ ဆယ်လ်တာဗီဂိုနဲ့ ဘာစီလိုနာတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့ရာမှာ ဆယ်လ်တာဗီဂိုတို့က နှစ်ပွဲနိုင်ခဲ့တာမို့ ဒီပွဲမှာ ဘာစီလိုနာတို့ ရှုံးကြွေးပြန်ဆပ်ပါလိမ့်မယ်။ ဘာစီလိုနာရဲ့တိုက်စစ်စွမ်းရည်ကို ဆယ်လ်တာဗီဂိုတို့ ဟန့်တားဖို့တော့ မလွယ်ပါဘူး။

**အီဘာနှင့် ရီးရဲမက်ဒရစ်**

အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲရအောင် အားထုတ်နိုင်တဲ့ အီဘာတို့ကတော့ ဒီပွဲမှာ ရီးရဲမက်ဒရစ်ကို အခက်တွေ့အောင် ကြိုးစားပါလိမ့်မယ်။ အီဘာတို့က နောက်ဆုံး ရီးရဲမက်ဒရစ်နဲ့ တွေ့ဆုံခဲ့တဲ့ ပြီးခဲ့တဲ့ အောက်တိုဘာလက ပွဲမှာ တစ်ဂိုးစီ သရေပွဲရအောင် အားထုတ်နိုင်ခဲ့တာမို့ လျှော့တွက်လို့တော့ မရပါဘူး။ ဒါပေမယ့် တန်းစီဇယား ထိပ်ဆုံးက ဦးဆောင်နေတဲ့ ရီးရဲမက်ဒရစ်တို့က ဒီနှစ်လာလီဂါဖလား ရယူရေးအတွက် ပွဲတိုင်း အလေးအနက်ကစားနေပြီဖြစ်တာမို့ နိုင်ပွဲရအောင် ပုံဖော်မှာဖြစ်ပြီး အီဘာတို့ အမြင့်ဆုံးမျှော်လင့်နိုင်တာက တစ်မှတ်ပါပဲ။

**ဘက်တစ်နှင့် ဆိုစီဒက်**

အိမ်ကွင်းမှာ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်တဲ့ ဘက်တစ်ရဲ့ခြေစွမ်းက ဆိုစီဒက်ကို အခက်တွေ့စေမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆိုစီဒက်ရဲ့ ဒီနှစ်ခြေစွမ်းက အကောင်းဆုံးပုံစံရှိနေပြီး ပွဲတိုင်း အမှတ်ဆုံးရှုံးမှုနည်းအောင် ကြိုးစားနေပါတယ်။ ဆိုစီဒက်ရဲ့အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အမှားအယွင်းများနေတာကို ပြုပြင်မှုရပါလိမ့်မယ်။ ဘက်တစ်တို့ကတော့ တိုက်စစ်စွမ်းရည်ကျဆင်းနေတာမို့ ဒီပွဲဟာ သရေရလဒ်ထွက်ပေါ်ဖို့များနေပြီး နိုင်ပွဲဆိုရင်တော့ ဆိုစီဒက်တို့ပဲဖြစ်ပါလိမ့်မယ်။

**လီဂါနက်နှင့် ဂရန်နာဒါ**

တန်းဆင်းဇုန်ဖိအားတွေကိုယ်စီရှိနေတဲ့ နှစ်သင်းစလုံးအတွက်တော့ အကြိတ်အနယ်နွှဲရမယ့်ပွဲဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့ပထမအကျော့ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် လီဂါနက်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပြီး အခုပွဲက အိမ်ကွင်းလည်း ဖြစ်တာမို့ လီဂါနက်တို့ အမှတ်ပြည့်ရယူရေး စွမ်းဆောင်ပါလိမ့်မယ်။ ဒါပေမယ့် လီဂါနက် တိုက်စစ်မှူးတွေက ဂိုးပေါက်ပျောက်ဆုံးနေတတ်တာမို့ အိမ်ရှင်တို့ နိုင်ရင်တောင် အမှတ်မပြတ်နိုင်ပါဘူး။

**ဗီလာရီးရဲနှင့် အက်စ်ပန်ညို**

ခြေရည်တူတဲ့နှစ်သင်းမို့ ဒီပွဲက ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေပါတယ်။ ဒီပွဲဟာ ဗီလာရီးရဲတိုက်စစ်မှူးတွေရဲ့စွမ်းဆောင်ရည်ကို စောင့်ကြည့်ရမှာဖြစ်သလို ဥရောပဝင်ခွင့် တစ်နေရာအတွက် အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းဖြစ်အောင် ဘယ်လိုကြိုးစားသွားမလဲဆိုတာ အဖြေထုတ်မယ့်ပွဲဖြစ်နေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုကိုကြည့်ရင် ဗီလာရီးရဲက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ပဲ နိုင်ပွဲရသွားပါဦးမယ်။ ။

**❑ မိုးမြင့်လင်းလက် ❑**



## ဘွန်ဒက်စ်လီဂါမှာ ဂိုးပေါင်း ၃၀ သွင်းထားတဲ့ လီဝမ်ဒေါစကီး

ဘိုင်ယန်မြူးနစ်က ရှော်လ်ကေးကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားပြီး ဂျာမန်ဖလား ဆီမီးဖိုင်နယ်ကို တက်ရောက်သွားခဲ့ပါတယ်။ လီဝမ်ဒေါစကီးဟာ ဒီပွဲမှာ ဂိုးသွင်းပေးခဲ့တဲ့အတွက် တစ်နှစ်တည်း ဂိုးပေါင်း ၃၀ အထိ သွင်းယူပေးနိုင်သူ ဖြစ်လာပါတယ်။ မိုချန်ဂလာဘတ်အသင်းကလည်း ဟမ်းဘတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်လာခဲ့ပါတယ်။ လီဝမ်ဒေါစကီးဟာ ဘွန်ဒက်စ်လီဂါ ဂိုး ၁၉ ဂိုး အပါအဝင် ယခုဂိုးနဲ့ ဂိုး ၃၀ အထိ သွင်းယူပေးနိုင်သူ ဖြစ်လာပါတယ်။ သူဟာ ဘိုင်ယန်မြူးနစ်အတွက် အဓိကအားထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ပရီမီယာလိဂ် ထိပ်သီးကလပ်တွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီးတို့က ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံရသူလည်း ဖြစ်ပါတယ်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းနဲ့သာ ဂိုးတွေဆက်တိုက်သွင်းယူပြီး သူ့ရဲ့အောင်မြင်မှုကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။



## ရာသီအကုန်မှာ ဘာစီလိုနာအသင်းမှ ထွက်ခွာမယ့် လူးဝစ်အန်းနရစ်



ဘာစီလိုနာအသင်းရဲ့နည်းပြ လူးဝစ်အန်းနရစ်က ရာသီအကုန်မှာ အသင်းမှ ထွက်ခွာတော့မယ်လို့ ပြောဆိုလိုက်ပါတယ်။ ဘာစီလိုနာက စပို့တင်းဂီဂျွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲအပြီးမှာ ပြောဆိုခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာကို တတိယမြောက်ရာသီအဖြစ် ကိုင်တွယ်နေတဲ့ အသက် ၄၆ နှစ်အရွယ်ရှိ နည်းပြ အန်းနရစ်ဟာ သုံးနှစ်ကျော်ကာလအတွင်း ပထမဆုံးနှစ်မှာ ချန်ပီယံလိဂ်ဖလား ရခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ ဖလားနှစ်လုံး ဆွတ်ခူးနိုင်ခဲ့ပေမယ့် ချန်ပီယံလိဂ်မှာတော့ ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့မှာ ပီအက်စ်ဂျီကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ စပိန်လာလီဂါမှာ ထိပ်ဆုံးက ရီးရဲမက်ဒရစ်ရဲ့နောက် တစ်မှတ်ခွာပြီး လိုက်နေပါတယ်။ ဘာစီလိုနာဟာ မေ ၂၇ ရက်မှာတော့ အဲလ်ဗတ်အသင်းနဲ့ ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲ ကစားဖို့ရှိနေပါတယ်။

## ဟွတ်ဒါဖီးကို ဂိုးပြတ်သွင်းပြီး မန်စီးတီး အက်ဖ်အေကွာတားတက်

မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ဟွတ်ဒါဖီးအသင်းကို ပြတ်ပြတ်သားသား အနိုင်ယူပြီး ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ဆာနီ၊ အဂူရို၊ ဇာဘလတ်တာတို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အက်ဖ်အေဖလား ပဥ္စမအဆင့် ပြန်ကန်ပွဲမှာ နိုင်ပွဲရဖို့ မျှော်လင့်ထားတဲ့ ချန်ပီယံရှစ်အသင်း ဟွတ်ဒါဖီးဟာ မှန်းချက်နဲ့ မကိုက်ဘဲ ဖြစ်ခဲ့ရပါတယ်။

မန်စီးတီးအသင်းဟာ ဒီနိုင်ပွဲကြောင့် လာမယ့် မတ် ၁၁ ရက်မှာ မစ်ဒယ်ဘရော့အသင်းနဲ့ ကွာတားဖိုင်နယ်ပွဲ ကစားရတော့မှာဖြစ်ပါတယ်။

မန်စီးတီးတို့ဟာ ရလဒ်ကောင်းတွေ ပြန်လည်ရရှိလာတဲ့အတွက် ပြီးခဲ့တဲ့နွေရာသီက မန်စီးတီးနည်းပြဖြစ်လာတဲ့ ဂွါဒီယိုလာအတွက် မျက်နှာပန်းလှစေခဲ့ပါတယ်။ မန်စီးတီးဟာ ဒီနိုင်ပွဲရရှိတာကြောင့် ရာသီလေးခုအတွင်း ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကို တက်ခွင့်ရခဲ့ခြင်းလည်းဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ကျိုင်းတုံတက္ကသိုလ် (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း

**ကျိုင်းတုံ မတ် ၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျိုင်းတုံတက္ကသိုလ်ဖွင့်လှစ်ခြင်း (၁၀) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်က စာပေဟောပြောပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ခေမရဋ္ဌခန်းမတွင် ကျင်းပပြီး စာရေးဆရာ အောင်ကျော်ဆန်းက 'သွေးစက်ကို ပေးဆပ်ကူညီ ကြက်ခြေနီ' ခေါင်းစဉ်ဖြင့် စာပေရေးရာနှင့် သွေးလှူဒါန်းခြင်းအကြောင်းများကို ဟောပြောခဲ့သည်။ ထို့နောက် ကျိုင်းတုံဆေးရုံကြီး သွေးလှူဘဏ်မှ ဆရာဝန်နှင့် ဝန်ထမ်းများက သွေးလှူဒါန်းကြမည့် ကျိုင်းတုံပညာရေးကောလိပ် တက်ရောက်နေသူများ၊ ကျိုင်းတုံတက္ကသိုလ်မှ ကြက်ခြေနီ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့် သွေးအမျိုးအစား စစ်ဆေးကာ သွေးလှူရှင် ၂၀ ဦးထံမှ သွေးများ ရယူခဲ့သည်။

"တက္ကသိုလ်ကြက်ခြေနီ မောင်မယ်လူငယ်တွေရဲ့ သွေးလှူချင်တဲ့ စိတ်ရင်းစေတနာကို လေးစားမိပါတယ်။ ဆေးရုံကြီး သွေးလှူဘဏ်မှာက သွေးအိတ် ၂၀ ပဲ ထိန်းသိမ်းထားနိုင်တာ။ ဒါကြောင့် လိုအပ်တာများတဲ့ အိုသွေးအလှူရှင် ၂၀ ဦးကိုသာ ဒီနေ့ လက်ခံနိုင်မှာ။ ကျန်တဲ့ သွေးလှူဒါန်းချင်သူတွေကို သွေးအမျိုးအစားစစ်ဆေးထားပြီး ဖုန်းနံပါတ်၊ နေရပ်လိပ်စာ ယူထားပါတယ်။ အရေးပေါ်တဲ့အခါ ဆက်သွယ်နိုင်တာပေါ့"ဟု ရှမ်းပြည်နယ်အရှေ့ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တွဲဖက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်လင်းက ပြောသည်။

တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာကလည်း "တက္ကသိုလ် (၁၀) နှစ်ပြည့်ကာလမှာ ပါမောက္ခချုပ်တာဝန်ထမ်းဆောင်ရပြီး အခုလို တက္ကသိုလ်က စုပေါင်းသွေးလှူဒါန်းခြင်း ပထမဆုံးအကြိမ်မှာ ဆောင်ရွက်ခွင့်ရတာ ဝမ်းသာပီတိဖြစ်ရတယ်"ဟု ပြောကြားသည်။

ကျိုင်းတုံတက္ကသိုလ် ဖွင့်လှစ်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကျင်းပရန် ရှမ်းပြည်နယ် အရှေ့ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက စီစဉ်ပေးခဲ့ပြီး တက္ကသိုလ်တွင် ရှေ့ဦးသူနာပြုစုခြင်း သင်တန်းကိုလည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**





# ကျိုက်ထီးရိုးသို့ ဘုရားဖူးများ စည်ကားစွာလာရောက်လျက်ရှိ

**ကျိုက်ထို မတ် ၃**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ယခုပွင့်လင်းရာသီအချိန်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ နေ့စဉ်စည်ကားစွာ လာရောက်ဖူးမြော်လျက်ရှိပြီး နိုင်ငံခြားသားဧည့်သည်များ လာရောက်မှုလည်း များပြားလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြားသား ဧည့်သည်များသည် အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ယောက်နှစ်ယောက်ချင်းသော်လည်းကောင်း လာရောက်ကြကြောင်း၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ အလွယ်တကူ နားနေတည်းခို နေထိုင်ရန်အတွက် နားနေဆောင်နှင့် တည်းခိုဆောင်များကို သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ထားကြောင်း၊ လက်ရှိအချိန်တွင် ဒေသခံတာဝန်ရှိသူများ၏ စီမံဆောင်ရွက်မှုကြောင့် စေတီတည်ရှိသည့် ရင်ပြင်ပရဝုဏ်အနီးစခန်းအထိ နေ့စဉ် အချိန်မှန်ပို့ဆောင်ပေးနေသည့် တောင်တက်ကားများ ပြေးဆွဲလျက်ရှိသဖြင့် ဘုရား ဖူးလာရောက်ကြသည့် ပြည်သူများအနေဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီသို့ လွယ်ကူစွာ လာရောက်ဖူးမြော်နိုင်ကြကြောင်း သိရသည်။ **မောင်ငြိမ်းဝင့်**

# မြစ်ကြီးနား၌ ပထမအကြိမ် ကင်းထောက်ဆင့်ပွားသင်တန်းဖွင့်

**မြစ်ကြီးနား မတ် ၃**
မြစ်ကြီးနားပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းက ကြီးမှူး၍ ပထမအကြိမ် ကင်းထောက်ဆင့်ပွားသင်တန်းကို မတ် ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။




သင်တန်းဖွင့်ပွဲတွင် မြစ်ကြီးနားပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေ့ဘူက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်က ကင်းထောက်လုပ်ငန်းစဉ်များအကြောင်းကို မိတ်ဆက်ပြောကြားသည်။

သင်တန်းတွင် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၈၀ ဦးအား ငါးရက်တာ ကာလအတွင်း ကာယနှင့်အားကစားနည်းပညာ၊ ယာဉ်အန္တရာယ်အကြောင်း၊ ကင်းထောက်လုပ်ငန်း၏ အဆင့်အတန်းများ၊ ရှေးဦးပြုစုခြင်း၊ စခန်းချလက်တွေ့ပြုလုပ်ခြင်း၊ ကင်းထောက် ကတိနှင့် ကျင့်ဝတ်၊ ကလေးသူငယ်အခွင့်အရေးများအကြောင်း၊ အလံအချက်ပြခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့များ၊ သဘာဝ တောတောင်ရေမြေများကို စူးစမ်းလေ့လာခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေလျှော့ချခြင်း၊ ကြိုးချည်နည်း စသည့် သင်ခန်းစာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကင်းထောက်လုပ်ငန်းသည် လူမှုဝန်ထမ်းလုပ်ငန်းသက်သက်ဖြစ်ပြီး လူငယ်များအနေဖြင့် တာဝန်သိသော နိုင်ငံသားကောင်းများ ဖြစ်လာရန်၊ လူငယ်လူရွယ်တို့၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများ ကောင်းမွန်ရန်၊ လူမှုကိစ္စများတွင် လေ့လာခြင်းဖြင့် အခြားသူများအတွက် အသုံးကျသော နိုင်ငံသားတစ်ဦး ဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# လယ်ယာမြေဥပဒေနှင့် နည်းဥပဒေဆိုင်ရာသင်တန်းဖွင့်

**တနင်္သာရီ မတ် ၃**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအကြောင်း သင်တန်းကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကြီးမှူး၍ တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က အချို့ကျေးရွာအုပ်စုများတွင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် လယ်ယာမြေဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းပေးမှုတွင် အားနည်းနေသေးသည်ကို တွေ့ရှိနေရသဖြင့် ပြည်သူများအား လယ်ယာမြေကိစ္စ ဖြေရှင်းပေးရာတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေရှင်းကိုင်တွယ်ပေးနိုင်ရန်အတွက် သင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်နိုင်ထက်က သင်တန်းပို့ချစဉ် မရှင်းလင်းပါက ပွင့်လင်းစွာ မေးမြန်းကြရန်နှင့် အပြန်အလှန်ဆွေးနွေးမှုပြုကြရန် အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေးများ စုစုပေါင်း ၅၁ ဦးတက်ရောက်ပြီး မတ် ၁ ရက်မှ ၃ ရက်အထိ သင်တန်းကာလသုံးရက်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မုံရွာကားလေးဝင်းအတွင်း ကွန်ကရစ်ခင်းကျင်းမှု ရာနှုန်းပြည့်နီးပါးပြီးစီး

**မုံရွာ မတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ ကျပ်သိန်း၅၀၀ဖြင့် မုံရွာမြို့ကားလေးဝင်းအတွင်း ကွန်ကရစ်ခင်းလျက်ရှိရာ ယခုအခါ ကွင်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"မုံရွာကားလေးဝင်းထဲမှာ အရင်ခင်းပြီးသားထဲက ကျန်နေတဲ့နေရာတွေမှာ မိုးရွာရင် ရွှံ့ဗွက်အိုင်ကြီးတွေ ဖြစ်နေတဲ့အပေါ် အများက မကျေနပ်ကြတဲ့အကြောင်း ဖေ့စ်ဘုတ်ကတစ်ဆင့် သိရတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ခင်းနိုင်ခဲ့တာပါ။ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေအဖြစ် တစ်မြို့နယ် ကျပ်သိန်း ၅၀၀ စီ ချထားပေးတာ မုံရွာမြို့နယ်အတွက် ချထားပေးတဲ့အထဲက ကားလေးဝင်း ကွန်ကရစ်ခင်းတာကို လုပ်နေတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဦးဇော်ထွန်းက ပြောသည်။

မုံရွာမြို့ကားလေးဝင်းအတွင်း ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဝင်းအတွင်းရှိ ကားဂိတ်များ စုပေါင်းထည့်ဝင်ငွေနှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်ခဲ့သော်လည်း ကုန်ကျမည့် ငွေရေးကြေးရေး အခြေအနေကြောင့် ကွန်ကရစ်ခင်းခြင်းမှာ တစ်ဝက်တစ်ပျက်သာ ပြီးစီးခဲ့ကာ ကျန်သည့်အပိုင်းနှင့် ပေါင်းစပ်၍ အကျယ် ၂၀၄၈၄ စတုရန်းပေရှိသည့် တစ်ကွင်းလုံးကို ကွန်ကရစ်ခင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"အရင် ၂၀၁၅ က ခင်းမယ်ဆိုတော့ ကားလေးဝင်းထဲက ကားသင်းတစ်သင်းကို ကျပ်သုံးသိန်းစီသတ်မှတ်ပြီး ရန်ပုံငွေကောက်တယ်။ အရစ်လိုက် ငါးသောင်းစီ သွင်းစေခဲ့တာ အချို့ပဲ သုံးသိန်းကောက်လို့ရပြီး ပထမအရစ် ငါးသောင်းသွင်းပြီး ပြီးသွားတဲ့ အသင်းတွေက အများစုဆိုတော့ အပြည့်ခင်းဖို့ အဲဒီတုန်းက မအောင်မြင်ခဲ့ပါဘူး။ အခုကတော့ကျန်နေတဲ့အပိုင်းကိုဖြည့်ရင်း တစ်ကွင်းလုံးကို စည်ပင်က အဆင့်မြှင့်ပေးနေတာ တွေ့ရပါတယ်။ မုံရွာကားလေးဝင်းထဲမှာ စာရင်းရှိကားအသင်းက ၇၀ ကျော်ရှိပါတယ်။ အသစ်ဝင်လာတဲ့ ကားအသင်းတွေရှိသလို နာမည်ရှိပြီး အသက်မဝင်တော့တဲ့ ကားအသင်းတွေလည်း ပါပါတယ်"ဟု မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ဆိုင်ကယ်ကယ်ရီများ ပိတ်ရပ်ထားသောကြောင့် သပြေကုန်းဈေးလာသူများ အခက်အခဲရှိ

**နေပြည်တော် မတ် ၃**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ သပြေကုန်းယာယီဈေး တည်ရှိရာ ပိတောက်လမ်း အဝင်ဝ လမ်းတည့်တည့်တွင် ဆိုင်ကယ်ကယ်ရီသမားများ၏ ဆိုင်ကယ်များ နေ့စဉ် ပိတ်ရပ်ထားသောကြောင့် ဈေးသွားဈေးလာများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

"ကျွန်မတို့ မနက်ဈေးဝယ်သွားတဲ့အခါ ဆိုင်ကယ်တွေက ဈေးအဝင်လမ်းတည့်တည့် ရပ်ထားတော့ ဆိုင်ကယ်တွေကြားထဲကနေ သွားလာနေကြရပါတယ်။ ဒီလို ဆိုင်ကယ်တွေကြားထဲ သွားလာရတော့ ဈေးသွားဈေးပြန်တွေအတွက် ဆွဲကြိုးတွေ၊ ပိုက်ဆံအိတ်တွေ စိတ်မချရဘူး"ဟု သပြေကုန်းရပ်ကွက်တွင်နေထိုင်သူ မိန်းကလေးတစ်ဦးက ပြောသည်။

နေပြည်တော် သပြေကုန်းဈေးအနီးတွင် ကုမ္ပဏီရုံးများ၊ ဆိုင်ကြီးများ၊ ပုဂ္ဂလိကဈေးဆိုင်များ တည်ရှိကာ အဆိုပါ ဆိုင်များတွင် အလုပ်လုပ်ကိုင်ကြသည့် ဝန်ထမ်းများ၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် အစိုးရဝန်ထမ်းများမှာ သပြေကုန်းရပ်ကွက်အတွင်း အိမ်များငှားနေကြရာ သပြေကုန်းဈေးမှာ နေ့စဉ် လူစည်ကားလျက်ရှိပြီး ဈေးအဝင်လမ်းဝတွင် ပိတ်ရပ်ထားသော ဆိုင်ကယ်ကယ်ရီများကြောင့် ဈေးသွားဈေးလာများ အခက်အခဲများရှိနေကြောင်း သိရသည်။

**သန်းမောင်လေး**

# တယ်လီနောသုံးသူများ၏အချက်အလက် တောင်းခံမှု အကြိမ် ၁၀၀ တွင် ၂၉ ကြိမ်သာ ထုတ်ပေးခဲ့

**ရန်ကုန် မတ် ၃**

၂၀၁၄ ခုနှစ်မှ ယခုအချိန်အထိ တယ်လီနောဆင်းကတ် သုံးစွဲသူများ၏ အချက်အလက်များကို သက်ဆိုင်ရာက တောင်းခံမှု အကြိမ် ၁၀၀ ရှိခဲ့သည့်အနက် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အချက်အလက်တောင်းခံမှု ၂၉ ကြိမ်ကိုသာ စိစစ်ထုတ်ပေးခဲ့ကြောင်း တယ်လီနောမြန်မာမှ သိရသည်။

သက်ဆိုင်ရာအာဏာပိုင်များ၏ အချက်အလက်တောင်းခံချက်နှင့် ပတ်သက်၍ တယ်လီနောအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ သုံးစွဲသူများ၏ လျှို့ဝှက်အချက်အလက်များကို တောင်းခံမှုများရှိလာပါက စိစစ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကုမ္ပဏီတွင်း အစီအမံတစ်ခုကို ချမှတ်ထားခဲ့ကြောင်း၊ ထိုအစီအမံ သတ်မှတ်ချက်အရ လူသတ်မှု၊ လူပျောက်မှုနှင့် မူးယစ်ဆေးဝါးမှုနှင့်ဆိုင်သော အမှုအခင်းများအတွက် အချက်အလက်တောင်းခံမှုများကိုသာ စိစစ်ပြီး ပူးပေါင်းဆောင်ရွက်ကြောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ နှစ်ဆန်းပိုင်းအထိ ဆက်သွယ်ပြောဆိုမှုနှင့်ဆိုင်သော အချက်အလက် တရားဝင်တောင်းခံမှု အကြိမ် ၁၀၀ ရှိခဲ့သည့်အနက် စိစစ်ချက်များအရ သတ်မှတ်စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိသော ၂၉ ကြိမ်ကိုသာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှတစ်ဆင့် ထုတ်ပြန်ပေးခဲ့ကြောင်း သိရသည်။ အသုံးပြုသူများ၏ ကွန်ရက်ကို ဖြတ်တောက်ရန်၊ ဆင်ဆာပြုလုပ်ရန်နှင့် အချက်အလက်ပိတ်ဆို့ရန်အတွက် တောင်းခံမှုမှာမူ လက်ရှိကာလအထိ လုံးဝ မရှိသေးကြောင်း သိရသည်။

တယ်လီနောမြန်မာက ၎င်း၏ လုပ်ငန်းရေရှည်တည်တံ့စေရေး (sustainability) ဆောင်ရွက်ချက်များနှင့်ဆိုင်သော စတုတ္ထအကြိမ်မြောက် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပစဉ် တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားခဲ့ခြင်းဖြစ်သည်။ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအတွင်း တယ်လီနော၏ စီးပွားရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ငန်းနယ်ပယ်များတွင် လက်ရှိဆောင်ရွက်နေသော ရေရှည်တည်တံ့မှုဆိုင်ရာ လုပ်ငန်းများအကြောင်း၊ တယ်လီနောမြန်မာအပါအဝင် ဆက်သွယ်ရေးကဏ္ဍတစ်ခုလုံး တွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဖြစ်သည့် သက်ဆိုင်ရာ အာဏာပိုင်များက သုံးစွဲသူများ၏ အချက်အလက်များ တောင်းခံမှုအတွက် စိစစ်ဆောင်ရွက်ပေးရာတွင် ရှိရမည့်စနစ်နှင့် လုပ်ငန်းစဉ်များ၊ လျှပ်စစ်မီး လုံးဝမရှိသော သို့မဟုတ် အနည်းငယ်သာ ရရှိနိုင်သော ဒေသများသို့ ကွန်ရက်ချဲ့ထွင်ခြင်းအတွက် စွမ်းအင်ချွေတာမှု အစီအမံများ စသည့်အကြောင်းအရာများကို ရှင်းလင်းခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ မဖွံ့ဖြိုးမတိုးတက်သေးတဲ့ ဈေးကွက်တစ်ခုလို့ ပုံဖော်ပြောဆိုလို့ မရတော့ပါဘူး။ ဒီကဏ္ဍဟာ အခုဆိုရင် ဖွံ့ဖြိုးမှု ခိုင်မာနေပြီဖြစ်ပြီး ဆက်လက် အခြေတကျ ကြီးမားလာဖို့ တာဆူနေတဲ့ လုပ်ငန်းနယ်ပယ်တစ်ခု ဖြစ်နေပါပြီ။ ဒီလိုအခြေအနေအတွက် ခိုင်မာတိကျတဲ့ စံချိန်စံညွှန်းတွေ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေ လိုအပ်ပါတယ်။ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်နေကြသူများအကြား လိုအပ်တဲ့ တာဝန်သိ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတွေကို ဆက်လက်ပြီးတော့ လေ့လာစောင့်ကြည့် ထောက်ပြပေးကြဖို့ တယ်လီနောအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေကို တိုက်တွန်းလိုပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာခြင်းနှင့်အတူ တယ်လီနောအနေဖြင့် လုပ်ငန်းလည်ပတ်နေသည့် ကာလအတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုကဏ္ဍတိုင်းတွင် တိကျသည့် လုပ်ငန်းစီမံဆောင်ရွက်မှု စံချိန်စံညွှန်းများကို ချမှတ်လိုက်နာဆောင်ရွက်လျက်ရှိကြောင်းလည်း ၎င်းက ဆိုသည်။

ရှင်းလင်းပွဲတွင် တယ်လီနောအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့မှုလုပ်ငန်းစဉ်၊ သက်ဆိုင်ရာအာဏာပိုင်များ၏ အချက်အလက်တောင်းခံချက်၊ စွမ်းအင်သုံးစွဲမှုအတွက် တီထွင်ဆောင်ရွက်ချက်၊ ဝန်ထမ်းများ လုပ်ကိုင်နိုင်စွမ်းမြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို အဓိကထား ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် မေလမှစတင်၍ တာဝါတိုင်များနှင့် ဖိုက်ဘာဆက်ကြောင်း နေရာများတွင် စစ်ဆေးမှုအရေအတွက် ၁၀၇၀၀ ကျော် ပြုလုပ်ခဲ့ပြီး အဆိုပါ စစ်ဆေးမှုများ၏ ၉၈ ရာခိုင်နှုန်းမှာ ရှောင်တခင်စစ်ဆေးမှုများဖြစ်ကြောင်း သိရသည်။ စွမ်းအင်သုံးစွဲမှုအတွက် တီထွင်မှုအနေဖြင့် တယ်လီနောက အသုံးပြုနေသော တာဝါတိုင်စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်မီးဖြင့် လုပ်ငန်းလည်ပတ်နေကြပြီး လျှပ်စစ်မီးမရရှိနိုင်သေးသော ဒေသများရှိ တာဝါတိုင်များသည် လုပ်ငန်းလည်ပတ်ရန် တာဝါတစ်တိုင်လျှင် ဒီဇယ်လီတာ ၇၀၀ ခန့် လစဉ် လိုအပ်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး မသွယ်တန်းနိုင်သေးသော တာဝါတိုင်များအတွက် နေရောင်ခြည်စွမ်းအင်နှင့် မျှသုံးမည့် အစီအမံများကို ဆောင်ရွက်ထားပြီး ယခုအခါ တာဝါတိုင်ပေါင်း ၁၀၀ ခန့်သည် ယင်းအစီအမံဖြင့် လည်ပတ်နေပြီဖြစ်ကြောင်းနှင့် ယခုနှစ်ကုန်တွင် တာဝါတိုင်ပေါင်း ၅၀၀ ခန့်အထိကို ထိုအစီအမံဖြင့် လည်ပတ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ထို့အပြင် လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လုပ်ငန်းလည်ပတ်သည့် တာဝါတိုင်တစ်ခုကိုလည်း ယခုနှစ်အတွင်း စမ်းသပ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ထိုစမ်းသပ်ချက်မှာ မြန်မာနိုင်ငံတွင် ပထမဆုံး ဆောင်ရွက်ချက်တစ်ခုဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ထူးခြားဆန်းသစ်သော စွမ်းအင်ချွေတာသည့်နည်းလမ်းများကို ဆက်လက်ဆောင်ရွက်ရန် စီမံသွားမည်ဖြစ်ကြောင်း ရှင်းလင်းပွဲမှ သိရသည်။

**သူရဖြိုး**

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဂရပ်ဖစ်ဒီဇိုင်းနည်းပညာသင်တန်း ဖွင့်မည်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးပြီး ဂရပ်ဖစ်ဒီဇိုင်းနည်းပညာကို စိတ်ဝင်စားသော လူငယ်များအတွက် ရည်ရွယ်၍ Essential Graphic Design for Web Development သင်တန်းကို မတ် ၁၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ဂရပ်ဖစ်ဒီဇိုင်း အခြေခံရှိပြီး ဝက်ဘ်ဆိုက်စာမျက်နှာများတွင် ဒီဇိုင်းရေးဆွဲ လိုသူများ၊ ကွန်ပျူတာ ကျောင်းသား ကျောင်းသူများ၊ ဝက်ဘ်ဒီဇိုင်နာဖြစ်လိုသူများ၊ ဝက်ဘ်ဆိုက်တည်ထောင်လိုသူများ အထူးတက်ရောက်သင့်ကြောင်း၊ သင်တန်းကာလအတွင်း ဝက်ဘ်ဆိုက်တည်ဆောက်ခြင်းနည်းပညာများဖြစ်သည့် HTML, Dreamweaver စသည့် ဆော့ဖ်ဝဲများအကြောင်းကို ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ကာ သဘောတရားနားလည်ပြီး လက်တွေ့ ပိုင်နိုင်စွာအသုံးချနိုင်ရန်ပါ သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက မိမိကိုယ်တိုင် ဒီဇိုင်းများရေးဆွဲပြီး ဝက်ဘ်ဆိုက်များ တည်ဆောက်နိုင်မည်ဖြစ်၍ ဝက်ဘ်ဒီဇိုင်နာအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် ကိုယ်ပိုင် ဝက်ဘ်စာမျက်နှာတစ်ခုကို ဒီဇိုင်းရေးဆွဲ တင်ပြနိုင်မှသာ Certificate ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဝက်ဘ်ဆိုက်၊ ဝက်ဘ်စာမျက်နှာများနှင့် ဝက်ဘ်ဒီဇိုင်းများအကြောင်း၊ HTML နှင့် Dreamweaver ဖြင့် ဝက်ဘ်စာမျက်နှာများ ဖန်တီးခြင်း၊ ဖိုတိုရှော့ပ်ဆော့ဖ်ဝဲ၏ အသုံးဝင်ပုံများ၊ ဝက်ဘ်ဆိုက်များ၏ Layouts ဒီဇိုင်းများ၊ ဝက်ဘ်ဆိုက်များအတွင်း ခလုတ်များဖန်တီးခြင်း၊ လိုဂိုများ၊ ကြော်ငြာဒီဇိုင်းများ၊ နောက်ခံဒီဇိုင်းများ၊ ခေါင်းစည်းဒီဇိုင်းများ ပြုလုပ်ခြင်း၊ အသင့်လုပ်ပြီးသော ဝက်ဘ်ဒီဇိုင်း Templates များကို အသုံးချခြင်း စသည်တို့ကို သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဆရာဦးကျော်ဌေးက မတ် ၁၁ ရက်မှ ဧပြီ ၂ ရက်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်လျှင် သုံးနာရီကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်ထားသူများအတွက် ကျပ်ငါးသောင်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ပြည်တွင်းဈေးကွက်မှာ ကြိုတင်စိတ်ဝင်စားနေတဲ့ Xiaomi mi 5C

Xiaomi mi 5C ဟာ ဖေဖော်ဝါရီလကုန်ပိုင်းကမှ တရုတ်နိုင်ငံမှာ စတင်ကြော်ငြာထားတဲ့ စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပြီး ပြည်တွင်းဈေးကွက်ကို မရောက်သေးသလို ဘယ်အချိန်ရောက်မယ်ဆိုတာလည်း အတိအကျ မသိသေးပါဘူး။ ဒါပေမယ့် ကြော်ငြာအရ စွမ်းဆောင်ရည်မြင့်မားမှုနဲ့ ဈေးနှုန်းပိုင်းမှာလည်း သင့်တော်တဲ့အတွက် ပြည်တွင်းက Xiaomi ဖုန်းအသုံးပြုသူတွေ ကြိုတင်စိတ်ဝင်စားနေကြတဲ့ ဖုန်းမော်ဒယ်သစ် ဖြစ်ပါတယ်။



Xiaomi mi 5C ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၁၅ လက်မရှိလို့ အရွယ်အစားက အလတ်စားဖြစ်ပြီး Screen Resolution က 1080x1920 ပစ်ဇယ်ရှိတာကြောင့် ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ Cortex A53 Octa-core CPU ပါဝင်လို့ စွမ်းဆောင်ရည်မြင့်မားပြီး RAM ကလည်း 3GB ပါဝင်တာကြောင့် အပလီကေးရှင်းအမျိုးမျိုး၊ ဂိမ်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး သုံးနိုင်ပါတယ်။ အင်တာနယ်မင်မိုရီကလည်း 64 GB အထိပါဝင်လို့ များပေမယ့် မင်မိုရီကတ် ထပ်စိုက်သုံးလို့မရတာတော့ အားနည်းချက်လိုဖြစ်နေပါတယ်။ အန်းဒရွိုက်ဗားရှင်းကတော့ နောက်ဆုံးထွက်ဖြစ်တဲ့ Android Nougat(7.1)ကို အသုံးပြုထားလို့ စိတ်ဝင်စားစရာဖြစ်ပြီး User Interface က MIUI 8 ဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ ဆယ်လ်ဖီကင်မရာက ၈ မဂ္ဂါပစ်ဇယ်ရှိပြီး 1080 pixels အရည်အသွေး ဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ နောက်ဘက်ကင်မရာက ၁၂ မဂ္ဂါပစ်ဇယ်ရှိပြီး autofocus, face detection, HDR စတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။ ဗီဒီယိုကိုလည်း 1080 pixels အရည်အသွေးရှိ HD ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 2860 mAh ဘက်ထရီပါဝင်လို့ စွမ်းဆောင်ရည်မြင့်ပြီး အချိန်တိုအတွင်း အားသွင်းနိုင်တဲ့ Fast Battery Charging စနစ်လည်း ပါဝင်ပါတယ်။

လက်ဗွေနဲ့ အသုံးပြုတဲ့ Finger Print စနစ်လည်း ပါဝင်ပြီး အရင်ထွက်ခဲ့တဲ့ mi ဖုန်းအများစုလို Sensor က နောက်ကျောမှာမဟုတ်ဘဲ ရှေ့ဘက်မှာ ပါဝင်နေတာက mi 5C ရဲ့ ထူးခြားမှုဖြစ်ပါတယ်။ အခြားထူးခြားချက်အနေနဲ့ ဖုန်းပြောဆိုတဲ့အခါ အသံထဲက ဆူညံသံတွေကို ဖယ်ရှားပေးနိုင်မယ့် မိုက်ခရိုဖုန်းကို အသုံးပြုထားတယ်လို့ ကြော်ငြာအရ သိရပါတယ်။

မိုဘိုင်းနက်ဝပ်ကတော့ GSM နက်ဝပ်ဖြစ်ပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အင်တာနက်အသုံးပြုဖို့အတွက် 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အမည်းရောင်၊ ရွှေရောင်နဲ့ Rose gold အရောင်သုံးမျိုး ထုတ်လုပ်ထားပါတယ်။ ဈေးနှုန်းအတိအကျကိုတော့ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာချိန်မှသာ သိရမှာဖြစ်ပေမယ့် လက်ရှိ တရုတ်နိုင်ငံမှာ ကြော်ငြာတဲ့ ဈေးနှုန်းအရတော့ ပြည်တွင်းဈေးကွက်ကို ရောက်လာရင် ကျပ်သုံးသိန်းကျော်လောက် ရှိနိုင်မှာဖြစ်ပါတယ်။

**သူရဖြိုး**

# ဆမ်ဆောင်းမြန်မာ၏ ပထမဆုံး Vocational Training သင်တန်းဆင်း

**ရန်ကုန် မတ် ၃**

ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန် သင်ကြားပြသပေးသည့် ဆမ်ဆောင်းမြန်မာ၏ Samsung Tech Institute: Vocational Training Academy သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၌ မတ် ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းမြန်မာ Vocational Training Academy သင်တန်းသည် Samsung Tech Institute အစီအစဉ်၏ ခြေလှမ်းသစ်တစ်ခုဖြစ်ပြီး ၂၀၁၆ ဇွန်လအတွင်းက ရန်ကုန်နည်းပညာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ အဆိုပါသင်တန်း ပထမအကြိမ်တွင် မိုဘိုင်း ဆော့ဖ်ဝဲနှင့် ဟာ့ဒ်ဝဲ ပြင်ဆင်နည်းသင်တန်းနှင့် တီဗွီပြုပြင်နည်းသင်တန်းဟု အမျိုးအစား နှစ်မျိုးခွဲခြား၍ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ သင်တန်းကို အပတ်စဉ် ကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်၍ ဝင်ခွင့်ဖြေဆိုအောင်မြင်သော သင်တန်းသား ၁၂၀ အား စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းပြီးဆုံးချိန်တွင် အရည်အချင်းစစ်စာမေးပွဲ ကျင်းပခဲ့ပြီး ယခု သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အခုအချိန်မှာ မြန်မာနိုင်ငံမှာရှိတဲ့ ကဏ္ဍပေါင်းစုံဟာ တကယ့်ကို လျင်လျင်မြန်မြန် တိုးတက်ပြောင်းလဲနေပါတယ်။ ကျွန်တော်တို့ ဆမ်ဆောင်းဟာ ဖွံ့ဖြိုးတိုးတက်နေတဲ့ မြန်မာနိုင်ငံရဲ့ဈေးကွက်မှာ ကျွမ်းကျင်ဝန်ထမ်းနဲ့ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု လိုအပ်ချက်တွေကို သတိထားမိပါတယ်။ ဒါကြောင့် အခုလို Samsung Tech Institute ရဲ့ နောက်ထပ်ခြေလှမ်းအသစ်ဖြစ်တဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကို အခုလို အောင်အောင်မြင်မြင် စတင်ဖွင့်လှစ်နိုင်တာကို ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ဆမ်ဆောင်းမြန်မာ၏ Managing Director ဖြစ်သူ Mr.Nam Sik Ahn က သင်တန်းဆင်းပွဲတွင် ပြောကြားသည်။




သင်တန်းဆင်းပွဲတွင် မိုဘိုင်း ဆော့ဖ်ဝဲနှင့်ဟာ့ဒ်ဝဲ ပြင်ဆင်နည်းသင်တန်းနှင့် တီဗွီပြုပြင်ရေးသင်တန်းတို့မှ ဆုရရှိသူများအား ပထမဆု အမေရိကန်ဒေါ်လာ ၁၁၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၈၅၀ နှင့် တတိယဆု ရရှိသူနှစ်ဦးအား အမေရိကန်ဒေါ်လာ ၅၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက "ဒီ Vocational Training ကို ၂၀၁၆ ခုနှစ် ဇူလိုင်ကနေ ဒီဇင်ဘာလအထိ ကျောင်းပိတ်ရက်တွေမှာ ဖွင့်လှစ်ခဲ့ပါတယ်။ EC, MCE နဲ့ CEIT ဌာနက ကျောင်းသား ကျောင်းသူပေါင်း ၁၂၀ တက်ရောက်ခဲ့ကြပါတယ်။ အခုလို မိုဘိုင်းဖုန်း၊ တီဗွီတွေနဲ့ သက်ဆိုင်တဲ့ စာတွေ့၊ လက်တွေ့ သင်ခန်းစာတွေ သင်ကြားခဲ့ရတာ ကျောင်းသားတွေအတွက် အလွန်ကို အကျိုးကျေးဇူးရရှိခဲ့ပါတယ်။ ဒီ Vocational Training ကြောင့်လည်း ကျောင်းသားကျောင်းသူတွေ စာတွေ့လက်တွေ့ ပေါင်းစပ်လုပ်ကိုင်နိုင်ပြီး သုတေသနများပြုလုပ်ရာမှာလည်း များစွာအထောက်အကူရခဲ့ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့်ပြုလုပ်သည့် ဆမ်ဆောင်းမြန်မာ၏ Vocational Training Academy အနေဖြင့် နည်းပညာမြင့် တီဗွီနှင့် မိုဘိုင်းဖုန်း ပြုပြင်တပ်ဆင်နည်းဆိုင်ရာ သင်တန်းများကို ဆက်လက်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများအား စာတွေ့နှင့် အစုအဖွဲ့လိုက် လက်တွေ့လေ့ကျင့်မှုများဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်တို့ ပူးပေါင်းမှုအစီအစဉ်အရ မြန်မာနိုင်ငံသို့ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာအကူအညီအနေဖြင့် ထောက်ပံ့သည့် ဇီဝစွမ်းအင်သုံးစွမ်းအားမြှင့် မီးဖိုနှင့် အိမ်သုံးဆိုလာပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၁ ရက်က နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမှာစကားပြောကြားသည်။

အဆိုပါ ပစ္စည်းများကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အပူပိုင်းဒေသရှိ ကျေးလက်ပြည်သူများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ အောင်မြင်စွာဆောင်ရွက်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသုံးပြုသူအဖွဲ့ဝင်များ၊ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သည့် သဘာဝဘေးဒဏ်သင့် ကျေးရွာများကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ ထင်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၉၈ ခုနှစ်မှ ယခုအချိန်ထိ စွမ်းအားမြှင့် မီးဖိုလုံးရေ ငါးသိန်းခန့် ဖြန့်ဝေနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုကွန်ဗင်းရှင်းမှာ တင်သွင်းထားသည့် INDC ရည်မှန်းချက်အရ ကျေးလက်လျှပ်စစ်မီးရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကနေ စုစုပေါင်းလိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်သုံးစွဲနိုင်ရန် စီမံချက်ရေးဆွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

နေ့လယ်ပိုင်းတွင် သန့်ရှင်းထိရောက်သော ချက်ပြုတ်မှုများဆိုင်ရာ ဆက်စပ်ပတ်သက်သူများ စားပွဲဝိုင်းဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပခဲ့သည်။ ဆက်စပ်အစီအစဉ်များအနေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးကိုယ်စားလှယ်အဖွဲ့သည် ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာနှင့် ချောက်ကန်ကျေးရွာများသို့ သွားရောက်၍ ကျေးရွာ၏အခြေအနေ၊ ရာသီဥတုပြောင်းလဲမှုကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုနှင့် ဖြန့်ဝေထားရှိသည့် စွမ်းအားမြှင့်မီးဖိုနှင့် အိမ်သုံးဆိုလာသုံးစွဲနေသူများ၏ အကြံပြုချက်များကို ကွင်းဆင်းလေ့လာခြင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြန့်ဝေသည့် စွမ်းအားမြှင့်မီးဖိုနှင့် အိမ်သုံးဆိုလာတပ်ဆင်ခြင်း၊ အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နွေရာသီရေရှားမှုအခက်အခဲမရှိစေရေး ဆောင်ရွက်

**ဘားအံ မတ် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် အောက်ရေပူကျေးရွာအုပ်စု ကိုသက်ဝေကျေးရွာတွင် နွေရာသီရေရှားပါးမှုအခက်အခဲမရှိစေရေးအတွက် အဝီစိတွင်းနက်နှင့် မိုးရာသီကာလတွင် သွားလာရေးအဆင်ပြေစေရေး တာပေါင်ကျေးရွာနှင့် ကဒီကံကျေးရွာကို ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းတို့ ပြီးစီးသွားပြီး အဆိုပါလမ်းပေါ်ရှိ လပိုချောင်းကူးတံတားကို ယခုလမတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အပါအဝင် ဘားအံခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ခွင့်ပြုရန်ပုံငွေများဖြင့် ရေရှားပါးသောကျေးရွာများအား တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းနှင့် ရေလှောင်ကန်များ၊ ကတ္တရာလမ်း၊ မြေသားလမ်း၊ တံတား ၂၁ စင်း၊ ရေပွန် ၃၂ စင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ အောက်ရေပူ ကျေးရွာအုပ်စု ကိုသက်ဝေကျေးရွာတွင် နွေရာသီရေရှားမှု အခက်အခဲမရှိစေရေးအတွက် တစ်နာရီလျှင် ဂါလန် ၁၃၀၀ ထွက်ရှိနိုင်သော အနက် ၁၅၀ ပေရှိ အဝီစိတွင်းနက်တစ်တွင်း၊ ရေစက်ရုံ၊ ရေဂါလန် ၁၀၀၀ ဆံ့နှင့် ဂါလန် ၂၀၀၀ ဆံ့ ရေသိုလှောင်ကန်တစ်လုံးဆီတို့ကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး ဖွင့်လှစ်



**ရန်ကုန် မတ် ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏(၆၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးအား အကြီးစား ပြန်လည်မွမ်းမံပြင်ဆင်၍ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးသိန်းဦးတို့က မတ် ၁ ရက်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ဒီကနေ့ဟာ မြန်မာ့အာမခံလုပ်ငန်းကို စတင်တည်ထောင်တဲ့ ၁၉၅၂ ခုနှစ်မတ် ၁ ရက်မှစပြီး (၆၅)နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်ပါတယ်။ (၆၅)နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ဒီရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဒီရုံးဖွင့်လှစ်လိုက်ခြင်းဖြင့် အများပြည်သူတွေ မြို့ထဲရုံးကိုလာရင် ယာဉ်ကြောကျပ်တည်းမှုတွေရှိတယ်။ သွားလာရေးခက်ခဲတယ်။ ခရိုင်ရုံးထဲမှာ သက်တမ်းတိုးမယ့် မော်တော်ယာဉ်ပိုင်ရှင်တွေအတွက် ကညန လိုင်စင်ဝင်ရင်းနဲ့ တစ်ခါတည်း သက်တမ်းတိုးလို့ရအောင် ဒီရုံးကို ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်"ဟု မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါရုံးတွင် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ရုံးချုပ်သို့သွားစရာမလိုတော့ဘဲ သူတစ်ပါးထိခိုက်မှုအာမခံ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ရန်ကုန်မြောက်ပိုင်းခရိုင်(ထောက်ကြန့်)ရုံးတွင်လည်း လွန်ခဲ့သောနှစ်နှစ်မှစပြီး ကနဦးမော်တော်ယာဉ်များကို ပရီမီယံကြေးကောက်ခံပေးနေရာမှ ယနေ့မှ စတင်ကာ မြောက်ပိုင်းခရိုင်အတွင်းရှိ ယာဉ်ပိုင်ရှင်များမော်တော်ယာဉ်သက်တမ်းတိုး ပရီမီယံကြေးကောက်ခံခြင်းကိုဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ မော်တော်ယာဉ် သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းတို့ကို ကညနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာယနေ့အထိ တစ်နိုင်ငံလုံးတွင်မြန်မာ့အာမခံရုံးခွဲပေါင်း ၄၀ ရှိပြီဖြစ်ကြောင်း ကညနနှင့် တွဲဖက်ဖွင့်လှစ်ထားသော အာမခံ ရုံး ၁၂ ရုံးရှိကြောင်း သိရသည်။

ပြည်သူများသွားလာမှု အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့မှစတင်ကာ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စက်မှုဇုန် (၃) ကညနဝင်းရှိ မြန်မာ့အာမခံလုပ်ငန်း ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးနှင့် ထောက်ကြန့်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးတို့တွင် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံလက်ခံခြင်းများကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# သူတစ်ပါးထိခိုက်မှု အာမခံကြေးပေးအပ်

**စစ်ကိုင်း မတ် ၃**

ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးသွားရသူ၏ ကျန်ရစ်သူဇနီးဖြစ်သူအား မြန်မာ့အာမခံလုပ်ငန်း စစ်ကိုင်းခရိုင်ရုံးမှ သူတစ်ပါးထိခိုက်နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီနောက်ဆုံးပတ်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းက အာမခံ ထားရှိခြင်းအကျိုးကျေးဇူးအကြောင်း ပြောကြားသည်။

ထို့နောက် ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးသွားသူ ဦးဝင်းကို(၅၅နှစ်) မြင်းမူမြို့နေသူ၏ ဇနီးဖြစ်သူ ဒေါ်ခင်စောကြူအား လျော်ကြေးငွေကျပ် ၁၀ သိန်းကို ခရိုင်မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံဒေါ်နီလာလွင်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပြသ

**ရန်ကုန် မတ် ၃**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် မြို့မစခန်းနယ်မြေအတွင်းရှိ တောင်သူစုရပ်ကွက် အမှတ်(၉၆)ခြေလျင်တပ်ရင်းရှေ့တွင် ဖေဖော်ဝါရီလနောက်ဆုံးပတ်က မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့မစခန်းမှူး ဒုရဲမှူးမြင့်ဌေးတို့ဦးစီး၍ တောင်သူစုရပ်ကွက် အမှတ်(၉၆)ခြေလျင်တပ်ရင်းရှေ့တွင် မြို့မစခန်းမှူးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းလမ်းများ၊ မြို့မစခန်းနယ်ထိန်းခေါင်းဆောင် ရဲအုပ် ဇော်မျိုးလွင်က မူးယစ်ဆေးဝါးအန္တရာယ်၊ အမှတ်(၇၈)ယာဉ်ထိန်းတပ်ဖွဲ့မှူးမှ ရဲတပ်ကြပ်ကြီး စောထွန်းဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာလိုက်နာရမည့်အချက်များကို ပြည်သူတို့အား အသိပညာပေးဆောင်ရွက်ခဲ့ကာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူတို့ကို လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၁၆၄)**

# ရေကြည်မြို့နယ် အောက်အင်းချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်မှု အချိန်မီပြီးစီးရေးဆောင်ရွက်

**ပုသိမ် မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစတင့်ဝေသည် ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည့် ရေကြည်မြို့နယ် အောက်အင်းချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ အောက်အင်း- ဖန်ခါးကုန်းမြေသားလမ်းဖောက်လုပ်ခြင်း၊ ကျောင်းကုန်းမြို့ ခြောက်အိမ်တန်းကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အောက်အင်းချောင်းကူးတံတားသည် အရှည် ပေ ၂၂၀ ရှိကာ ဘိုးပိုင်၊ သံကူကွန်ကရစ်တိုင်၊ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ပြီး ခွင့်ပြုငွေကျပ်သန်း ၂၂၀ ဖြင့် လည်းကောင်း၊ အောက်အင်းဖန်ခါးကုန်းမြေသားလမ်းမှာ အရှည် ခြောက်မိုင်၊ အမြင့်ခြောက်ပေ၊ အကျယ် ၁၈ ပေဖြစ်ပြီး ခွင့်ပြုငွေကျပ် ၂၂၄ ဒသမ ၁၆ သန်းဖြင့် လည်းကောင်း၊ တွင်းနက်တူးဖော်ခြင်းမှာ လေးလက်မ အနက်ပေ ၆၀၀ ၊ ရေစင်မော်တာစက်အပါအဝင် ခွင့်ပြုငွေကျပ်သန်း ၂၀ ဖြင့် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့် ( ပြန် / ဆက် )**



# တရုတ်ငွေဈေးမြင့်တက်နေမှုကြောင့် သရက်သီးစိုက်တောင်သူများအကျိုးဖြစ်ထွန်းနိုင်

**မန္တလေး မတ် ၃**

သရက်သီးရာသီတွင် ရာသီဥတု သင့်တင့်မှုကြောင့် အထွက်နှုန်းကောင်းမွန်မှုနှင့်အတူ တရုတ်ယွမ်ဈေးမြင့်တက်၍ ယခုနှစ် သရက်သီးစိုက်တောင်သူများ အကျိုးဖြစ်ထွန်းလာ နိုင်ကြောင်း သရက်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဝင်တစ်ဦး ကပြောသည်။

မြန်မာ့သရက်သီးသည် တရုတ်နိုင်ငံ ဈေးကွက်ကိုလွှမ်းမိုးထားနိုင်ပြီး ယခုနှစ်တွင်ခြံပြတ်ဝယ်ယူသူများမှ ယမန်နှစ်က ငွေကျပ်သိန်း ၄၀ ပေးသည့်ခြံကို ယခုနှစ်တွင် ငွေကျပ် ၄၇ သိန်းထိပေး၍ စတင်ဝယ်ယူမှုများရှိနေကြောင်း သရက်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဝင် ဦးနေလင်းမောင်မောင် ကပြောသည်။



"ဒီနှစ်သရက်သီးဈေးက မနှစ်က ရာသီအကုန် အမြင့်ဆုံးဈေးနဲ့ ပြန်စနိုင်တယ်။ ယွမ်ငွေဈေးကလည်း တက်နေတယ်။ ရာသီဥတုကလည်း ကောင်းနေတော့ သရက်သီးအထွက်လည်း စောနိုင်တယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ၏ သရက်သီးထွက်ရာသီမှာ နှစ်စဉ်ပုံမှန်အားဖြင့် ဧပြီလမှ ဇူလိုင်လအထိ လှိုင်လှိုင်ပေါ်ပြီး စိန်တစ်လုံး သရက်မှာဧပြီနှင့် မေနှစ်လ ထိသာ လှိုင်လှိုင်ပေါ်၍ လူကြိုက်များကာ ဈေးကောင်းရသည့် သရက်မျိုးဖြစ်သည်။

ယမန်နှစ်ကသရက်သီး ၁၅ ကီလိုတစ်ဖာကို တရုတ်ယွမ် ၁၇၀ ဈေးအမြင့်ဆုံးရရှိခဲ့ပြီး ယခုနှစ်တွင် ယင်းထက်ပိုမိုရရှိနိုင်ကြောင်း ခန့်မှန်းထားပြီး တရုတ်ဈေးကွက်သို့ ရွှေဟသာ်၊ စိန်တစ်လုံး ၊ သရက်သီးများသာမက မစောရင်၊ ရင်ကွဲ၊ အောင်ဒင်၊ ငွေဟ်သာ၊ သုံးလုံးတစ်ထောင်သရက်သီးမျိုးများလည်း ဝယ်ယူမှုရှိနေကြောင်းသိရှိရသည်။

**မင်းထက်အောင်( မန်းကိုယ်ပွား)**

# အချုပ်ကျနေသူများအား စာအုပ်များငှားရမ်းပေးလျက်ရှိ

**မဘိမ်း မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမင်းနှင့် ဝန်ထမ်းများ မတ် ၁ ရက်က မြို့မရဲစခန်းအတွင်း အကြောင်း အမျိုးမျိုးကြောင့် အမှုရင်ဆိုင်အချုပ်ကျနေသူများအား အမှုရင်ဆိုင်နေစဉ်ကာလအတွင်း စာပေဗဟုသုတများကို လေ့လာဖတ်ရှုခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာမိုဘိုင်းငှားစနစ်ဖြင့် စာအုပ်စာစောင်များကို အပတ်စဉ်သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အချုပ်သားများဖတ်ရှုလို၍ ဆန္ဒပြုတောင်းဆိုသောစာအုပ်စာစောင်များကို ရှာဖွေပေးကာ အဟောင်းပြန်အပ်အသစ်လဲလှယ်ပေးစနစ်ဖြင့် အပတ်စဉ်ငှားရမ်းပေးခြင်းဖြစ်ပြီး အချုပ်ကျခံနေရသူများအတွက် သုတ၊ ရသ၊ ရုပ်ပြစာအုပ် ၅၀ ကို ငှားရမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ

**နေပြည်တော် မတ် ၃**

နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးကြီးတွင် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သောကြောင့် မီးဘေးကြိုတင်ကာကွယ်ရေးအနေဖြင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်းကို မတ် ၁ ရက်က ကျင်းပရာ ပျဉ်းမနားမြို့ အမှတ်(၂) မီးသတ်စခန်းမှူး ဦးဆန်းတင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပြီး ဈေးအတွင်းလျှပ်စစ်သုံးစွဲနေသည့် ဈေးဆိုင်ခန်းများသို့ လျှပ်စစ်အန္တရာယ်ကာကွယ်ရေး စည်းကမ်းချက်များနှင့် လိုက်နာရမည့်အချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

